ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ၁၈ ရက် တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ တနင်္ဂနွေနေ့ (9-3-2014) (၇၇၇၉)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ထူးခြားသည့် နေ့အပူချိန်

အောင်လံ
၃၉ ဒီဂရီစင်တီဂရိတ်

မြန်မာ့ပင်လယ်ပြင် အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

မိမိတို့၏သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို လက်ရှိအချိန်တွင် အကျိုးရှိရှိအသုံးပြုကြရန်လိုအပ် သားစဉ်မြေးဆက်သို့ ကောင်းမွန်သန့်ရှင်းသည့်ပတ်ဝန်းကျင်အမွေကောင်းများ လက်ဆင့်ကမ်းပေးနိုင်ရန် အထူးတာဝန်ရှိ

နေပြည်တော် မတ် ၈

သဘာဝသယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများအား လျှော့ချရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။(အောက်ပုံ)

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ သက်ဆိုင်ရာဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် လူသားများအပါအဝင် သက်ရှိအားလုံးသည် မိမိတို့၏ ဘဝရှင်သန်ရပ်တည်ရေးအတွက် သဘာဝပတ်ဝန်းကျင်က ပေးအပ်ထားသည့် သယံဇာတအရင်းအမြစ်များနှင့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် မှီခိုအားထားနေကြရကြောင်း၊ ရှေးယခင်က စားဝတ်နေရေး လိုအပ်ချက်အတွက်သာ သဘာဝသယံဇာတများကို ထုတ်ယူအသုံးပြုခဲ့ကြသော်လည်း ယခုအခါ လူဦးရေတိုးပွားလာမှုနှင့် လူမှုစီးပွားဘဝ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် မတ် ၈

ယနေ့ ညနေ ၃ နာရီ ၅၂ မိနစ် ၁၄ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၆၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သပိတ်ကျင်းမြို့၏ အရှေ့မြောက်ဘက် ၅ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်(ခ်ျ)တာစကေး ၄ ဒသမ ၀ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ် မြို့နယ်လေးမြို့နယ်နှင့် သာကေတ၊ ဒေါပုံ၊ သီလဝါသောက်သုံးရေပေးဝေနိုင်ရေးစီမံကိန်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်

ရန်ကုန် မတ် ၈

ရန်ကုန်တိုင်းဒေသကြီးအတွင်းဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)စသည့် မြို့နယ်များနှင့် ဒေါပုံမြို့နယ်၊ သာကေတမြို့နယ်၊သီလဝါစက်မှုဇုန်ဒေသများသို့ နေ့စဉ် သောက်သုံးရေပေးဝေနိုင်ရေး စီမံကိန်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသတင်းများအရ သိရသည်။အဆိုပါမြို့နယ်ဒေသများသို့ နေ့စဉ်သောက်သုံးရေပေးဝေနိုင်ရေးအတွက် လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းကို၂၀၁၃ ခုနှစ် မေလမှ စတင်အကောင်အထည်ဖော်လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၂ သို့ ○

ယုဇနဥယျာဉ်မြို့တော်သို့ သောက်သုံးရေပေးဝေနိုင်ရေး ရေပို့ပိုက်ဆက်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေစဉ်။

ကြေးမုံ စာတည်းရှုထောင့် ၉-၃-၂၀၁၄ (တနင်္ဂနွေနေ့)

မြေယာအခွင့်အလမ်း

"မူလက လယ်ယာမြေအသုံးချခဲ့ကြပြီး ဆုံးရှုံးသွားကြသူများအတွက်လည်းကောင်း၊ မူလကပင် လုပ်ကိုင်စားသောက်စရာ လယ်ယာမြေမရှိသူမြေမဲ့၊ ယာမဲ့များအတွက်လည်းကောင်း မိမိတို့ဒေသအတွင်း လုပ်ကိုင်စားစရာ လယ်ယာမြေသစ်များ ဖော်ထုတ်ပေးခြင်း၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းများ ဆောင်ရွက်ပေးရန်လိုကြောင်း" ကို မတ် ၇ ရက်က ပြုလုပ်သော မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ပြောကြားခဲ့ပေသည်။

လက်ရှိကာလတွင် နိုင်ငံအတွင်း အချို့နယ်မြေဒေသများ၌ ဆိုင်ရာအဖွဲ့အစည်းများက လုပ်ထုံးလုပ်နည်းအတိုင်း မြေယာသိမ်းဆည်းပေးခြင်း၊ လုပ်ထုံးလုပ်နည်းအတိုင်း မြေယာပြန်လည်ပေးအပ်ခြင်းတို့ကို ရုံးလုပ်ငန်းစဉ်အရ ဆောင်ရွက်ပေးလျက်ရှိသော်လည်း လက်တွေ့တွင် မြေသိမ်းဆည်းထားသော ဌာနများနှင့် အဖွဲ့အစည်းများကတစ်ဖက် မြေသိမ်းဆည်းခံရသည့်ပြည်သူများကတစ်ဖက် ထိပ်တိုက်တွေ့ကြုံ ဖြေရှင်းနေကြရသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီက နိုင်ငံတော်နှင့်အများပြည်သူအတွက် အကျိုးမဲ့ဖြစ်နေသည့် သိမ်းဆည်းမြေများကို ဆိုင်ရာသိမ်းဆည်းထားသည့်ဌာနနှင့် အဖွဲ့အစည်းများက ပြန်လည်စွန့်လွှတ်စေပြီး မူလမြေအသုံးချပိုင်ခွင့်ရှိသူများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစိစစ်လွှဲပြောင်းပေးရန်၊ ဥပဒေနှင့်အညီ လွှဲပြောင်းရယူထားပြီး လက်တွေ့တွင်လည်း နိုင်ငံတော်နှင့် အများပြည်သူ အကျိုးငှာ အမှန်တကယ်ထိရောက်စွာအသုံးပြုနေသည့် မြေများကို ဆိုင်ရာဌာနများမှ စွန့်လွှတ်ခြင်းမပြုဘဲ လုပ်ငန်းဆောင်တာများ ဆက်လက်လုပ်ဆောင်ရန်အချက်များကို နိုင်ငံတော်က လုပ်ငန်းလမ်းညွှန်ချမှတ်ပေးထားပေသည်။

နိုင်ငံတော်အနေဖြင့် လက်ရှိကျင့်သုံးလျက်ရှိသော စနစ်အရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြေယာဥပဒေနှင့်အညီ နိုင်ငံတော်နှင့်ပြည်သူလူထုအကျိုးစီးပွားကို မျှတစွာကြည့်ရှုလေ့လာသုံးသပ်ပြီး အမှန်တကယ်လုပ်ဆောင်ရမည့်အချက်များကို အဆင့်ဆင့်သော မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများအား လုပ်ငန်းတာဝန်များနှင့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ပေးပြီး မြေယာပြဿနာများ ပြေလည်ရေးအတွက် အလေးထားဆောင်ရွက်ပေးနေသည်ကို တွေ့ရပါသည်။

မြေယာပြဿနာများကို ဖြေရှင်းဆောင်ရွက်ရာတွင် လုပ်ငန်းများ မှန်ကန်မြန်ဆန်စွာဆောင်ရွက်နိုင်ရန်အတွက် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။ မြေပြင်တွင် အဆိုပါရုံးများ၌ လုပ်ငန်းများ အမှန်တကယ်ထိရောက်စွာ ဆောင်ရွက်နေစေရန်အတွက် ဒေသဆိုင်ရာအစိုးရအဖွဲ့များက အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးရန် လမ်းညွှန်မှုလည်းပေးထားရာ မြေအသုံးချပိုင်ခွင့် ပြန်လည်တောင်းဆိုထားသော ပြည်သူများ အဆင်ပြေလိမ့်မည်ဟု မျှော်လင့်ပါသည်။

ပြန်လည်စွန့်လွှတ်မြေများအား မြေအသုံးချခွင့်တောင်းခံသူများ လက်ဝယ်သို့ အမြန်ပြန်လည်ရောက်ရှိရေးဆောင်ရွက်ပေးရာတွင် အသုံးချခွင့်ရှိကြောင်း စာရွက်စာတမ်း သက်သေခံအထောက်အထားခိုင်လုံစွာ ပြသနိုင်သူများကို ယာယီပြန်လည်လွှဲပြောင်းပေးပြီး အမည်ပေါက်ရရှိရေးအတွက်လည်း တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်းသတ်မှတ်ဆောင်ရွက်ပေးသည့်အပြင် အထောက်အထားမပြနိုင်လျှင်လည်း အများကြည်ညိုလေးစားသည့် ရပ်မိရပ်ဖများ၏ ထောက်ခံချက်များ အထင်အရှားပြနိုင်ပါက ယာယီပြန်လည်လွှဲပြောင်းပေးမည်ဟု စီစဉ်ထားရာ ပြည်သူများအကျိုးစီးပွားအတွက် အလေးထားဆောင်ရွက်ပေးနေသည်မှာ ထင်ရှားပါသည်။ ထို့အပြင် နိုင်ငံတော်အကျိုးအတွက် မစွန့်လွှတ်နိုင်သည့် မြေများအတွက်လည်း နစ်နာကြေးများ၊ လျော်ကြေးများကို သက်ဆိုင်သူများသို့ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ပေးနေသည်ကိုလည်း ကြားသိရပါသည်။

သို့ဖြစ်ရာ မြေယာပြဿနာများကို နိုင်ငံတော်က ဖြေရှင်းဆောင်ရွက်ပေးနေခြင်းသည် မူလလယ်ယာမြေအသုံးချခဲ့ကြသူများ နစ်နာဆုံးရှုံးမှုမရှိအောင် စေတနာရှေ့ထားဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အပြင် မူလလူနေမှုဘဝပုံစံမပျက် ဖွံ့ဖြိုးတိုးတက်လာသည့် ကျေးလက်ဒေသများဖြစ်အောင် အသွင်သစ်အမြင်သစ်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းလည်းဖြစ်ပါသည်။ ထို့အပြင် လယ်မဲ့၊ ယာမဲ့၊ အလုပ်အကိုင်အခွင့်အလမ်းမဲ့သူ ကျေးလက်နေပြည်သူများ တည်ငြိမ်အေးချမ်းသည့် ဘဝများသို့ရောက်အောင် ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြစ်၍ သက်ဆိုင်သူများအားလုံးက ပြည်သူလူထုနှင့် လက်တွဲကာ လူထုလိုအပ်ချက်များကို စောင့်ကြည့်ဖြေရှင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းအပ်ပါသည်။ ။

ကုန်စည်သယ်ယူပို့ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး

နေပြည်တော် မတ် ၈

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကဏ္ဍနှင့် ဆက်စပ်လျက်ရှိသော ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ Ministry of Land Infrastructure, Transport and Tourism (MUT)၏ စီစဉ်မှုဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ Japan International Transport Institute (JITI)တို့ ပူးတွဲ၍ ကုန်စည်သယ်ယူပို့ဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ(The Seminar for Promoting River Transport in Myanmar) ကို မတ် ၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်က အမှာစကားပြောကြားရာတွင် နိုင်ငံအဝှမ်းတိုးမြှင့်လာသည့် ကုန်စည်သယ်ယူပို့ဆောင်မှုများကို နိုင်နင်းစွာ သယ်ယူပို့ဆောင်နိုင်ရန်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်နှင့် လုံခြုံ၍ ထိရောက်စွာ သယ်ယူပို့ဆောင်ပေးနိုင်ရေးတို့တွင် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးသည် အဓိကကျသောကဏ္ဍဖြစ်သည့်အတွက် စနစ်တကျ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်၏ သယ်ယူပို့ဆောင်ရေးကဏ္ဍ ရေရှည်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာအသုံးချနိုင်ရေး၊ နိုင်ငံအဝှမ်းပို့ဆောင်ရေးကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ဆောင်ရေးနည်းလမ်းအားလုံးပါဝင်သည့် Master Plan ရေးဆွဲရေးလုပ်ငန်းစဉ်များတွင် ဦးဆောင်ဝန်ကြီးဌာနအဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုကျင်းပသည့် ဆွေးနွေးပွဲသည် အနာဂတ်ရည်မှန်းချက်များကို အကောင်အထည်ဖော်သည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံ Ministry of Land, Infrastructure, Transport and Tourism (MUT) ၏ ဖိတ်ကြားချက်အရ ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်း မြန်မာ-ဂျပန် နှစ်နိုင်ငံပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန်အတွက် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ပြီး ရေကြောင်းပို့ဆောင်ရေး (သီလဝါဆိပ်ကမ်းအပါအဝင်)၊ လေကြောင်းပို့ဆောင်ရေး၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် မိုးလေဝသဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းစဉ်များနှင့် ဆက်စပ်သည့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ စီမံခန့်ခွဲရေးနှင့် လုပ်ငန်းဆောင်ရွက်ရေး၊ ရေကြောင်းပို့ဆောင်ရေး၊ လေကြောင်းပို့ဆောင်ရေး၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် မိုးလေဝသဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများတွင် နည်းပညာအသုံးချမှုတိုးမြှင့်ရေး၊ နှစ်ဖက်စလုံးမှ လက်တွဲပူးပေါင်း ဆောင်ရွက်ရန် ဆုံးဖြတ်ထားသည့် ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရေးအတွက် အခြားနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။

(သတင်းစဉ်)

ကျေးလက်မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်

ဟင်္သာတ မတ် ၈

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်တွင် မြို့နယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးသော လေးမျက်နှာ-ပန်းတောကြီးလမ်း အရှည် ခုနစ်မိုင်မြေသားလမ်းကို ယခုအခါ ကျောက်ချောလမ်းအဖြစ် အရှည်တစ်မိုင်လမ်းအဆင့်မြှင့်တင်ခြင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလမ်းသည် ပုသိမ်-မုံရွာလမ်းနှင့် လေးမျက်နှာမြို့နယ်ကို ဆက်သွယ်ပေးသည့်အားထားရမည့် ဖြတ်လမ်းတစ်ခုဖြစ်ရာ လေးမျက်နှာမြို့နယ်၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့အတွက် ပြည်သူများအားထားရမည့် လမ်းဖြစ်ကြောင်း သိရသည်။

(ခရိုင်ကျေးလက်)

Y.E.S. Since 1994
International English Language Centre
Basic Spoken English
Pre-Intermediate English
Grammar Foundation Course
Vocabulary Enrichment Course
Structure & Written Expression
Basic Writing Course
IELTS, SAT, AWC, AP1, TOEFL, IE
No.190, 2nd Flr, 28th St (Upper), Pabedan Tsp. ☎ 243950

High Princess Travels & Tours
April 12 247,000
April 12 247,000
April 13 200,000
April 13 175,000

☆ **ရှေ့ဖုံးမှ**

လိုအင်များ မြင့်မားလာမှုတို့ကြောင့် သဘာဝသယံဇာတ ထုတ်ယူသုံးစွဲမှုများ ပမာဏကြီးမားလာခဲ့ပါကြောင်း၊ သဘာဝသယံဇာတများကို ဂေဟစနစ် ထိခိုက်စေသည့် နည်းလမ်းများဖြင့် မတန်တဆထုတ်ယူပြီး လူ့အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်နေမှုသည် သယံဇာတကုန်ခန်းခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထာဝရ ပျက်စီးစေခြင်းဆီသို့ ဦးတည်လျက်ရှိသည်ဟု ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်(UNEP)က ၂၀၁၃ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ကျွန်ုပ်တို့၏ ကမ္ဘာမြေ စာတမ်းတွင် ဖော်ပြထားပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ရှေးနှစ်ပေါင်းများစွာ ကတည်းကပင် မြေပေါ်မြေအောက် သယံဇာတများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအလွန်တရာ နည်းပါးလှသည့် မိရိုးဖလာနည်းလမ်းများဖြင့် ထုတ်ယူသုံးစွဲခဲ့ပါကြောင်း၊ သို့ရာတွင် ယခုအခါ အခြားနိုင်ငံများကဲ့သို့ပင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များအရ ခေတ်မီစက်ယန္တရားနှင့် နည်းစနစ်များကို အသုံးပြုလာခဲ့ကြပါကြောင်း။

ဒေသစီးပွားဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးကိုရည်စူးလျက် သတ္တုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သစ်တောကဏ္ဍ၊ မွေး/ရေကဏ္ဍစသည့် ကဏ္ဍအလိုက်တွင်ရှိသော သဘာဝပတ်ဝန်းကျင် ထိခိုက်စေမည့် သယံဇာတထုတ်လုပ်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ သဘောထားမှတ်ချက်ရယူပြီး စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း၊ ထုတ်လုပ်နိုင်သည့် ကျွမ်းကျင်မှုနည်းပညာ၊ ငွေကြေးအရင်းအနှီးပေါ်မူတည်ပြီး စီးပွားဖြစ်ချုပ်ဆိုခွင့်ပြုခြင်း၊ လက်လုပ်လက်စားခွင့်ပြုခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ခွင့်ပြုရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်ရန်နှင့် မလွှဲမရှောင်သာ ထိခိုက်မှုများကို ပြန်လည်ကုစားပေးရန် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်းကမ်းချက်များသတ်မှတ်ပေးခဲ့ပါကြောင်း။

ရွှေနှင့်အခြား ဓာတ်သတ္တုအမျိုးမျိုး တူးဖော်ထုတ်လုပ်ခွင့်နှင့်ပတ်သက်၍ ဓာတ်သတ္တုထုတ်ယူမည့် မြေစီမံခန့်ခွဲမှုအပေါ်မူတည်ပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ သဘောထားမှတ်ချက်များရယူပြီး သတ္တုတွင်းဝန်ကြီးဌာနက စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း။

ရွှေနှင့်အခြားဓာတ်သတ္တုအမျိုးမျိုး တူးဖော်ခွင့်ရရှိသူအများစုမှာ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိကြဘဲ တူးဖော်ထုတ်လုပ်ရာမှာ မူလခွင့်ပြုချက်တွင်မပါရှိသော စက်ယန္တရားကြီးများ အသုံးပြုလာကြသကဲ့သို့ ရွှေထွက်ရှိရာဒေသများ၏ မြစ်ရိုးတစ်လျှောက်တွင်စည်းမဲ့ကမ်းမဲ့တူးဖော်မှု၊ တရားမဝင် တူးဖော်မှုများလုပ်ကိုင်လာကြသည်ကို တွေ့ရှိလာရပါကြောင်း၊ အလားတူပင် ရေနံလက်ယက်တွင်းများ တူးဖော်ရေးနှင့်ပတ်သက်၍လည်း လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်ပြီး ချမှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုကြသည့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသူများကိုလည်း ရေနံလက်ယက်တွင်းတိမ်များ တူးဖော်ထုတ်လုပ်ခွင့်ပြုမိန့်အား သက်ဆိုင်ရာ မြေအသုံးချခွင့် စီမံဆောင်ရွက်သည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အစည်းများ၏ သဘောထားရယူပြီး စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပေးလျက်ရှိပါကြောင်း။

သို့ရာတွင် တရားမဝင် ရေနံလက်ယက်တွင်းများ တူးဖော်မှုများကိုလည်း တွေ့ရှိနေရသကဲ့သို့ ခွင့်ပြုထားသည့် လုပ်ငန်းများမှလည်း စနစ်တကျတူးဖော်လုပ်ကိုင်ဆောင်ရွက်မှုမပြုကြသည်ကို တွေ့ရှိနေရပါကြောင်း။

၎င်းကဲ့သို့ သတ်မှတ်စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း မရှိသည့်အတွက် သစ်တောသစ်ပင်များ ပျက်စီးခြင်း၊ မြေဆီလွှာပျက်စီးခြင်း၊ ရေအရည်အသွေးနိမ့်ကျပျက်စီးခြင်း၊ ဓာတုပစ္စည်းပါဝင်မှု ပိုမိုများပြားလာခြင်း၊ လေထုညစ်ညမ်းစေခြင်း၊ မြစ်ချောင်းများအတွင်းသို့ သဲ၊ နုန်း ပို့ချမှုကြောင့် ရေကြောင်းသွားလာရေးထိခိုက်ခြင်း၊ သဘာဝတောတွင်းတိရစ္ဆာန်များနှင့် မြစ်ချောင်းများအတွင်း ရေနေသတ္တဝါမျိုးစိတ်များပျက်သုဉ်းခြင်း စသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများအား မြန်မာနိုင်ငံအနှံ့အပြားတွင် ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါကြောင်း၊ တစ်ဆက်တည်းမှာပင် ဒေသခံ ပြည်သူများ၏ လူမှုဘဝများအပေါ် ထိခိုက်နစ်နာမှုများလည်း ကြုံတွေ့လာရပါကြောင်း။

ထိခိုက်နစ်နာမှုများနှင့်ပတ်သက်၍ ပြည်တွင်း ပြည်ပ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများ၊ မီဒီယာများက ဝေဖန်ထောက်ပြမှုများကို ဖြေရှင်းဆောင်ရွက်ပေးနေရသည်ကိုလည်း အားလုံးအသိပင်ဖြစ်ပါကြောင်း၊ စက်မှုလုပ်ငန်းများတည်ထောင်ခြင်း၊ ရွှေနှင့် အခြားဓာတ်သတ္တုအမျိုးမျိုး တူးဖော်ထုတ်လုပ်ခြင်းတို့ကို ပြည်နယ်/တိုင်းဒေသကြီးများ၏ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုတိုးတက်ရရှိရေးအတွက် စိစစ်ခွင့်ပြုပေးလျက်ရှိရာ လုပ်ငန်းဆောင်ရွက်ကြသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများကပါ သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထားလိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

စီးပွားရေးနယ်ပယ်နှင့် လူမှုရေးနယ်ပယ်အကြား မျှတစွာ အကျိုးခံစားရမှု၊ စီးပွားရေးနယ်ပယ်နှင့် သဘာဝပတ်ဝန်းကျင်နယ်ပယ်အကြား တွက်ခြေကိုက်မှု၊ သဘာဝပတ်ဝန်းကျင်နယ်ပယ်နှင့် လူမှုရေးနယ်ပယ်အကြား ခံနိုင်ရည်ရှိမှုတို့ဖြင့် ပြည့်စုံမှသာ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မှာဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလိုအပ်ချက်ကို ဟန်ချက်ညီညီ ထိန်းညှိဆောင်ရွက်ပေးသွားရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများနှင့် ပရဟိတလူမှုအဖွဲ့ အစည်းများပါဝင်လာအောင် စည်းရုံးဆောင်ရွက်သွားရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သော ဥပဒေများကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ခြင်းတို့ကို အလေးထားဆောင်ရွက်ရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင်း၊စက်မှုလက်မှုလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့်ဥပဒေများကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလိုအပ်ချက်များနှင့်အညီ ကိုက်ညီအောင် ပြင်ဆင်ရန်ဟူ၍ မူဝါဒချမှတ်ပေးခဲ့ပါကြောင်း။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း အတိအလင်းပြဋ္ဌာန်းထားပါကြောင်း၊ "ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာမှာ ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်မှုကို ပဓာနကျသော ရည်မှန်းချက်အဖြစ် ထာဝစဉ်ထားရှိရမည်"ဟုလည်း မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ(၁၉၉၄) တွင် ဖော်ပြထားပါကြောင်း၊ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျ ပေါင်းစပ်သွားနိုင်ရန် မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ၂၁ ရာစုအစီအစဉ် (Myanmar Agenda 21)ကိုလည်း ၁၉၉၇ ခုနှစ်တွင် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါကြောင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နိုင်ရန် သစ်တောရေးရာဝန်ကြီးဌာနအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား ဥပဒေနှင့်အညီ စနစ်တကျစီမံခန့်ခွဲဆောင်ရွက်နိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကိုလည်း ၂၀၁၂ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့မှ သဘောတူခွင့်ပြုထားပြီးဖြစ်သည့်အတွက် မကြာမီထုတ်ပြန်သွားနိုင်မည် ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းမှာ ကဏ္ဍပေါင်းစုံနှင့် ဆက်စပ်နေပြီး သက်ဆိုင်သည့်လုပ်ငန်း ကဏ္ဍများအားလုံးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအကဲများပါဝင်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဖွဲ့စည်းပေးထားပြီးဖြစ်ပါကြောင်း။

မိမိတို့ အမှီသဟဲပြုနေကြရသည့် သဘာဝပတ်ဝန်းကျင်နှင့် ယင်းသဘာဝပတ်ဝန်းကျင်၏ ဂေဟစနစ်ဝန်ဆောင်မှုများမှာ မိမိတို့၏ဘိုးဘွားများမှ အမွေကောင်းအဖြစ် လက်ဆင့်ကမ်းပေးသွားကြသဖြင့်သာ မိမိတို့အနေဖြင့် ယနေ့အချိန်အခါမှာ အကျိုးရှိရှိ အသုံးပြုခံစားနေနိုင်ကြခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် မိမိတို့၏သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို အခုလက်ရှိအချိန်တွင် အကျိုးရှိရှိအသုံးပြုကြရန်လိုအပ်သကဲ့သို့ မိမိတို့၏ သားစဉ်မြေးဆက်ထံသို့ ကောင်းမွန်သန့်ရှင်းသည့် မြေ၊ ရေ၊ လေ၊ စားနပ်ရိက္ခာ၊ တောတောင်များ ဆက်လက်ဖန်တီးပေးမည့် သဘာဝပတ်ဝန်းကျင်အမွေကောင်းများကို လက်ဆင့်ကမ်းပေးနိုင်ရန် အထူးတာဝန်ရှိပါကြောင်း။

သယံဇာတပစ္စည်းများ ဥပဒေမဲ့ တရားမဝင် ထုတ်လုပ်နေမှုများကို ရှာဖွေဖော်ထုတ်အရေးယူသွားရန် လိုအပ်သလို တရားဝင်ခွင့်ပြုထားသည့်လုပ်ငန်းများကိုလည်း သတ်မှတ်စည်းကမ်းချက်များအား လိုက်နာစေရေးစောင့်ကြည့်၊ ကြပ်မတ်အရေးယူသွားရမှာဖြစ်ပါကြောင်း၊ ထိရောက်ပြီး အလုံးစုံလွှမ်းခြုံနိုင်သော သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ် (Comprehensive Environmental Management System) လိုအပ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်အရည်အသွေးထိန်းသိမ်းရေး၊ ရေရှည်ဖွံ့ဖြိုးမှု၊ ကျန်းမာရေးကာကွယ်မှု၊ ဘေးအန္တရာယ်လျှော့ချမှု၊ ညစ်ညမ်းမှုတားဆီးရေး ရည်မှန်းချက်များချမှတ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိစိတ်ဖြင့် လိုက်နာစေခြင်း၊ ဈေးကွက်အခြေခံမက်လုံးများဖြင့် စည်းရုံးခြင်း၊ ဥပဒေစည်းမျဉ်းများဖြင့် ထိန်းကျောင်းခြင်းစသည့် စီမံခန့်ခွဲရေးချဉ်းကပ်မှုများဖြင့် အကောင်အထည်ဖော်သွားရန် ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုများအား ထိရောက်စွာ ကာကွယ်ပေးနိုင်မည့် ဥပဒေများဖြစ်အောင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်ရန် လိုအပ်သလို ဥပဒေအာဏာစက်သက်ရောက်အောင်လည်း ကြပ်မတ်အရေးယူရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းပြီး အထက်တွင် ဖော်ပြခဲ့သည့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုစနစ်အတိုင်း လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရွှေနှင့် အခြားဓာတ်သတ္တုတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအခြေအနေ၊ ထိခိုက်ပျက်စီးမှုလျှော့ချရေး အကောင်အထည်ဖော်လုပ်ဆောင်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဒုတိယသမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်

အကြံပြုချက်နှင့် ဥပဒေကြမ်းများ ဖိတ်ခေါ်ခြင်း

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ မတ်လ ၈ ရက်

၁။ နိုင်ငံတော်သမ္မတရုံးက ၇-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၉/၂၀၁၄ ဖြင့် ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေနှင့် လူဦးရေတိုးပွားနှုန်းထိန်းညှိရေးဆိုင်ရာ ဥပဒေများရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေကြမ်းများရေးဆွဲရန် ဥပဒေကြမ်းရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၂။ အဆိုပါ ဥပဒေကြမ်းများကို ပြည့်စုံစွာရေးဆွဲနိုင်ရေးအတွက် ရဟန်းရှင်လူပြည်သူများ ပေးပို့သော အကြံပြုချက်များနှင့် ဥပဒေကြမ်းများကို ဥပဒေကြမ်းရေးဆွဲရေးကော်မရှင်အနေဖြင့် လက်ခံရယူလိုပါသည်။ ဥပဒေကြမ်းရေးသားပြုစုနေစဉ် ဘာသာရပ်ကျွမ်းကျင်သည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကိုလည်း လိုအပ်သလိုဖိတ်ခေါ်၍ အကြံဉာဏ်များရယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေနှင့် လူဦးရေတိုးပွားနှုန်းထိန်းညှိရေးဆိုင်ရာ ဥပဒေကြမ်းများ ရေးဆွဲနိုင်ရေးအတွက် အကြံပြုချက်များနှင့် ဥပဒေကြမ်းများကို ၃၀-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့)ရက်နေ့မတိုင်မီ "ဦးဝင်းမြင့်(ဒုတိယညွှန်ကြားရေးမှူးချုပ်) အတွင်းရေးမှူး၊ ဥပဒေကြမ်းရေးဆွဲရေးကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ရုံးအမှတ် ၂၅၊ နေပြည်တော်"ထံ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၆၇-၄၀၄၁၀၆ သို့ဖြစ်စေ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

အတွင်းရေးမှူး
ဥပဒေကြမ်းရေးဆွဲရေးကော်မရှင်

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
ACCA (UK)
Paper F1~F9 Dip IFR

ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်းပြည်နယ်များ မိုးခေါင် ဝန်ကြီးချုပ်ယင်လတ်ရှင်နာဝါထရာ ကွင်းဆင်းစစ်ဆေး

ဗန်ကောက် မတ် ၈

ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်းပြည်နယ်များ၌ ဖြစ်ပေါ်လျက်ရှိသော မိုးခေါင်မှုအခြေအနေကို မျက်မြင်ကိုယ်တွေ့ သုံးသပ်လေ့လာနိုင်ရန် ဝန်ကြီးချုပ် ယင်လတ်ရှင်နာဝါထရာသည် ယင်းပြည်နယ်များသို့ သွားရောက်လျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ထိုင်းနိုင်ငံရှိ ခွန်ကန့်၊ ဆာခွန်နခွန်နှင့် ပူခါဒန်စသည့် ပြည်နယ်များသည် မိုးခေါင်မှုဒဏ်ကို ဆိုးဆိုးရွားရွား တွေ့ကြုံခံစားနေကြရသည်။ ဝန်ကြီးချုပ် ယင်လတ်သည် နိုင်ငံအရှေ့မြောက်ပိုင်းပြည်နယ် ၁၃ ခုမှ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံခဲ့ပြီး မိုးခေါင်မှု၏ အကျိုးသက်ရောက်မှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ပြည်နယ် ၁၈ ခုကို မိုးခေါင်မှုဘေးဒဏ် တွေ့ကြုံခံစားနေရသော ဒေသများအဖြစ် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

မိုးခေါင်မှုဖြစ်ပေါ်နေသော ဒေသများ၌ ရေရရှိရေးပြဿနာများ ဆိုးရွားမလာစေရန် အစိုးရအဖွဲ့က စီမံချက်များချမှတ်ကာ ဆောင်ရွက်စေလျက်ရှိသည်။ ရေကိုခွဲတမ်းစနစ်ဖြင့် သုံးစွဲရန်၊ နွေစပါးစိုက်ပျိုးမှုရပ်ဆိုင်းထားရန် အစိုးရက ညွှန်ကြားခဲ့သည်။

ခွန်ကန့်ပြည်နယ်တွင် ရေပြတ်လပ်လျက်ရှိပြီး ဆည်ရေနှင့်မြစ်ရေ ခန်းခြောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ မြို့တော် ဗန်ကောက်၌ ကျောက်ဖရားမြစ်အတွင်း ရေနည်းပါးနေပြီး ပင်လယ်ဘက်မှ ဆားငန်ရေ စီးဝင်မှုကြောင့် ရေထုတ်လုပ်မှု ထိခိုက်ရကြောင်း၊ မြို့တော်သူမြို့တော်သားများ ရေစုဆောင်းထားရှိရန် မြို့တော် ရေပေးဝေရေးဌာနက နှိုးဆော်ထားကြောင်း သတင်းတွင် ဖော်ပြသည်။

ရိုက်တာ။

မိုးခေါင်မှုဘေးဒဏ်ကို ထိုင်းတောင်သူလယ်သမားများ တွေ့ကြုံခံစားကြရသည်။

အိမ်ကရုဏ်းနှိမ်နင်းရေးရဲတပ်ဖွဲ့၌ ပါလက်စတိုင်း အမျိုးသမီးများပါဝင်လာ

ဂျယ်ရီကို မတ် ၈

ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းဒေသ၏ အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့၌ အမှုထမ်းရွက်ရန် ပါလက်စတိုင်းအမျိုးသမီးများကို လက်ခံပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့အထက်တန်း တာဝန်ရှိသူတစ်ဦးက မတ် ၈ ရက်တွင် ပြောကြားသည်။

အနောက်ဘက်ကမ်း ဂျယ်ရီကိုမြို့ရှိ ရဲတပ်ဖွဲ့သင်တန်းကျောင်း၌ ရဲမေသစ်များအတွက် လေ့ကျင့် သင်တန်းပေးလျက်ရှိကြောင်း အနောက်ဘက်ကမ်းရဲတပ်ဖွဲ့မှ ရဲမှူးကြီး ရာမာဒန်အောဝပ်က ပြောကြားသည်။

အနောက်ဘက်ကမ်းရဲတပ်ဖွဲ့ဌာနချုပ်အောက်တွင် အမျိုးသမီးများ ချည်းသာပါဝင်သာ အဓိကရုဏ်းနှိမ်နင်းရေးရဲတပ်ဖွဲ့ ယူနစ်တစ်ခုကို ထူထောင်မည်ဖြစ်သည့်အတွက်ရဲမေများကို လက်ခံခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အသစ်ဖွဲ့စည်းမည့် အဓိကရုဏ်းနှိမ်နင်းရေး အမျိုးသမီးရဲတပ်ဖွဲ့ယူနစ်တွင် တပ်ဖွဲ့ဝင် ၂၂၀ ပါဝင်မည်ဖြစ်ပြီး အနောက်ဘက်ကမ်းဒေသတစ်ဝန်း၌ ဖြန့်ကြက်သွားမည်ဖြစ်သည်။

ပီတီအိုင်။

ယူကရိန်းအရေး မော်စကိုအပေါ် အရေးယူခြင်းသည် ဝါရှင်တန်ကို ပြန်လည်ထိခိုက်မည်ဟု ရုရှားသတိပေး

မော်စကို မတ် ၈

ယူကရိန်းပြဿနာအပေါ် မော်စကို၏ တုံ့ပြန်ဆောင်ရွက်မှုအား အမေရိကန်ပြည်ထောင်စုက မည်သည့်နည်းလမ်းဖြင့် အရေးယူသည်ဖြစ်စေ၊ ယင်းသို့ အရေးယူမှုသည် ဝါရှင်တန်ကိုပင် ပြန်လည်ထိခိုက်စေမည်ဖြစ်ကြောင်း ရုရှားနိုင်ငံက သောကြာနေ့တွင် အမေရိကန်ပြည်ထောင်စုကို သတိပေးခဲ့ကြောင်း ဖောက်(စ်)နျူးသတင်းဌာနက စနေနေ့တွင် ပြောကြားခဲ့သည်။

ယင်းသို့သတိပေးချိန်တွင် ရှေ့မတိုး နောက်မဆုတ်သာဖြစ်နေသော သံတမန်လမ်းကြောင်းအား ဖြေရှင်းနိုင်သည့် နည်းလမ်းများကို အမေရိကန် တာဝန်ရှိသူများက ဆက်လက်လေ့လာလျက်ရှိသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် တယ်လီဖုန်းဆက်သွယ်ပြောကြားစဉ် ရုရှားနိုင်ငံခြားရေးဝန်ကြီးက အမေရိကန်၏ အရေးယူမှုသည် ရလဒ်ပြောင်းပြန်ထွက်ပေါ်လာနိုင်ကြောင်း မော်စကိုနှင့် ဝါရှင်တန် ဆက်ဆံရေးကို ထိခိုက်နိုင်ခြင်းအား လေးလေးနက်နက် မစဉ်းစားဘဲနှင့် အလျင်စလို မလုပ်ဆောင်ရန် သတိပေးခဲ့သည်။

အမေရိကန်နှင့် ဥရောပသမဂ္ဂ(အီးယူ)၏ အရေးယူခြင်းသည် ယခုအချိန်တွင် တိုးတက်မှုနှေးကွေးနေသော ရုရှားစီးပွားရေးကို ထိခိုက်စေမည်ဖြစ်သည်။ သို့သော် ရုရှားကလည်း အမေရိကန်နှင့် အခြားနိုင်ငံများ၏ ငွေကြေးများကို ထိန်းချုပ်ခြင်း သို့မဟုတ် စွမ်းအင်အတွက် မော်စကိုအပေါ် မှီခိုနေရသော ဥရောပနိုင်ငံများသို့ သဘာဝဓာတ်ငွေ့များ ထောက်ပံ့ခြင်းအား ဖြတ်တောက်လိုက်ခြင်းတို့ဖြင့် လက်တုံ့ပြန်နိုင်သည်။

သောကြာနေ့၌ထုတ်ပြန်သော ရုရှားနိုင်ငံ၏ အခြားကြေညာချက်တွင် မော်စကိုအပေါ် အရေးယူခြင်းဖြင့် ပြဿနာ၏အဖြေကိုမရနိုင်ကြောင်း အီးယူနှင့် အီးယူအဖွဲ့ဝင်နိုင်ငံများ၏ အကျိုးစီးပွားကိုထိခိုက်နိုင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက အီးယူကိုသတိပေးခဲ့သည်။ **ဖောက်(စ်)နျူး။**

ကင်ညာ သမ္မတနှင့် အစိုးရအဖွဲ့ လစာ လျှော့ယူကြမည်

နိုင်ရိုဘီ မတ် ၈

ကင်ညာသမ္မတ အူဟူရူကင်းယက်တာက အစိုးရ၏ လစာငွေစရိတ်များကိုလျှော့ချရာတွင် အထောက်အကူဖြစ် စေရန်အတွက် ၎င်းနှင့် ၎င်း၏အစိုးရအဖွဲ့က လစာငွေများလျှော့ယူကြမည်ဖြစ်ကြောင်း သောကြာနေ့တွင် ကြေညာခဲ့သည်ဟု ဘီဘီစီကဖော်ပြသည်။

၎င်းနှင့် ၎င်း၏ဒုသမ္မတဝီလီယံရူတိုတို့သည် လစာ ၂၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ အခြားဝန်ကြီးများက လစာ၏ ၁၀ ရာခိုင်နှုန်းကိုလည်းကောင်း လျှော့ယူကြမည်ဟု ကင်းယက်တာက ပြောကြားသည်။

နိုင်ငံခြားခရီးစဉ်များကိုလည်း ကုန်ကျစရိတ်များသဖြင့် အနည်းဆုံးဖြစ်စေမည်ဟုဆိုသည်။

အာဖရိကတွင် လစာငွေအမြင့်ဆုံး ရရှိကြသူများတွင်ပါဝင်သည့် ကင်ညာလွှတ်တော်အမတ်များကိုလည်း လစာလျှော့ယူကြပါရန် သမ္မတကတိုက်တွန်းလိုက်သည်။

ကင်ညာနိုင်ငံတွင် အလွန့်အလွန်ဆတ်ဆတ်ထိမခံသော ပြဿနာများတွင် နိုင်ငံရေးသမားများ၏ လစာငွေပြဿနာလည်း ပါဝင်သည်ဟု သတင်းများက ဆိုသည်။

အစိုးရသည်လစာငွေစာရင်း၌ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံနီးပါးသုံးစွဲ၍ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံမျှသာသုံးစွဲကြောင်း သမ္မတကပြောသည်။

ကင်းယက်တာသည် ၎င်းသမ္မတအဖြစ် တာဝန်ယူချိန်မှစ၍ တစ်နှစ်တာကာလအတွင်း တိုးတက်မှုကိုပြန်လည်သုံးသပ်သော အစိုးရအဖွဲ့ အစည်းဝေးအပြီးတွင် မိန့်ခွန်းပြောကြားရာ၌ ယင်းသို့ထည့်သွင်းပြောကြားသွားခြင်းဖြစ်သည်။ **ဘီဘီစီ။**

လစာငွေ လျှော့ယူကြမည့် ကင်ညာသမ္မတနှင့် ဒုတိယသမ္မတတို့အား တွေ့ရစဉ်။

မလေးရှား ခရီးသည်တင်လေယာဉ်တစ်စင်း တောင်တရုတ်ပင်လယ်အတွင်းသို့ ပျက်ကျဖွယ်

ပျောက်ဆုံးနေသော လေယာဉ်ပေါ် လိုက်ပါလာသူများ၏ ဆွေမျိုးသားချင်းများ သောကပွေလျက်ရှိကြစဉ်။

ကွာလာလမ်ပူ မတ် ၈

မလေးရှားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ခရီးသည် ၂၂၇ ဦးနှင့် လေယာဉ်အမှုထမ်း ၁၂ ဦးကို တင်ဆောင်လျက် မလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူလေဆိပ်မှထွက်ခွာသွားပြီးနောက် လေကြောင်းထိန်းသိမ်းရေးစခန်းနှင့် အဆက်အသွယ်ပြတ်တောက်ကာ ပျောက်ဆုံးလျက်ရှိကြောင်း၊ယင်းလေယာဉ်သည် တောင်တရုတ်ပင်လယ်အတွင်းသို့ ပျက်ကျသည်ဟုယူဆရကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

မတ် ၈ ရက် နံနက်စောစောပိုင်းက ဘိုးရင်း ၇၇၇-၂၀၀ အမျိုးအစား ခရီးသည်တင်လေယာဉ်သည် ကွာလာလမ်ပူလေဆိပ်မှ ဒေသစံတော်ချိန် ၀၀း၄၀ နာရီတွင် ထွက်ခွာသွားခဲ့သည်။ ထိုနေ့နံနက် ၆ နာရီခွဲတွင် တရုတ်နိုင်ငံပေကျင်းမြို့ရှိ လေဆိပ်သို့ ဆိုက်ရောက်ရန်ဖြစ်သော်လည်း ပျောက်ဆုံးခဲ့သည်။

ပျောက်ဆုံးနေသောလေယာဉ်ကို ရှာဖွေနိုင်ရန် တောင်တရုတ်ပင်လယ်သို့ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးရေယာဉ်နှစ်စင်းကို တရုတ်နိုင်ငံက စေလွှတ်လိုက်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါခရီးသည်တင်လေယာဉ်၏ ကံကြမ္မာနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယီကပြောကြားသည်။ ဗီယက်နမ်နိုင်ငံ ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်တွင် ပျောက်ဆုံးသွားသော လေယာဉ်ပေါ်ပါရှိသည့်ခရီးသည်များ၏ ဆွေမျိုးသားချင်းများသည် မြို့တော်ပေကျင်းနိုင်ငံတကာလေဆိပ်၏ ဆိုက်ရောက်ခန်းမဆောင်အမှတ်-၃၌စုဝေးရောက်ရှိနေပြီး သောကဗျာပါဒဖြင့် မျှော်လင့်စောင့်စားလျက်ရှိကြသည်။ **ဆင်ဟွာ။**

တနင်္သာရီတိုင်းဒေသကြီး၌ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ ရှင်းလင်း

နေပြည်တော် မတ် ၈

တနင်္သာရီတိုင်းဒေသကြီး၌ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ ရှင်းလင်းပွဲကို မတ် ၇ရက် နံနက် ၉ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားရာတွင် သန်းခေါင်စာရင်းကောက်ယူရခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲချမှတ်နိုင်ရန် တိကျမှန်ကန်သည့် လူဦးရေကိန်းဂဏန်း အချက်အလက်များရရှိနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို (၁၀)နှစ်လျှင် တစ်ကြိမ်ကောက်ယူကြပါကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို ယခုနှစ် ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ၁၂ ရက်ကြာကောက်ယူမည် ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်ကို နိုင်ငံတော်အစိုးရသစ်စတင်တာဝန်ယူပြီး ၂၀၁၁ ခုနှစ် မေလမှ စတင်ကာ စီမံချက်ရေးဆွဲဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် (၃)နှစ်နီးပါး ကြာမြင့်ပြီဖြစ်ပြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရန် ရက်ပိုင်းမျှသာ လိုတော့ပါကြောင်း၊ သန်းခေါင်စာရင်းကို သန်းခေါင်စာရင်းရည်ညွှန်းချိန်ဖြစ်သည့် ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက် ညသန်းခေါင်ယံတွင် မြန်မာနိုင်ငံအတွင်းရှိနေသူအားလုံးကို ကောက်ယူမည်ဖြစ်ပါကြောင်း၊ အရေးအကြီးဆုံးမှာ သန်းခေါင်စာရင်းမေးခွန်းများကို ပြည်သူများက မှန်မှန်ကန်ကန်ဖြေကြားကြရန်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်း၏ အနှစ်သာရမှာ မေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားခြင်းပင်ဖြစ်ပါကြောင်း၊ သို့မှသာ ယင်းကိန်းဂဏန်းအချက်အလက်များအပေါ် အခြေခံ၍ မှန်ကန်သည့် ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရေးအတွက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် နီးကပ်စွာ ပူပေါင်းဆောင်ရွက်၍ သန်းခေါင်စာရင်းဆိုင်ရာ နိုင်ငံတကာနည်းပညာအကြံပေးအဖွဲ့နှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ရာတွင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားနှင့် ဆင်ခြင်တုံတရားတို့ဖြင့် ချင့်ချိန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းသည် လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုအတွက်မဟုတ်ဘဲ ပြည်သူအားလုံးအကျိုးအတွက် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် သန်းခေါင်စာရင်းလုပ်ငန်းစဉ်အား အမျိုးသားရေး တာဝန်အဖြစ်ခံယူကာ သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ဝိုင်းဝန်းကူညီကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက သန်းခေါင်စာရင်းဆိုင်ရာ လုပ်ငန်းတာဝန် ပေးအပ်လွှာများကို ခရိုင်နှင့်မြို့နယ် အုပ်ချုပ်ရေးမှူးများထံ ပေးအပ်သည်။

ထို့နောက် တက်ရောက်လာကြသူများက သန်းခေါင်စာရင်းဆိုင်ရာ သိရှိလိုသည်များ၊ မရှင်းလင်းသည် များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

အခမ်းအနားသို့ တက်ရောက်လာသည့် KNU ကရင်အမျိုးသားအစည်းအရုံး မြိတ်-ထားဝယ်ဒေသ အုပ်ချုပ်ရေးအဖွဲ့မှ စောဖီးဒိုက ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအား ၎င်းတို့၏ အဖွဲ့အစည်းအတွင်း ရှင်းလင်းချပြမည်ဖြစ်ကြောင်းနှင့် ယင်းလုပ်ငန်းစဉ်အောင်မြင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နည်းပညာသတင်း

(ALEZ)

iPhone နှင့် တွဲဖက် အသုံးပြုနိုင်သည့် ဝိုင်ပြုလုပ်စက်

The Miracle Machine လုပ်ငန်းမှ iPhone နှင့်တွဲဖက်၍ ရိုးရှင်းလွယ်ကူစွာအသုံးပြုနိုင်သည့် ဝိုင်ပြုလုပ်သည့် စက်တစ်မျိုးကို နည်းပညာသတင်းစာမျက်နှာများတွင် မိတ်ဆက်ပြသပေးခဲ့သည်။ အဆိုပါ ဝိုင်ပြုလုပ်စက်ကို iPhone Application ဖြင့် ချိတ်ဆက်ကာ ဝိုင် အစစ်ပုံစံမျိုးဖြင့် ပြုလုပ်ရရှိနိုင်ပြီး ဝိုင်ပြုလုပ်သည့် နည်းပညာကိုပါ ထည့်သွင်းပေးထားကြောင်း သိရသည်။ အဆိုပါ ဝိုင်ပြုလုပ်စက်အတွင်းပိုင်းတွင် ဖျော်ရည်ဖျော်စက်များကဲ့သို့ မွှေရန်အတွက် Mixer နှင့် အလွန်ပါးလျပြီး ကြံ့ခိုင်သော Micro Filter ထည့်သွင်းတပ်ဆင်ထားသည်ဟု သိရသည်။ အဆိုပါ ဝိုင်ချက်စက်၏အောက်ဘက်ပိုင်းတွင် လျှပ်စစ်မော်တာတစ်လုံးတပ်ဆင်ထားပြီး အီလက်ထရွန်နစ်အပူ၊အအေးပေးကိရိယာ၊ ဘက်ထရီစနစ်၊ ကွန်ပျူတာမှတ်ဉာဏ်စနစ်၊ ကြိုးမဲ့ချိတ်ဆက်မှု စနစ်များလည်း ပါဝင်သည်ဟု သိရသည်။ စက်၏ အရွယ်အစားမှာလည်း ဖျော်ရည်ဖျော်စက်တစ်လုံးခန့်သာရှိသောကြောင့် သယ်ဆောင်ရလွယ်ကူပြီး ဇီဝနည်းပညာပေါင်းစပ်မှုစနစ်များလည်း ထည့်သွင်းပေးထားသည်ဟု နည်းပညာသတင်းစာမျက်နှာများတွင်တွေ့ရှိရသည်။ ၎င်းဝိုင်ချက်စက်ရှိရုံဖြင့် ဝိုင်များသိုလှောင်ရန်မြေအောက်ခန်းနှင့် ဝက်သစ်ချစည်များရရှိရန် ခက်ခဲသော နေရာများတွင် အလွယ်တကူကိုယ်တိုင်မြန်ဆန်စွာ ဝိုင်ပြုလုပ်ပြီး သောက်သုံးနိုင်ရန် ရည်ရွယ်ဖန်တီးထားသည်ဟု အဆိုပါလုပ်ငန်းမှ အမှုဆောင်အရာရှိချုပ် Kevin Boyer က နည်းပညာသတင်းစာမျက်နှာများ၏ ရုပ်သံမှတ်တမ်းများတွင်ပြောကြားထားသည်။ဥရောပနှင့် အမေရိကရှိ ဝိုင်နှစ်ခြိုက်သူပရိသတ်များ၏ မှာယူမှုအချို့လည်းရှိနေပြီး ထပ်မံ၍ပုံစံနှင့်အရောင်ဒီဇိုင်းကွဲပြားသော ဝိုင်ပြုလုပ်စက်များထုတ်လုပ်သွားရန်လည်းရှိသည်ဟု သိရသည်။ အဆိုပါဝိုင်ပြုလုပ်စက်၏တန်ဖိုးကိုအမေရိကန်ဒေါ်လာ၄၉၉ ဒေါ်လာ သတ်မှတ်ထားသည်ဟု သိရသည်။

နေ့စဉ်စားအုန်းဆီဈေးမြင့်တက် ဆီလုပ်ငန်းရှင်တို့အကျိုးအမြတ်များ

ရန်ကုန် မတ် ၈

မတ် ၇ ရက်တွင် မလေးရှားစားအုန်းဆီ FOB တစ်တန်ဈေးနှုန်း ၉၆၀ ဒေါ်လာ၊ ပြည်ပပို့ကုန်ရငွေငွေလဲနှုန်း ၉၇၁ ကျပ်နှုန်းဖြင့်ဆိပ်ကမ်းရောက် တစ်ပိဿာ အရင်းဈေး ၁၇၄၁ ကျပ်နှုန်းရှိပြီး ပြည်တွင်းရန်ကုန်ဈေးကွက် လက်ကားရောင်းဈေး တစ်ပိဿာ ၁၇၂၅ ကျပ်၊ မတ် ၈ ရက်တွင် ၁၇၃၅ ကျပ်နှုန်းသို့ဈေးမြင့်လာရာ ပြည်ပမှစားအုန်းဆီ တင်သွင်းသူ ပြည်တွင်းလုပ်ငန်းရှင်များ၊ ဆီလက်ဝယ်ရှိနေသူများ ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်အတွင်း အကျိုးအမြတ် အများဆုံးရရှိလာသည်ဟု ဆီလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကဆိုသည်။

ယခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် FOB တစ်တန်ဈေးနှုန်း ၈၅၅ ဒေါ်လာ၊ တစ်ပိဿာ ဆိပ်ကမ်းရောက် အရင်းဈေး ၁၅၈၁ ကျပ်ရှိပြီး ရန်ကုန်ဈေးကွက်လက်ကားလက်ငင်း တစ်ပိဿာ ရောင်းဈေးမှာ ၁၅၇၅ ကျပ်သာရှိကြောင်း၊ မတ် ၁ ရက်တွင် ပြည်တွင်းရောင်းဈေး ၁၆၉၅ ကျပ်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၈ ရက်တွင် တစ်တန် ၉၂၅ ဒေါ်လာ၊ တစ်ပိဿာဆိပ်ကမ်းရောက် အရင်းဈေး ၁၆၉၆ ကျပ်ရှိကာ လက်ငင်းရန်ကုန်ဈေးကွက်တွင် လက်ကားရောင်းဈေးမှာ ၁၆၇၅ ကျပ်သာရှိကြောင်း၊ တစ်ပတ်အတွင်း FOB ဈေးနှုန်းတစ်တန် ၃၅ ဒေါ်လာ၊ ပြည်တွင်း ရောင်းဈေး တစ်ပိဿာ ကျပ် ၄၀ ဈေးတက်လာကြောင်း သိရသည်။

ဇန်နဝါရီမှဖေဖော်ဝါရီလဆန်းထိ FOB တစ်တန် ၈၅၀ ဒေါ်လာဝန်းကျင်သာရှိကြောင်း၊ ဆိပ်ကမ်းရောက် တစ်ပိဿာ အရင်းဈေး ၁၅၅၀ ကျပ်ဝန်းကျင်ရှိခဲ့ကြောင်း၊ ပူပြင်းသောရာသီဥတုကြောင့် ဆီအုန်းပင်များမှ စားသုံးဆီ ထွက်နှုန်းလျော့ကျခြင်း၊ ဇီဝဒီဇယ်အတွက်ဝယ်ယူခြင်းတို့ကြောင့် ဖေဖော်ဝါရီလလယ်မှစ၍ ဈေးနှုန်းမြင့်တက်လာခြင်း ဖြစ်ကြောင်း သိရသည်။

၂၀၁၂ ခုနှစ် မတ် ၈ ရက်တွင် ပြည်တွင်း စားအုန်းဆီရောင်းဈေး တစ်ပိဿာ လက်ကားဈေး ၁၇၄၅ ကျပ်၊ ၂၀၁၃ခုနှစ် မတ် ၈ ရက်တွင် ၁၃၉၇ ကျပ်နှုန်းရှိခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် စားအုန်းဆီဈေးနှုန်းသည် မတ် ၃၁ ရက်တွင် ၁၉၈၀ ကျပ်နှုန်း၊ ဧပြီ ၆ ရက်တွင် ၁၉၈၅ ကျပ်နှုန်းထိမြင့်ခဲ့ပြီး ဈေးပြန်ကျလာရာ ဒီဇင်ဘာ ၁၂ ရက်တွင် တစ်ပိဿာ ၁၂၇၅ ကျပ် နှုန်းသို့ ကျဆင်းခဲ့ကြောင်း ဈေးနှုန်းဟောင်းများအရ သိရသည်။

၂၀၁၃ ခုနှစ် အောက်တိုဘာ-လကုန်ထိ စားအုန်းဆီပြည်တွင်း တစ်ပိဿာရောင်းဈေးမှာ ၁၅၈၅ ကျပ်ထိသာ ဈေးမြင့်တက်ခဲ့ပြီး နိုဝင်ဘာလကုန်ပိုင်းတွင်သာ ကျပ် ၁၆၂၀ ထိဈေးမြင့် တက်ခဲ့ကြောင်း သိရသည်။

ပြည်တွင်းစားအုန်းဆီလက်ကားရောင်းဈေး ၂၀၁၂ ခုနှစ်တွင် တစ်ပိဿာ ၁၉၈၅ ကျပ်၊ ၂၀၁၃ ခုနှစ်တွင် ကျပ် ၁၆၂၀ ထိ ဈေးအမြင့်ဆုံးသို့ ရောက်ခဲ့ပြီး ယခုနှစ် မတ် ၈ ရက်ထိ ကာလတွင် ၁၇၃၅ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပြီး ယခုရက်ပိုင်းအတွင်း ဆီလုပ်ငန်းလုပ်ကိုင်သူများ အကျိုးအမြတ်များစွာ ရရှိကြောင်း ဆီရောင်းဝယ်သူများက ဆိုသည်။

(မောင်စေအောင်)

တားမြစ်ထားသည့် . . . အာဖရိကငါးခူမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း

စံလွင်(ငါးဦးစီး)

မတ် ၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှာ တိုင်းရင်းငါးမျိုးစိတ်များကိုပျက်စီးစေတဲ့ ရေချိုငါးမုတ် (Pacu-ပါကူး)ငါးမျိုးကို အခြားငါးမျိုးများနဲ့ ရောနှောမမွေးဘဲ ကန်ပေါင်မြင့်မြင့် ငါးကန်တွေမှာသာ သီးခြားမွေးမြူသင့်ကြောင်း သတင်းတစ်ပုဒ်ကို ဖတ်ရှုလိုက်ရပါတယ်။ ပါကူးငါးမျိုးရဲ့ သိပ္ပံအမည်က Piriactus branchypomum ဖြစ်ပြီး မူရင်းဒေသ တောင်အမေရိကငါးမျိုးစိတ်ဖြစ်ပါတယ်။ ခန္ဓာကိုယ်ပုံသဏ္ဌာန်က ပင်လယ်ငါးမျိုးဖြစ်တဲ့ ငါးမုတ်(Pomfret)နဲ့ ဆင်ဆင်တူတာရယ်၊ ရေချိုမှာကျက်စားတဲ့ငါးမျိုးဖြစ်တာရယ်ကြောင့် အလွယ်တကူ ရေချိုငါးမုတ်လို့လည်း ခေါ်ကြပါသေးတယ်။

ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ရေမြေသဘာဝနဲ့ကိုက်ညီပြီး ဈေးကောင်းရကာ ဈေးကွက်ရှိတဲ့ ပြည်ပ ငါးမျိုးစိတ်များကို တင်သွင်းလျက်ရှိရာ ပါကူးငါးမျိုးစိတ်ကို ၁၉၉၈ မှာ ထိုင်းနိုင်ငံမှတစ်ဆင့် တင်သွင်းခဲ့တာပါ။ ၂၀၀၀ ပြည့်နှစ်မှာ ငါးလုပ်ငန်းဦးစီးဌာန သားပေါက်စခန်းများကနေ ငါးမွေးမြူသူများထံ ပါကူးငါးသားပေါက်မျိုးများဖြန့်ဖြူးထုတ်လုပ်ပေးခဲ့ပါတယ်။

ပါကူးငါးမျိုးဟာ ပင်လယ်ငါးဖြစ်တဲ့ ငါးမုတ်လိုပဲ အရသာကောင်းမွန်ပါတယ်။ အသားပေါပြီး အရိုးနည်းလို့လည်း အိမ်ရှင်မများနှစ်သက်ကြပါတယ်။ ဆီပြန်(သို့)ကြော်နှပ်ပုံစံနဲ့ ဟင်းလျာချက်ပြုတ်ရာမှာ အရသာထူးကဲလှပါတယ်။ ပါကူးငါးရဲ့ပုံသဏ္ဌာန်ဟာ ဘေးနှစ်ဖက်ပြားပြီး ဝမ်းဘက်ပိုင်းမှာ လိမ္မော်နီရောင်ရှိလို့ အမြင်အားဖြင့်လည်း ဝယ်ချင်စဖွယ်ဆွဲဆောင်မှုရှိတယ်လို့ ဆိုနိုင်ပါတယ်။

ပါကူးငါးရဲ့အစားစားပုံ အလေ့အထက သက်ရှိသက်မဲ့နဲ့ အသီးအရွက်များပါမကျန်အစုံစားပါတယ်။ အစုံစားငါးမျိုး (Ominivorus Fish)ပါ။ ပါကူးဟာ အစုံစားနိုင်တဲ့အတွက် သဘာဝရေပြင်တွေမှာဆိုရင် သုံးပေအထက်ရှိပြီး ၁၅ ပိဿာလောက်အထိ ကြီးထွားနိုင်ပါတယ်။ ဒါကြောင့် မွေးမြူရေးကန်တွေကနေ သဘာဝရေပြင်များကို ရောက်ရှိသွားခဲ့ရင် အခြားငါးမျိုးစိတ်တွေကို အန္တရာယ်ပြုနိုင်တာမို့ မွေးမြူထုတ်လုပ်တဲ့ ငါးမွေးသူများအနေနဲ့ စနစ်ကျသောမွေးမြူရေးပုံစံများနဲ့ မွေးမြူထုတ်လုပ်ကြဖို့လိုအပ်လှပါတယ်။ ပါကူးငါးမျိုးစိတ်ကို ဈေးကွက်အရ ထိုင်းနိုင်ငံအပါအဝင် အခြားအိမ်နီးချင်းနိုင်ငံများမှာလည်း မွေးမြူထုတ်လုပ်နေကြပါတယ်။

ပါကူးငါးမျိုးလိုပဲ ငါးထုတ်လုပ်မှုကဏ္ဍမှာ ငါးမျိုးစိတ်အမယ်များ တိုးတက်စေဖို့တင်သွင်းခဲ့တဲ့ အခြားပြည်ပ ငါးမျိုးစိတ်တစ်မျိုးက အာဖရိကငါးခူ (African Catfish)ဖြစ်ပါတယ်။ မူရင်းဇာတိက အာဖရိကပဲဖြစ်ပါတယ်။ ၁၉၉၀ ပြည့်နှစ်လောက်မှာ ထိုင်းနိုင်ငံကတစ်ဆင့် ထိုင်းငါးခူမျိုးစိတ် (Clarias macrocephalus)နဲ့အတူ တင်သွင်းခဲ့ပါတယ်။ အာဖရိကငါးခူ တင်သွင်းရခြင်းရဲ့ ရည်ရွယ်ချက်က အာဖရိကငါးခူအထီးနဲ့ ထိုင်းငါးခူအမကို မျိုးစပ်မှာဖြစ်ပြီး မျိုးစပ်ငါးခူ (Hybrid)ထုတ်လုပ်ဖို့ပဲ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံရဲ့ နာမည်ကျော်ဟင်းလျာတစ်မျိုးဖြစ်တဲ့ ငါးခူမွကြော်ဟာ မျိုးစပ်ငါးခူကို စီမံချက်ပြုတ်ထားတဲ့ ဟင်းလျာပါ။

အာဖရိကငါးခူဟာ အကောင်ကြီးသော်လည်း အသားဖွယ်ပြီး အရသာပေါ့ပါတယ်။ ထိုင်းငါးခူ (Clarias macrocephalus)နဲ့ မြန်မာငါးခူ (Clarias batrachus) များကတော့ အကောင်သေးပေမယ့် အရသာက လေးပင်ပြီးချိုပါတယ်။ ဒါကြောင့် မျိုးစပ်ငါးခူကို ကြီးထွားနှုန်းကောင်းခြင်းနဲ့ အရသာကောင်းမွန်တဲ့ အရည်အသွေးတွေ ရရှိဖို့ စီမံထုတ်လုပ်တာဖြစ်ပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနစခန်းများကနေ ၁၉၉၂ ခုနှစ်ကစတင်ပြီး မျိုးစပ်ငါးခူမျိုးများကို ဖြန့်ဖြူးထုတ်လုပ်ပေးခဲ့ပါတယ်။

ဒါပေမယ့် လက်တွေ့အခြေအနေမှာတော့ ခုတ်ရာတခြား ရှရာတလွဲဆိုသလို မျိုးစပ်ငါးခူထုတ်လုပ်တဲ့ ပုဂ္ဂလိက လုပ်ငန်းရှင်အချို့ဟာ ထိုင်းငါးခူအမတွေကို အသုံးမပြုဘဲ အာဖရိကငါးခူအချင်းချင်းကိုသာ စည်းကမ်းဖောက်ဖျက်ပြီး သားဖောက်ဖြန့်ဖြူးရောင်းချနေကြတာကို ဝမ်းနည်းဖွယ်တွေ့ရှိရပါတယ်။ အာဖရိကငါးခူအချင်းချင်း သားဖောက်တာဟာ ထိုင်းငါးခူအမ၊ မြန်မာငါးခူအမတွေနဲ့



မျိုးစပ်သားဖောက်တာထက် ပိုမိုလွယ်ကူပြီး အကြမ်းခံတဲ့ သားပေါက်အရေအတွက်များများ ပိုရတာမှန်ပေမယ့် သဘာဝရေသယံဇာတတွေကို ဖျက်ဆီးတတ်တဲ့ ဓလေ့ရှိတာကြောင့် ငါးလုပ်ငန်းဦးစီးဌာနက ဥပဒေများ၊ တားမြစ်ချက်များထုတ်ပြန်ပြီး တားဆီးရတာ ဖြစ်ပါတယ်။

မျိုးစပ်ငါးခူကို ထုတ်လုပ်ရာမှာ ပုဂ္ဂလိကလုပ်ငန်းရှင်အချို့ဟာ ထိုင်းငါးခူအမတွေကို အသုံးမပြုတော့ဘဲ အလွယ်တကူရတဲ့ အာဖရိကငါးခူအမကိုသာ စည်းကမ်းဖောက်ဖျက်ပြီး အသုံးပြုတာကြောင့် အာဖရိကငါးခူမျိုးတွေကို မြန်မာ့ရေမြေတွေမှာ တွေ့ရှိလာရပါတယ်။ ဘေးမဲ့လွှတ်တဲ့ ကျောင်းကန်ဘုရားရေပြင်တွေမှာဆိုရင် နှုတ်ခမ်းမွေးတထောင်ထောင်နဲ့ သားစားကြူးတဲ့ မျိုးစပ်ငါးခူကြီးတွေကို အထင်အရှားတွေ့ရှိလာပါတယ်။

ခန္ဓာကိုယ်တည်ဆောက်ပုံအရ အာဖရိကငါးခူပါးစပ်ရဲ့အဝန်း (Circumfrence)ဟာ ခန္ဓာကိုယ်အရှည်ရဲ့ လေးပုံတစ်ပုံရှိပါတယ်။ ဥပမာပေးရရင် ကိုယ်အလျား ၃၀ စင်တီမီတာရှိတဲ့ အာဖရိကငါးခူတစ်ကောင်ရဲ့ ပါးစပ်အဝန်းဟာ ၇ ဒသမ ၅ စင်တီမီတာရှည်ပါတယ်။ ဒီလိုပါးစပ်ရဲ့ ဖွဲ့စည်းပုံအရ တွေ့သမျှ ရေသတ္တဝါအားလုံးကို ကြီးငယ်မရွေး ဝါးမျိုစားသောက်တတ်တဲ့ ဓလေ့အရ ပတ်ဝန်းကျင်ကို ဖျက်ဆီးတတ်တဲ့ငါးမျိုးလို့ သတ်မှတ်ရတာပါ။ တစ်နည်းဆိုရရင် ဒေသတွင်းမှာရှိတဲ့ သဘာဝရေသယံဇာတများကို ပျက်စီးစေသူ၊ ဖျက်ဆီးသူလို့လည်း ဆိုနိုင်ပါတယ်။

ဒါကြောင့် ငါးလုပ်ငန်းဦးစီးဌာနက အာဖရိကငါးခူများဟာ သဘာဝသယံဇာတများကို ပျက်စီးစေကြောင်း၊ ဒေသခံငါးမျိုးများကို ပြုန်းတီးစေကြောင်း စစ်ဆေးတွေ့ရှိရတဲ့အတွက် ငါးလုပ်ငန်းဦးစီးဌာနရဲ့ ခွင့်ပြုချက်မရဘဲ ပြည်တွင်းသို့ တင်သွင်းခွင့်မပြုကြောင်းနဲ့ ပြည်တွင်း၌လည်း အာဖရိကငါးခူများကို သားဖောက်ထုတ်လုပ်ခြင်း၊ မွေးမြူခြင်း၊ ပြန့်ပွားစေခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းစသည်တို့ကို မပြုလုပ်ရန် ငါးလုပ်ငန်းဦးစီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၀၁) ထုတ်ပြန်ပြီး တားမြစ်ထားတာဖြစ်ပါတယ်။ မည်သည့်ပုဂ္ဂလိက/ သမငါးသားပေါက်ထုတ်လုပ်သူ တစ်ဦးတစ်ယောက်ကိုမျှလည်း သားပေါက်ထုတ်လုပ်ခွင့်လိုင်စင်ထုတ်ပေးခြင်းမရှိပါဘူး။

အမိန့်ကြော်ငြာစာပါ သတိပေးတားမြစ်ချက်များကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရင်တော့ ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၁ အရ အရေးယူခြင်းခံရမှာဖြစ်ပြီး ပြစ်ဒဏ်အဖြစ်ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရမှာဖြစ်ပြီး သက်သေခံပစ္စည်းဖြစ်တဲ့ ငါးများနဲ့ငါးမွေးကန်များကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမှာ ဖြစ်ပါတယ်။

အာဖရိကငါးခူ၊ မြန်မာငါးခူ၊ ထိုင်းငါးခူမျိုးများကို ခွဲခြားရာမှာ ဦးခေါင်းပိုင်းနဲ့ ကိုယ်ထည်ပိုင်းကို ဆက်နေတဲ့ နေရာက မျဉ်းကွေး (Curve) ပုံသဏ္ဌာန်ကိုကြည့်ပြီး အလွယ်တကူ ခွဲခြားနိုင်ပါတယ်။ မျဉ်းကွေးက အက္ခရာထဲက ပစောက်ပုံဖြစ်နေရင် ထိုင်းငါးခူပါ။ကကြီးပုံဖြစ်နေရင် မြန်မာငါးခူပါ။ မျဉ်းကွေးက ကိုယ်ထည်ဘက်ကို ဆူးပုံချွန်ပြီး ထွက်နေရင်တော့ အာဖရိကငါးခူပဲဖြစ်ပါတယ်။

မျိုးစပ်ငါးခူများကို မွေးမြူလိုကြရင်တော့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာရှိတဲ့ ငါးလုပ်ငန်းဦးစီးဌာန ငါးသားဖောက်စခန်းများမှာသာ ဆက်သွယ်ဝယ်ယူနိုင်ကြပါကြောင်း အသိပေးရေးသားဖော်ပြအပ်ပါတယ်။ ။

လူဦးရေနှင့် သန်းခေါင်စာရင်း ခရိုင်အဆင့်နည်းပြသင်တန်းဖွင့်

နေပြည်တော်။ ။နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိခရိုင် ဇမ္ဗူသီရိမြို့နယ် အထက(၉)ကျောင်းခန်းမ၌ ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ခရိုင်အဆင့် နည်းပြသင်တန်းကို မတ် ၆ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ရာ ဒက္ခိဏခရိုင် သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အဖွင့်အမှာစကားပြောကြားပြီး နည်းပြခုနစ်ဦးနှင့်အတူ သင်တန်းသား သင်တန်းသူ ၈၇ ဦးတက်ရောက်ကြောင်း သိရသည်။

(ဦးကျော်-ပျဉ်းမနား)

မော်လိုက်။ ။၂၀၁၄ ခုနှစ် လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ခရိုင်အဆင့်နည်းပြသင်တန်းဖွင့်ပွဲကို မတ် ၆ ရက် နံနက် ၈ နာရီခွဲက မော်လိုက်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီအဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး လှဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီ အတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မော်လိုက်ခရိုင်မှူး ဦးရွှေထူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ခရိုင်အဆင့်နည်းပြသင်တန်းတွင် မော်လိုက်မြို့နယ်နှင့် ဖောင်းပြင်မြို့နယ်မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၄ ဦး တက်ရောက်ကြသည်။

(ခရိုင်ပြန်/ဆက်)

မအူပင်။ ။ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်တွင် ၂၀၁၄ ခုနှစ် မတ် ၃၀ရက်တွင် ဆောင်ရွက်မည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးအတွက် ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို မတ် ၆ရက် နံနက် ၉ နာရီက မအူပင်မြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်သန်းခေါင်စာရင်းကောက်ယူရေး ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်းက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမ ၁၂၆ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်ကြောင်း သိရသည်။

အောင်ခိုင်(ခရိုင်ပြန်/ဆက်)

နေပြည်တော်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးစိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက် ၇နာရီခွဲတွင် ဥတ္တရသီရိမြို့နယ်ရှိ စက်စက်ယိုဆည်ရေသောက် ပိန်းဥစိုက်ကွင်းရှိ ပိန်းဥများ တူးဖော်မှုလုပ်ငန်းခွင်နှင့် ပျိုးပင်များ မျိုးပွားနေခြင်းတို့ကို စစ်ဆေးပြီး ထိုင်းနိုင်ငံ Big M ကုမ္ပဏီမှ စိုက်ပျိုးရေးပညာရှင် Mr. Mongkol နှင့် ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ဆွေးနွေးကြသည်။

ဆက်လက်၍ ငလိုက်ဆည်ရေသောက် ဒက္ခိဏသီရိမြို့နယ်ရှိ ပိန်းစိုက်ကွင်းကြီးများ၊ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာအနီးရှိ ပိန်းစိုက်ခင်းကြီးများ၊ ပိန်းနှင့် ဂျုံးမြစ်စိုက်ကွင်းကြီးများ၊ ဂျပန်မူရင်းမျိုး ကန်စွန်းစိုက်ခင်းများ၊ ထိုင်းမူရင်းမျိုး ကညွတ်စိုက်ခင်းများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ဝေ့းတောက်ရိုးကျေးရွာနှင့် မန်ကျည်းကုန်းကျေးရွာများ၌ စက်ရေတွင်းများ တူးဖော်နေမှုနှင့် သောက်သုံးရေအုတ်ရေကန်များ တည်ဆောက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ရွာသူရွာသားများနှင့် တွေ့ဆုံသည်။

ယင်းနောက် ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းကျေးရွာ လမ်းများပျက်စီးနေမှုကို ကြည့်ရှုစစ်ဆေးပြီး နှစ်ရှည်ပင်နှင့် ရာသီသီးနှံပင် အရောင်းဆိုင်များရှိ ပိန္နဲ ကျွဲကော၊ လောင်ဂန်နှင့်နဂါးမောက်ပျိုးပင်များကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ထွက်ကုန်များ ယှဉ်ပြိုင်နိုင်ရေး အထူးဇောင်းပေးကြိုးစား

နေပြည်တော် မတ် ၈

Myanmar Marketing Forum 2014 အခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ပါမောက္ခ Philip Kotler၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ လုပ်ငန်းများတိုးတက်ရေးတွင် Marketing သည် အရေးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဈေးကွက်များပွင့်လာသည့်အတွက် လုပ်ငန်းများတိုးတက်လာပြီဖြစ်ပါကြောင်း၊ ယခင်ကထက် လုပ်သာကိုင်သာရှိသည့် စီးပွားရေးပတ်ဝန်းကျင် ပိုမိုကောင်းမွန်လာသလို ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှု ဖြေလျှော့မှုများ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ကုန်သွယ်မှုပညာပေးရေးတို့ စဉ်ဆက်မပြတ်ဆောင်ရွက်နေကြောင်း၊ မကြာမီ 2015 AEC ပေါ်ပေါက်လာတော့မည်ဖြစ်၍ သန်း ၆၀၀ ခန့်ရှိသည့် ဈေးကွက်ကြီးရှိလာတော့မည်ဖြစ်သည့်အတွက် မြန်မာ့ ထွက်ကုန်များ ယှဉ်ပြိုင်နိုင်ရေးကို အထူးဇောင်းပေးကြိုးစားရမှာဖြစ်ကြောင်း၊ မဟာဗျူဟာကျသည့်အတွက်တည် နေရာကြောင့်လည်း လူဦးရေသုံးဘီလီယံနီးပါးရှိသည့် အိမ်နီးချင်းဈေးကွက်ကြီးများသို့ ပိုမိုထုတ်လုပ်ရောင်းချနိုင်ရေး ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာသနာနုဂ္ဂဟဘွဲ့တံဆိပ်လက်ခံရယူမည့် လူပုဂ္ဂိုလ်များအတွက် ဖိတ်စာများထုတ်ယူနိုင်

နေပြည်တော် မတ် ၈

၁၃၇၅ ခုနှစ် တပေါင်းလပြည့်နေ့ [၂၀၁၄ ခုနှစ် မတ် ၁၅ ရက်(စနေနေ့)] တွင် ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် သာသနာနုဂ္ဂဟဘွဲ့တံဆိပ်လက်ခံရယူကြမည့် လူပုဂ္ဂိုလ်များအတွက် ဖိတ်စာများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာ(၂) အဆောင်(၃၅) အခန်း(၁)ရှိ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဦးစီးရေးရာဌာနခွဲမှ ဦးစီးအရာရှိ ဦးလှမော် ဖုန်း- ၀၉-၄၂၀၇၃၀၇၀၃ ထံတွင် မတ် ၁၂ ရက်မှစ၍ ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တယ်လီဖုန်းသုံးစွဲသူပြည်သူများသို့ အသိပေးကြေညာချက်

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ငှားရမ်းသုံးစွဲခဲ့သည့် တယ်လီဖုန်းများအနက် အချို့သော တယ်လီဖုန်းများသည် ယခင်နှစ် အဆက်ဆက်မှ ၂၈-၂-၂၀၁၄ နေ့အထိ တယ်လီဖုန်း ခေါ်ဆိုခကြွေးကျန်များ ပေးသွင်းရန်ကျန်ရှိနေကြောင်း တွေ့ရှိရပါသည်။

၂။ အဆိုပါတယ်လီဖုန်းခေါ်ဆိုခ ကြွေးကျန်များအား ၂၃-၃-၂၀၁၄ နေ့ နောက်ဆုံးထား၍ သက်ဆိုင်ရာ ငွေလက်ခံစခန်းများတွင် ပေးသွင်းပါရန် အသိပေးကြေညာအပ်ပါသည်။ (ငွေလက်ခံကောင်တာများကို ပိတ်ရက်မရှိဖွင့်လှစ်ဆောင်ရွက်ပေးသွားပါမည်)

၃။ ကြွေးကျန်များ အကျေအလည်ပေးသွင်းပြီးပါက အဆိုပါတယ်လီဖုန်းများအား ပြန်လည်သုံးစွဲနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၄။ သတ်မှတ်ရက်အတွင်းပေးသွင်းခြင်းမရှိပါက လိုင်းအပြီးပိတ်သိမ်းပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ တယ်လီဖုန်းကြွေးကျန် အသေးစိတ်စာရင်းကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ Website (www.mcit. gov.mm) နှင့်သက်ဆိုင်ရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပြည်နယ်/တိုင်းဒေသကြီး မန်နေဂျာရုံးတယ်လီဖုန်းအခွန်ဌာနစိတ်များတွင် ကြော်ငြာကပ်ထားမည် ဖြစ်ပါသည်။ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းလိုပါက ပြည်နယ်/ တိုင်းဒေသကြီးများ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များတွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း ပြည်သူများသို့ အသိပေးတင်ပြအပ်ပါသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်
ဆက်သွယ်မေးမြန်းစုံစမ်းရန် တယ်လီဖုန်းနံပါတ်များ

၁။	နေပြည်တော်	၀၆၇-၄၂၀၀၅၂
၂။	ကချင်ပြည်နယ်	၀၇၄-၂၂၄၇၈
၃။	ကယားပြည်နယ်	၀၈၃-၂၁၀၆၁
၄။	ကရင်ပြည်နယ်	၀၅၈-၂၂၅၆၀
၅။	ချင်းပြည်နယ်	၀၇၀-၂၁၃၁၅
၆။	စစ်ကိုင်းတိုင်းဒေသကြီး	၀၇၁-၂၂၂၁၄
၇။	တနင်္သာရီတိုင်းဒေသကြီး	၀၅၉-၂၃၆၃၂
၈။	ပဲခူးတိုင်းဒေသကြီး(အရှေ့)	၀၅၂-၂၁၂၉၆
၉။	ပဲခူးတိုင်းဒေသကြီး(အနောက်)	၀၅၃-၂၅၀၂၄
၁၀။	မကွေးတိုင်းဒေသကြီး	၀၆၃-၂၆၄၉၀
၁၁။	မန္တလေးတိုင်းဒေသကြီး	၀၂-၆၄၆၄၄
၁၂။	မွန်ပြည်နယ်	၀၅၇-၂၄၂၃၄
၁၃။	ရခိုင်ပြည်နယ်	၀၄၃-၂၁၁၅၃
၁၄။	ရန်ကုန်တိုင်းဒေသကြီး	၀၁-၂၅၀၇၇၇
၁၅။	ရှမ်းပြည်နယ်(တောင်ပိုင်း)	၀၈၁-၂၁၂၁၅၆၄
၁၆။	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၀၈၂-၂၅၅၀၉
၁၇။	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၀၈၄-၂၁၁၆၃
၁၈။	ဧရာဝတီတိုင်းဒေသကြီး	၀၄၂-၂၄၈၈၄
၁၉။	ရန်ကုန်(ရုံးချုပ်)	၀၁-၃၇၀၇၀၃၊
	အော်တိုတယ်လီဖုန်းများ	၀၁-၃၇၀၇၀၈၊
	စုံစမ်းရန်	၀၁-၃၇၀၄၁၆၊
	GSM ဖုန်းစုံစမ်းရန်	၀၁-၂၄၆၂၄၈
	CDMA ဖုန်းစုံစမ်းရန်	၀၁-၂၅၄၅၆၃
	ADSL/E-mail စုံစမ်းရန်	၀၁-၂၅၆၁၃၉

(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)

သန်းခေါင်စာရင်းကောက်ယူရေး လှုံ့ဆော်ဖျော်ဖြေရေးယာဉ် သထုံမြို့သို့ရောက်ရှိ

သထုံ မတ် ၈

၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ပြည်လုံးကျွတ် ကောက်ယူမည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများတွင် ပြည်သူများတစ်ခဲနက်ပူးပေါင်းပါဝင်နိုင်စေရေးအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များ ပါဝင်သော အောက်မြန်မာပြည်နယ်လှည့်လှုံ့ဆော်ဖျော်ဖြေရေးယာဉ်သည် မတ် ၈ ရက် နံနက် ၉ နာရီခွဲက သထုံမြို့ ရွှေစာရံစေတီတော်မြတ်ကြီးရှေ့အဝေးပြေးကားဝင်းသို့ ရောက်ရှိ ဖျော်ဖြေခဲ့ကြောင်း သိရသည်။

အဆိုပါ ဖျော်ဖြေရေးယာဉ်တွင် ဟာသလူရွှင်တော်များဖြစ်ကြသည့် အရိုင်း၊ စိန်သီး၊ ဇီးသီး၊ ပန်းသီး၊ တေးသံရှင် အိမ့်ချစ်နှင့်အဖွဲ့ဝင် ၄၀ ဦးခန့်လိုက်ပါခဲ့ကြပြီး ဟာသသရုပ်ဆောင် အရိုင်းက သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ သိမှတ်ဖွယ်ရာများဟောပြောကာတေးသံရှင်အိမ့်ချစ်က တေးသီချင်းများဖြင့် ဖျော်ဖြေသည်။ ဟာသလူရွှင်တော် စိန်သီး၊ ဇီးသီး၊ ပန်းသီးတို့က သန်းခေါင်စာရင်းနှင့်ပတ်သက်သည့် ပျော်ရွှင်ဖွယ်ရာ ဉာဏ်စမ်းမေးခွန်းများနှင့် ဂိမ်းကစားနည်းများကို ဒေသခံများနှင့်အတူ ကစားခဲ့ပြီး ဦးထုပ်၊ တီရှပ်များ လက်ဆောင်ပေးကာ အနိုင်ရရှိသူအား Sky Net ရုပ်သံဖမ်းစက်တစ်စုံ ဆုချီးမြှင့်ခဲ့သည်။ ယင်းဖျော်ဖြေရေးယာဉ်အား သထုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မွန်၊ ကရင်၊ ပအိုဝ်းတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံပြည်သူများက လှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ကြပြီး သထုံမြို့နယ် မွန်ရိုးရာယဉ်ကျေးမှုယိမ်းအဖွဲ့ကလည်း ရိုးရာမွန်ယိမ်းအကဖြင့် ဖျော်ဖြေရေးယာဉ်ကို နှုတ်ဆက်ဖျော်ဖြေခဲ့ကြောင်းသိရသည်။**သက်ဦး(သထုံ)**

တောဆင်ရိုင်းများက လူများအား အန္တရာယ်ပေးမှုဖြစ်ပေါ်

သပိတ်ကျင်း မတ် ၈

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ခုနစ်မိုင်ကျေးရွာအုပ်စု လေးမိုင်ကျေးရွာအနီးတွင် မတ် ၈ ရက်က တောဆင်ရိုင်းများက လူများအား အန္တရာယ်ပေးမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သပိတ်ကျင်းမြို့ မှန်သာရပ်ကွက်နေ ဦးကျော်မင်းစိန်နှင့် ဇနီး ဒေါ်မြင့်၊ သားမောင်သန့်ဇင်ဦးတို့ သုံးဦးသည် ခုနစ်မိုင်ကျေးရွာသို့ လုပ်ငန်းလုပ်ရန်သွားရောက်စဉ် နံနက် ၆ နာရီခန့်တွင် လေးမိုင်ကျေးရွာနှင့် ငါးမိုင်ကျေးရွာကြား တောလမ်းအရောက်တွင် တောဆင်ရိုင်းတစ်ကောင်နှင့် တွေ့ပြီး ထွက်ပြေးကြရာ ဦးကျော်မင်းစိန်မှာ ခလုတ်တိုက်လဲကျစဉ် တောဆင်ရိုင်းက နှာမောင်းဖြင့် ရိုက်ခဲ့သဖြင့် လွင့်ထွက်သွားပြီး ဒဏ်ရာရရှိသဖြင့် သပိတ်ကျင်းမြို့နယ် ဆေးရုံသို့ တက်ရောက်ကုသမှုခံယူနေရသည်။

ထိုနေ့ တစ်ရက်တည်းမှာပင် လေးမိုင်ကျေးရွာတောင်ဘက် တစ်မိုင်ခွဲခန့်အကွာ ရွှေမွေးချောင်းရပ်ကွက်တွင် လေးမိုင်ရွာမှ ဦးထွန်းဝင်းနှင့် ဇနီး ဒေါ်စန္ဒာတို့ နှစ်ဦးသည် နံနက် ၁၀ နာရီခန့်တွင် ထင်းခုတ်သွားစဉ် တောဆင်ရိုင်း ငါးကောင်အုပ်စုနှင့် တွေ့ရှိပြီး ထွက်ပြေးကြရာ ဦးထွန်းဝင်းမှာ ထွက်ပြေးလွတ်မြောက်သွားပြီး ဒေါ်စန္ဒာမှာလဲကျစဉ် တောဆင်ရိုင်းတစ်ကောင်က နင်းခဲ့သဖြင့် ပေါင်ကျိုးသွားပြီး သပိတ်ကျင်းမြို့နယ် ဆေးရုံသို့တက်ရောက် ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)

ပေါက်ခေါင်း၌ မြေသားလမ်းဖောက်

ပေါက်ခေါင်း မတ် ၈

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရန်ပုံငွေဖြင့် ပေါက်ခေါင်းမြို့နယ်အပိုင်းကျောက်ပြင်သာ-လှည်းကူး-ဂျင်းစိမ်းမြေသားလမ်းအား EDU ကုမ္ပဏီက တာဝန်ခံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

❂မြန်မာနိုင်ငံမှ

ထို့အပြင် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်းက ကမ္ဘာတွင် အဓိကကျသော ပြဿနာများဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူ့အခွင့်အရေးနှင့် လူဦးရေထိန်းသိမ်းရေးတို့တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါလှပါကြောင်း၊ ဤကိစ္စများကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသမီးများစာတတ်မြောက်မှု၊ အသိဉာဏ်ဖွံ့ဖြိုးမှု၊ ကိုယ်ရည်ကိုယ်သွေးပြည့်ဝမှုစသည့် အချက်များပြည့်စုံရန် လိုအပ်ကြောင်း၊ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များနှင့်အညီ ကျား၊ မဆိုင်ရာ တန်းတူညီမျှမှုကို မြှင့်တင်ပေးကြရမည် ဖြစ်ပါကြောင်း။

၁၉၉၅ ခုနှစ် စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးများဆိုင်ရာ ပေကျင်းညီလာခံတွင် ချမှတ်လိုက်သည့် နိုင်ငံတော်အဆင့် လုပ်ငန်းယန္တရားတစ်ခုအဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်မှာ ဆယ်စုနှစ်နှစ်ခုနီးပါးရှိလာပြီဖြစ်ပါကြောင်း၊ ဤကော်မတီ၏ ဦးဆောင်မှုဖြင့် အရေးကြီးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် “အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂)”ကို ရေးဆွဲချမှတ်နိုင်ခဲ့ပါကြောင်း၊ ၎င်းစီမံကိန်းသည် မြန်မာအမျိုးသမီးထုတစ်ရပ်လုံးရပိုင်ခွင့်ရှိသည့် အခွင့်အရေးများကို အပြည့်အဝ ခံစားရရှိနိုင်ရန်နှင့် အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈)တွင် ကျား၊မ အားလုံး တန်းတူအခွင့်အရေးရရှိမှုနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားပြီးဖြစ်သကဲ့သို့ ပြစ်မှုဆိုင်ရာဥပဒေ၊ မျိုးဆက်ပွားကျန်းမာရေးဥပဒေ၊ မြန်မာ့ဝလေ့ထုံးတမ်းဥပဒေများသည် မြန်မာအမျိုးသမီးထု၏ ဘဝလုံခြုံရေးကို အကာအကွယ်ပြုပေးနေသော ဥပဒေများဖြစ်ပါကြောင်း၊ မြန်မာအမျိုးသမီးထု၏ အခွင့်အရေးများကို အပြည့်အဝကာကွယ်ပေးနိုင်ရန် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူညီချက်ပါစံနှုန်းများနှင့် လိုက်လျောညီထွေရှိသည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်အောင်လည်း အမြန်ဆုံးကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာလုပ်ငန်းစဉ် (၄)ရပ်ကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတဦးဆောင်သည့် ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီအောက်တွင် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီကို ဖွဲ့စည်းထားရှိပါကြောင်း၊ ကော်မတီအောက်ရှိ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာဆပ်ကော်မတီသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နေကြသူများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကိုမြင့်မားအောင်၊ လုပ်ငန်းကဏ္ဍအလိုက် သိသာထင်ရှားသည့် အကျိုးရလဒ်များ ထွက်ပေါ်လာအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

၂၀၁၃ ခုနှစ် မေလက “မြန်မာနိုင်ငံအမျိုးသမီးများနှင့်ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း” ကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ မြန်မာအမျိုးသမီးများ၏ ဘဝစိုပြည်လှပရေးကို ဘက်စုံကဏ္ဍစုံက မြှင့်တင်ပေးနိုင်ရန် သတင်းအချက်အလက်နှင့် ခိုင်မာသော စာရင်းဇယားများရရှိရေးသည် ပဓာနကျသည့် အချက်တစ်ခုဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်တွင် စတင်ဆောင်ရွက်မည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှု၌ အမျိုးသမီးထုတစ်ရပ်လုံး စိတ်အားထက်သန်စွာ ပါဝင်ဖြေဆိုပေးကြရန် လိုအပ်ပါကြောင်း၊ မိမိ မိသားစု၊ မိမိပတ်ဝန်းကျင်တွင် ရှိသည့် သူများအားလုံးပါဝင်ဖြေဆိုနိုင်ရန်နှင့် သန်းခေါင်စာရင်း၏အရေးပါအရာရောက်မှုကို နားလည်သဘောပေါက်အောင် အသိပညာပေးဆွေးနွေးကြရန် တိုက်တွန်းလိုပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စသည် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့်အတွက် အမျိုးသမီးများအနေဖြင့် ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍကို တစ်ဆင့်ထက်တစ်ဆင့် မြင့်မားစေရန် ရသင့်ရထိုက်သော အခွင့်အရေးများ တန်းတူညီမျှရရှိရန်အတွက် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်နေကြသည့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပက လူမှုရေးအဖွဲ့အစည်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များအားလုံးကိုလည်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါကြောင်း။

မြန်မာအမျိုးသမီးများ၏ ဝီရိယရှိမှု၊ ရိုးသားမှု၊ ဣန္ဒြေသိက္ခာရှိမှုနှင့် ဉာဏ်ပညာထက်မြက်မှုစသည့် အရည်အချင်းကောင်းများကို ပျက်ယွင်းမသွားအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ပေးရန်၊ ကဏ္ဍစုံတွင် အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး ပါဝင်ဆောင်ရွက်နိုင်ရန်၊ အမျိုးသမီးတိုင်း စာတတ်မြောက်ရေး၊ အသိဉာဏ်ဖွံ့ဖြိုးရေး၊ ကိုယ်ရည်ကိုယ်သွေး ပြည့်ဝရေးကို ရှေးရှုပြီး လေ့လာ၊ ကြိုးကုတ်အားထုတ်ကြရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ထူထောင်ရေးလုပ်ငန်းတိုင်းတွင် အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး မြန်မာအမျိုးသမီးများ၏ စွမ်းပကားကို ရဲရဲဝံ့ဝံ့ ဖော်ထုတ်ပြသကြရန်၊ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲရာတွင် အရေးပါသော ကိန်းဂဏန်းအချက်အလက်များကို ဖော်ဆောင်ပေးမည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေး၌ အမျိုးသမီးထုတစ်ရပ်လုံး နိုးကြားတက်ကြွစွာ ပါဝင်ကြရန်ကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က နှစ်စဉ် မတ် ၈ ရက်ကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ပြီး နိုင်ငံတကာတွင် အခမ်းအနားများ အလေးထားကျင်းပလျက်ရှိသကဲ့သို့ ယခုနှစ်မှ စတင်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် အမျိုးသမီးများ ပါဝင်ဆင်နွှဲနိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ကျင်းပလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို မဲခေါင်ဒေသအတွင်း နိုင်ငံများအနက် ပထမဆုံး ရေးဆွဲပြဋ္ဌာန်းနိုင်သည့် နိုင်ငံဖြစ်ပါကြောင်း၊ လူကုန်ကူးခြင်းခံရသူများထဲ၌ အများစုသည် အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် ကလေးသူငယ်များဖြစ်ကြပါကြောင်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာနှင့်အညီ မြန်မာ-ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်ပို့ဆောင်ရေးအတွက် စံလုပ်ငန်းဆောင်ရွက်မှုအစီအစဉ်များကို နှစ်နိုင်ငံ အတည်ပြုလက်မှတ်ရေးထိုးပြီး လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ မိဘရပ်ထံပြန်လည်အပ်နှံရေးနှင့် မိသားစုအတွက် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အာဆီယံအမျိုးသမီးရေးရာကော်မတီ၊ အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်တို့တွင်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ကုလသမဂ္ဂဌာနေကိုယ်စားလှယ် ညှိနှိုင်းရေးမှူး အကြီးတန်းအကြံပေး Dr.Jean D'Cunha က ဖတ်ကြားခဲ့သည်။

အခမ်းအနားအပြီးတွင် ဂုဏ်ထူးဆောင်နာယကများနှင့် ဧည့်သည်တော်များသည် အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားသည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ အမျိုးသမီးသက်မွေးပညာသင်တန်းကျောင်းများမှ ထုတ်လုပ်သည့် ဒေသထွက်ကုန်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

၂၀၁၄ ခုနှစ်အတွက် ကုလသမဂ္ဂက ချမှတ်ပေးသည့် ဦးတည်ချက်ဆောင်ပုဒ်သည် “ကမ္ဘာတစ်ဝန်းဖွံ့ဖြိုးရေး၊ အမျိုးသမီးများကို တန်းတူညီမျှ အခွင့်အရေးပေး” ဟူ၍ဖြစ်ကြောင်း သိရှိရသည်။

ယနေ့ကျင်းပသည့် အခမ်းအနားသို့ နိုင်ငံတော်သမ္မတ၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်းနှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းရွှေမှန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယကကြီးများ၊ အသင်းဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ရွှေပိတောက်ဆေးရုံလိုင်စင်အား ပယ်ဖျက်

နေပြည်တော် မတ် ၈

ကျန်းမာရေးဝန်ကြီးဌာန ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့သည် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့်အညီ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရန်နှင့် အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများက စနစ်တကျ ပါဝင်နိုင်စေရန် ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားခြင်းကို စိစစ်ပြီး စည်းကမ်းချက်များနှင့်အညီ လိုင်စင်ထုတ်ပေးနေသကဲ့သို့ လိုင်စင်ရရှိသူက ဥပဒေပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်း ရွှေပိတောက်ရိပ်မွန်ရှိ ရွှေပိတောက်ဆေးရုံ၌ မြန်မာနိုင်ငံဆေးကောင်စီ၏ ကန့်သတ်ကုသခွင့်လိုင်စင်မရှိဘဲ နိုင်ငံခြားသားဆရာဝန်များက ဆေးကုသနေကြောင်း စိစစ်တွေ့ရှိချက်အရ ယင်းဆေးရုံလိုင်စင် ရရှိသူအနေဖြင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က)ပါ လိုင်စင်စည်းကမ်းချက်များနှင့် မညီညွတ်ကြောင်း ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့က စိစစ်တွေ့ရှိရသဖြင့် ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ(ဃ)အရ ဖေဖော်ဝါရီ ၂၈ ရက်တွင် ရွှေပိတောက်ဆေးရုံလိုင်စင်ကို ပယ်ဖျက်လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထီးချိုင့်မြို့တွင် မီးလောင်မှုဖြစ်ပွား

ထီးချိုင့် မတ် ၈

ထီးချိုင့်မြို့ အမှတ်(၂)ရပ်ကွက်နေ ဦးတင်လင်း တိုကျိုနာရီနှင့် လျှပ်စစ်ပစ္စည်းဆိုင်အပေါ်ထပ် ဘုရားခန်းမှစတင်၍ မီးလောင်ကျွမ်းမှုတစ်ခု မတ် ၇ ရက် ည ၇ နာရီက ဖြစ်ပွားခဲ့ကြောင်း သိရသည်။ မီးလောင်ရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၈ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် တိုက်အိမ်လေးလုံး၊ ပျဉ်ထောင်သွပ်မိုးအိမ်တစ်လုံး၊ ပျဉ်ခင်းထရံကာ သက်ငယ်မိုးအိမ်လေးလုံး၊ ဘိလိယက်ခန်းတစ်ခန်း အပါအဝင် စုစုပေါင်း အိမ်ကိုးလုံး၊ အိမ်ထောင်စုရှစ်ခု၊ လူဦးရေ ၄၀ အိုးမဲ့အိမ်မဲ့ဖြစ်သွားကြောင်း သိရသည်။ **ထီးချိုင့်(ပြန်/ဆက်)**

စစ်တွေမြို့နယ် ဒါးပိုင်ရွာသစ်တွင် မီးလောင်မှုဖြစ်ပွား

စစ်တွေ မတ် ၈

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဘုမေကျေးရွာအုပ်စု ဒါးပိုင်ရွာသစ်အကွက်(၄)၌ ထမင်းချက်ပြုတ်ရာမှ ပေါ့ဆမှုကြောင့် နေအိမ် ၃၄ လုံး၊ ကြက်ခြံသုံးခြံ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်တွေမြို့နယ် ဒါးပိုင်ရွာသစ် အကွက်(၄)၌ မတ် ၈ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က အဆိုပါကျေးရွာနေ နိုရိုကော်ဗီ အသက်(၂၅)နှစ်၏ ဇနီး မရော်ဘီကာ (၂၂)နှစ်သည် ၎င်း၏ နေအိမ်တွင် ထမင်းချက်ပြုတ်ရာမှ နေအိမ်သို့ မီးကူးစက်လောင်ကျွမ်းပြီး အနီးပတ်ဝန်းကျင်နေအိမ်များသို့ပါ မီးကူးစက်လောင်ကျွမ်းခဲ့သည်။ မီးလောင်မှု ဖြစ်လျှင်ဖြစ်ချင်း ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုးဦးစီးသည့် ရဲတပ်ဖွဲ့ဝင် ၁၀၀၊ ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ဦးစံရွှေထွန်းဦးစီးသည့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းလှိုင်နှင့် သန္ဒေမီးသတ်တပ်ဖွဲ့ဝင် ၂၂ ဦးတို့သည် မီးသတ်ယာဉ် သုံးစီး၊ အပေါ့စားမီးသတ်စက်သုံးလုံးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ပြီး ယင်းကျေးရွာမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ ကျေးရွာသူ ကျေးရွာသားများနှင့် ပူးပေါင်း၍ အချိန်မီဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် မီးညွန့်ကျိုးသွားခဲ့ပြီး ၁၂ နာရီ ၂၅ မိနစ်တွင် အပြီးသတ်မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် ဓနိမိုး၊ ဝါးကာ၊ ကြမ်းခင်း နေအိမ် ၃၄ လုံးနှင့် ကြက်ခြံသုံးခြံ မီးလောင်ကျွမ်းခဲ့ပြီး အဆိုပါမီးလောင်ကျွမ်းခဲ့သည့် နေအိမ်များမှ အိမ်ထောင်စု ၃၄ စုတို့အား ၎င်းတို့၏ ဆွေမျိုးများ၏ နေအိမ်များတွင် ခေတ္တနေရာချထားပေးကြောင်း သိရသည်။

(ပြည်နယ်ပြန်/ဆက်)

၂၀၁၄ ခုနှစ် ကမ္ဘာ့အကောင်းဆုံး ခရီးစဉ်ဒေသဆုကို မြန်မာနိုင်ငံအား ပေးအပ်ချီးမြှင့်ရန် စီစဉ်လျက်ရှိ

နေပြည်တော် မတ် ၈

ဥရောပခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်ရေးကောင်စီ EUROPEAN UNION COUNCIL ON TOURSIM AND TRADE သည် ၂၀၁၄ ခုနှစ် ကမ္ဘာ့အကောင်းဆုံး ခရီးစဉ်ဒေသဆု the AWARD FOR WORLD BEST TOURIST DESTINATION FOR 2014 အတွက် မြန်မာနိုင်ငံကို ပေးအပ်ချီးမြှင့်ရန် ဆုံးဖြတ်သည့်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်ထံသို့ ကမ်းလှမ်းလာကြောင်း သိရသည်။

ဥရောပခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံကို သမိုင်းအစဉ်အလာကြီးမားသော၊ ယဉ်ကျေးမှုအမွေအနှစ်များ စစ်မှန်သော ကမ္ဘာ့အဖိုးတန်နေရာ၊ အာရှ၏ ဆွဲဆောင်မှုအရှိဆုံးနေရာစသည့်ဂုဏ်သတင်းများဖြင့် ကမ္ဘာပေါ်ရှိ အလှဆုံးဒေသထဲမှတစ်ခုအဖြစ်လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ခရီးစဉ်ဒေသအဖြစ် ကမ္ဘာလှည့်ခရီးသည်များအား ပိုမိုဆွဲဆောင်နိုင်စေရန်နှင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းမြှင့်တင်ဆောင်ရွက်လိုသည့် ရည်ရွယ်ချက်များဖြင့် အဆိုပါဆုအား ပေးအပ်လိုခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းအပြင် မြန်မာနိုင်ငံကို ၂၀၁၄ ခုနှစ်အတွက် အနှစ်သက်ဆုံးယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ခရီးစဉ်ဒေသ MYANMAR-FAVORITE CULTURAL DESTINATION FOR 2014 အဖြစ် ကြေညာသွားမည်ဖြစ်ပါကြောင်းလည်း အဆိုပါကမ်းလှမ်းစာတွင် ဖော်ပြပါရှိသည်။

ကမ္ဘာ့အကောင်းဆုံး ခရီးစဉ်ဒေသဆု WORLD BEST TOURIST DESTINATION AWARD သည် ကမ္ဘာပေါ်ရှိ ခရီးသွားလုပ်ငန်းကဏ္ဍအတွက် ပေးအပ်သောဆုများအနက် အမြင့်ဆုံးသောဆုတစ်ခုဖြစ်ပြီး United Nations Tourism Division၊ UNESCO European Union Council on Tourism and Trade (ECTT) စသည့် အဖွဲ့အစည်းများမှ သတ်မှတ်ထားသော ခရီးသွားလုပ်ငန်းဆိုင်ရာကျင့်ဝတ်များ၊ နိုင်ငံခြားသားခရီးသွားဧည့်သည်များ၏ လုံခြုံမှု၊ နိုင်ငံ၏ပြယုဂ်ဖြစ်သော ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှု စသည့်အချက်များကို နိုင်ငံများမှ လိုက်နာမှုအပေါ်မူတည်၍ အဆိုပါဆုအား ပေးအပ်ခြင်းဖြစ်သည်။ ဤဆုကို ၂၀၀၇ ခုနှစ်မှ စတင်ချီးမြှင့်ခဲ့သည်။ **(သတင်းစဉ်)**

❍ လွှတ်တော်မှ

နိုင်ငံ တည်ဆောက်ရေးအတွက် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲမှ စတင်၍ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ယခုအခါ လွှတ်တော်သက်တမ်း သုံးနှစ်ပြည့်ခဲ့ပြီး လာမည့် မတ်လ ၃၁ ရက်တွင် အစိုးရသက်တမ်းသုံးနှစ် ပြည့်မည်ဖြစ်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးခဲ့သည့် သုံးနှစ်ကျော်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှု မည်မျှဆောင်ရွက်နိုင်ခဲ့ပြီကို ပြန်ကြည့်ရန်လိုကြောင်း၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုအရ ကျေနပ်မှုရှိမည်ဖြစ်သော်လည်း စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို ပြည်သူများအတွင်း၌ ထူးထူးခြားခြား ပြောင်းလဲမှုမရှိသေးဟု သုံးသပ်မှုများရှိမည်ဖြစ်ပါကြောင်း၊ မည်သို့ပင်ဖြစ်စေ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ရည်မှန်းချက်အတိုင်း ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

လွှတ်တော်သက်တမ်း သုံးနှစ်အတွင်း လွှတ်တော်ဆိုင်ရာ ဆောင်ရွက်ချက်များကို သုံးသပ်မည်ဆိုပါက ပြည်ထောင်စုလွှတ်တော်၌ ဥပဒေပေါင်း ၈၄ ခုကို ပယ်ဖျက်၊ ပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်းနိုင်ခဲ့ပြီး လက်ရှိတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၌ ဥပဒေပေါင်း ၆၀ ကို သက်ဆိုင်ရာ လွှတ်တော်ကော်မတီများက ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်၏ အဓိကတာဝန်မှာ ဥပဒေပြုရေးဖြစ်၍ နိုင်ငံနှင့် နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းစေပြီး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနိုင်သည့် ဥပဒေများဖြစ်ရေး ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာ၌ တရားမျှတပြီး အားလုံးလိုက်နာနိုင်သော ဥပဒေများဖြစ်ရေးကို ရှေးရှုလုပ်ဆောင်လျက်ရှိပါကြောင်း၊ နိုင်ငံတကာက ကျင့်သုံးသည့် ကွန်ဗင်းရှင်းများနှင့်အညီ ဆောင်ရွက်ရသကဲ့သို့ ဥပဒေပြဋ္ဌာန်းရေးနှင့် ပတ်သက်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရပါကြောင်း။

လွှတ်တော်အတွင်း၌ အဓိက ဦးတည်ချက် (၃)ရပ်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းမှု ဖော်ဆောင်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ လွှတ်တော်အတွင်း၌ ပါတီ (၁၉)ခုမှ ကိုယ်စားလှယ်များ ရှိပါကြောင်း၊ အသီးသီးသော ပါတီများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဟူသော ကောင်းမြတ်သည့် ရည်မှန်းချက်ရှိကြကြောင်း၊ ပါတီအချင်းချင်း လုပ်ဖော်ကိုင်ဖက်ကဲ့သို့ သဘောထားရမှာဖြစ်ကြောင်း၊ ငါနှင့်မတူ ငါ့ရန်သူဟုသဘောထားပြီး ဆောင်ရွက်ပါက အတိတ်ကကဲ့သို့ ဖြစ်ရပ်များ ပေါ်ပေါက်လာပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်ဖြစ်စေမည်ဖြစ်ကြောင်း၊ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် တရားမျှတပြီး နိုင်ငံသားများလက်တွေ့လိုက်နာနိုင်သည့် ဥပဒေများဖြစ်ရန်လိုကြောင်း၊ ဥပဒေကိုမလိုက်နာနိုင်ပါက တရားဥပဒေ စိုးမိုးမှုရှိမှာမဟုတ်ကြောင်း၊ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေရမှာဖြစ်ပြီး အမှန်တကယ် ကိုင်တွယ်ကျင့်သုံးမှု ရှိ/မရှိ ပြည်သူများက လိုက်နာမှု ရှိ/မရှိ စောင့်ကြည့်ရမည်ဖြစ်ကြောင်း။

ပြည်ထောင်စု အစိုးရအဖွဲ့အနေဖြင့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများကို လက်ရှိအနေအထားအရ အသင့်လျော်ဆုံးသူများ ဖြစ်အောင် ဖွဲ့စည်းပေးထားကြောင်း၊ ထို့ပြင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီများကိုလည်း ဖွဲ့စည်းပေးထားပါကြောင်း၊ အောက်ခြေပြည်သူများကိုယ်စား မြို့နယ်စီမံခန့်ခွဲရေးကော်မတီများက မိမိတို့မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့များကလည်း ပြည်သူများနှင့်အတူ ပါဝင်ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိရပ်ကွက်၊ မိမိကျေးရွာ၊ မိမိတို့မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကတာဝန်မှာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာစီမံခန့်ခွဲရေးကော်မတီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အဖွဲ့များပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက စေတနာကောင်းဖြင့် ဖွဲ့စည်းပေးထားသည့် စီမံခန့်ခွဲရေးကော်မတီများအနေဖြင့် ပြည်သူအပေါ်သစ္စာရှိရန် လိုအပ်သကဲ့သို့ အစိုးရအဖွဲ့အပေါ် သစ္စာရှိရန်လိုကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးရေးအတွက် စီမံခန့်ခွဲရေးကော်မတီများ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အဖွဲ့များက တာဝန်ကျေပွန်စွာဖြင့် အလေးထားဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လက်ပံတန်းမြို့နယ်၊ သာယာဝတီမြို့နယ်၊ မိုးညိုမြို့နယ်တို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး တင်ပြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအဆင့်က လုပ်ပေးရမည့်ကိစ္စ၊ ပြည်ထောင်စုအစိုးရအဆင့်က လုပ်ပေးရမည့်ကိစ္စဟူ၍ ရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က ထုတ်ပြန်လိုက်သည့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ သည် တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအစိုးရ၏စီမံကိန်းများ၌ မပါဝင်သည့်လုပ်ငန်းများကို ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းက ကွက်လပ်ဖြည့်သည့် သဘောမျိုးဖြစ်ကြောင်း၊ ယနေ့တင်ပြချက်များကို တာဝန်ရှိသူများက မှတ်သားပြီး ပြင်သင့်ပြင်ထိုက်သည့် ကိစ္စရပ်များကို လုပ်ဆောင်သွားရန်လိုကြောင်း၊ ယနေ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာ၌ ပြည်သူဗဟိုပြု ဆောင်ရွက်လျက်ရှိရာ တက်ရောက်လာကြသူများ၏အခန်းကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ မှန်ကန်သည့်စေတနာဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယကသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

❖ ကျောဖုံးမှ

ပွဲအစခြောက်မိနစ်တွင် အီတလီတိုက်စစ်မှူး ဒီပီဒီက သွင်းယူခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် ဧရာဝတီအသင်းက ချေပဂိုးရရှိရေး ကြိုးပမ်းခဲ့သော်လည်း နေပြည်တော်အသင်းခံစစ်ပိုင်းက အမှားအယွင်းမရှိ ထိန်းကစားသွားနိုင်ခဲ့သည်။

(ဗထူးကွင်း)

ရတနာပုံ - တစ်ဂိုး
(ဖွန်ဆီကာ)
မကွေး - ဂိုးမရှိ

(သုဝဏ္ဏကွင်း)

ချင်းယူနိုက်တက် - လေးဂိုး
(ချောင်ယင်ဂင်နှင့် မာတူနာ နှစ်ဂိုးစီ)
Southern - ဂိုးမရှိ

ယနေ့ပွဲ
(သုဝဏ္ဏကွင်း)
မနောမြေ-ကမ္ဘောဇ
(အောင်ဆန်းကွင်း)
ဇွဲကပင်-ဇေယျာရွှေမြေ

❍ ဒဂုံမြို့သစ်မှ

အဆိုပါ စီမံကိန်းအရရေတွန်းစက်ရုံ၊ ရေသန့်စင် စက်ရုံ၊ ရေစုကန်၊ သဲရေစစ်ကန် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)ဇုန်(၈)တွင် ရေကန်တည်ဆောက်သွားမည်ဖြစ်သည်။ ထို့အပြင် ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်)ရှိ ယုဇနဥယျာဉ်မြို့တော်အိမ်ရာတွင် ရေဂါလန်တစ်သန်းခွဲဆံ့ရေစုကန် နှစ်ကန်နှင့် ရေတွန်းစက်ရုံများကိုလည်းတည်ဆောက်သွားမည်ဖြစ်သည်။ လက်ရှိတွင် ယုဇနဥယျာဉ်မြို့တော်အိမ်ရာသို့ သောက်သုံးရေပေးဝေနိုင်ရေးအတွက်အခင်း ၂၀ လက်မရှိ HDPEရေပို့ ပိုက်ဆက်သွယ်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေပြီဖြစ်သည်။ အဆိုပါစီမံကိန်းများပြီးစီးသွားပါက ဒဂုံမြို့သစ်မြို့နယ် လေးမြို့နယ်။ သာကေတ၊ ဒေါပုံ၊ သီလဝ၊ ယုဇန ဥယျာဉ်မြို့တော်နှင့် စက်မှုဇုန်များသို့ နေ့စဉ်သောက်သုံးရေဂါလန်သန်း ၄၀ ပေးဝေသွားမည်ဖြစ်သည်။ အဆိုပါစီမံကိန်းကာလမှာ နှစ်နှစ်ခွဲခန့်ကြာမြင့်မည်ဖြစ်ရာသတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် ဖေဖော်ဝါရီလကုန်ပိုင်းက ရန်ကုန်မြို့တော်ဝန်ဦးလှမြင့်နှင့် တာဝန်ရှိသူများမှ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ လက်ရှိတွင် ဒဂုံမြို့သစ်၏ အချို့သောမြို့နယ်များနှင့် ယုဇနဥယျာဉ်မြို့တော်တွင်ပေးဝေနေသော အဝီစိတွင်းရေများမှာ သောက်သုံး၍မရနိုင်သဖြင့် တိုက်ချွတ်ဆေးကြောရန်အတွက်သာ အသုံးပြုနေကြရပြီးသောက်ရေအတွက်ရေသန့်ဘူးများကိုသာ ဝယ်ယူသုံးစွဲနေကြရသည်။ ယုဇနဥယျာဉ်မြို့တော်တွင်မူ အဝီစိတွင်းမှပေးဝေနေသော ရေမှာသံချေးကဲ့သို့ အနည်အဖတ်များပါရှိနေသဖြင့်အချို့မှာ တစ်ညသိပ်ထားပြီးမှသုံးစွဲနေကြရသည်။ ထို့ကြောင့် ယုဇနဥယျာဉ်မြို့တော်မှာရန်ကုန်မြို့နှင့် နာရီဝက်သာသာ သွားလာရသောနေရာတွင်တည်ရှိနေသော်လည်း ရေမကောင်းသဖြင့် တိုက်ခန်းငှားရမ်းခဈေးနှုန်းနှင့် အရောင်းအဝယ်ဈေးနှုန်းများမှာ အခြားသောမြို့နယ်များထက် ဈေးနှုန်းနည်းပါးနေခဲ့ကြောင်း သိရသည်။

မင်းသစ္စာလှိုင်(ကဒုံကနီ)

(၆၉)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

☆ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
☆ နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးအခန်းကဏ္ဍတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။
☆ နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှု၌ တစ်တပ်တစ်အား ဝိုင်းဝန်းကူညီဆောင်ရွက်ရေး။
☆ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် စုစည်းညီညွတ်သော ပြည်ထောင်စုကို အခြေခံ၍ တည်ငြိမ်အေးချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာ၌ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရေး။

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် အောင်ဇေယျမြို့သစ် တည်ဆောက်မည့် မြေနေရာ၌ လုပ်ငန်းဆောင်ရွက်နေစဉ် လာရောက်နှောင့်ယှက်ဟန့်တားသဖြင့် လူအချို့အား ခေတ္တခေါ်ယူထိန်းသိမ်းခဲ့ပြီး ပြန်လွှတ်ပေးခဲ့ မြေယာစွန့်ခဲ့သူအများစုအား မြေကွက်များ အစားထိုးချထားပေးပြီးဖြစ်ကြောင်း သိရှိရ

နေပြည်တော် မတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် အောင်ဇေယျမြို့သစ် တည်ဆောက်မည့် ဧရိယာအတွင်း မတ် ၇ ရက် နံနက်ပိုင်းက လုပ်ငန်းများဆောင်ရွက်နေစဉ် လူတစ်စုက လာရောက်နှောင့်ယှက်ဟန့်တားသဖြင့် ညှိနှိုင်းဆောင်ရွက်ခဲ့သော်လည်း အဆိုပါလူစုက ခဲများဖြင့် ပစ်ပေါက်သဖြင့် ခေတ္တတားဆီးခေါ်ယူထိန်းသိမ်းခဲ့ရပြီး ပညာပေးပြောဆိုဆုံးမ၍ ပြန်လွှတ်ပေးလိုက်သည့် ဖြစ်စဉ်တစ်ရပ် ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါ မြေနေရာမှ သဘောတူမြေယာစွန့်ခဲ့သူအများစုအား မြေကွက်များ အစားထိုး ချထားပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ မတ် ၇ ရက် နံနက်ပိုင်းက ယင်းမာပင်မြို့နယ် အုံတုံပင်ကျေးရွာ ပုသိမ်-မုံရွာ ကားလမ်းအနောက်ဘက် ဧရိယာအတွင်း မြေညှိစက်နှစ်စီးဖြင့် လုပ်ငန်းဆောင်ရွက်နေစဉ် နံနက် ၈ နာရီ မိနစ် ၂၀ ခန့်တွင် အုံတုံပင်ကျေးရွာမှ ရွာသူရွာသား ၃၀ ခန့် ရောက်ရှိပြီး လာရောက်ကန့်ကွက်ဟန့်တား နှောင့်ယှက်ခဲ့ကြောင်း၊ သို့ဖြစ်၍ အဆိုပါ နေရာတစ်ဝိုက်တွင် ရဲတပ်ရင်းစုကွပ်ကဲရေးမှူး၊ ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့မှူး၊ ရဲတပ်ရင်းမှူးနှင့် အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရဲအကူတပ်ဖွဲ့ခွဲမှ တပ်ခွဲမှူးနှင့်အဖွဲ့တို့က လုံခြုံရေးဆောင်ရွက်ထားပြီး ယင်းမာပင်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့က ထိုသို့ဟန့်ထားနှောင့်ယှက်ခြင်းမပြုရန် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် အဆိုပါ ဟန့်တားသူများက နံနက် ၈ နာရီခွဲခန့်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များအား ခဲများဖြင့် ပစ်ပေါက်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ဒဏ်ရာတစ်ချက်စီ ရရှိခဲ့ကြောင်း၊ ထို့နောက် နံနက် ၈ နာရီ မိနစ် ၅၀ ခန့်တွင် ဟန့်တားနှောင့်ယှက်သူများက ရဲတပ်ဖွဲ့ဝင်များအား အကြမ်းဖက်လာသဖြင့် ဦးဆောင်သူ ကျော်မင်း (အသက် ၄၀) အပါအဝင် အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦး ပေါင်းသုံးဦးနှင့် သံဃာတစ်ပါးတို့အား ခေတ္တတားဆီးထိန်းသိမ်းခဲ့ရကြောင်း၊ နံနက် ၁၀ နာရီခွဲခန့်တွင် ခေတ္တထိန်းသိမ်းထားသည့် အမျိုးသမီးအားလည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ကျော်မင်းနှင့် အဖွဲ့အားလည်းကောင်း ဥပဒေအကြောင်းအရာများ ရှင်းလင်းပြောကြားပြီး ပြန်လွှတ်ပေးခဲ့ကြောင်း သိရှိရသည်။

ယခုလုပ်ငန်းများဆောင်ရွက်နေသည့် မြေဧက ၁၄၂ ဒသမ ၇၈ ဧကတွင် ယင်းမာပင်မြို့နယ် အောင်ဇေယျမြို့သစ်ကွင်း အမှတ် ၅/၆ တိုးချဲ့မြေ ဧက ၁၂၃ ဒသမ ၆၀ ဧက အပါအဝင် လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုခွင့်ပြုကြောင်း ခွင့်ပြုမိန့် ရရှိထားသောမြေဖြစ်ကြောင်း သိရသည်။

မြေ ဧက ၁၄၂ ဒသမ ၇၈ ဧကတွင် အိမ်ဝင်းမြေကွက် ၂၉၅ ကွက်အတွက် အသုံးပြုပြီးနောက် ကျန်မြေအား ရဲတပ်ရင်းမြေအဖြစ် လျာထားဆောင်ရွက်ခဲ့ကြောင်း၊ ယင်းမြေဧရိယာနှင့်ပတ်သက်၍ စုန်ကျင်းကျေးရွာအုပ်စု အုံတုံပင်ကျေးရွာနေ ဦးဝင်းပါ ၁၆ဦးက လယ်ယာမြေသိမ်းဆည်းခံရမှုနှင့် ပတ်သက်၍ ကူညီဖြေရှင်းပေးရန် အထက်ဌာနများသို့ တင်ပြခဲ့သည့်အတွက် ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးနှင့်အဖွဲ့အား စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးဆောင်ရွက်စေခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ဦးဝင်းပါ ၁၄ဦးက ကန့်ကွက်သဖြင့် ယင်းမာပင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးဆောင်သော မြေယာစီမံခန့်ခွဲရေးအဖွဲ့က ညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီး မြေကွက် အစားထိုးပေးအပ်သောနည်း၊ မြေလျော်ကြေးငွေ ပေးအပ်သောနည်းများဖြင့် အဆင့်ဆင့်ဖြေရှင်းဆောင်ရွက်ရန် စီမံဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယင်းမြေယာကိစ္စနှင့်ပတ်သက်၍ မတ် ၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ ရဲတပ်ရင်းစုကွပ်ကဲရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများ၏ ကူညီကြီးကြပ်ကွပ်ကဲမှုနှင့် ယင်းမာပင်မြို့နယ် အောင်မိုးကျေးရွာနေ မြေနေရာချထားရေးကော်မတီ ဥက္ကဋ္ဌဦးဉာဏ်လင်း၊ ဒုတိယဥက္ကဋ္ဌ ဦးပေသီး၊ အတွင်းရေးမှူး ဦးမောင်သော်၊ ဘိန်းနွယ်ချောင်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်၊ စုန်ကျင်းမြောက်ရွာ အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်း၊ မြတ်ပေစည်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းပါအဖွဲ့က အိမ်ဝင်းမြေအဖြစ် လျာထားမြေကွက်ဖော်ထားသည့် မြေကွက် ၂၉၅ ကွက်မှ ၁၁ ကွက်အား ကျောင်း၊ ဈေး၊ ဆေးရုံ၊ ရုံးစသော အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စများအတွက် ချန်လှပ်ပြီး ကျန်မြေကွက် ၂၈၄ ကွက်အား သဘောတူမြေယာစွန့်လွှတ်ခဲ့သည့် တောင်သူ ၅၂ ဦးအား မဲနှိုက်စေခဲ့ရာ မြေပိုင်ဆိုင်သူ တောင်သူ ၅၂ ဦးအနက် ၄၃ ဦးတက်ရောက်ခဲ့ပြီး မြေကွက်များအားမဲနှိုက်ခဲ့ကြောင်း၊ အဆိုပါမြို့သစ်မြေကွက်များမှာ အမည်ပေါက်မြေဂရန်ပါတစ်ပါတည်းရရှိသော နေရာဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းရေးရာ

အသေးစားငွေရေးကြေးရေးအဖွဲ့ အစည်းများမှ ထုတ်ချေးငွေအပေါ် အတိုးနှုန်းပိုမိုကောက်ခံခြင်း၊ အတိုးကြီး ရယူခြင်းများတွေ့ရှိ၊ သိရှိပါက တိုင်ကြားနိုင်

၁။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအရ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း ၁၉၉ ဖွဲ့အား အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ လိုင်စင်ရအသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများက အသေးစားထုတ်ချေးငွေအပေါ် ကောက်ခံရမည့် အတိုးနှုန်းအား ကျပ် ၁၀၀ ပေါ်တွင် တစ်လလျှင် ၂ ဒသမ ၅၀ ကျပ်နှုန်းသတ်မှတ်ပေးထားပါသည်။ အတိုးတွက်ချက်ရာတွင် ချေးငွေပြန်လည်ပေးဆပ်မှုကြောင့် အဆင့်ဆင့်လျော့နည်းသွားသည့် ချေးငွေ(လက်ကျန် ချေးငွေ) ပမာဏပေါ်တွင် တွက်ချက်ကောက်ခံသည့် သက်ရောက်အတိုးနှုန်း (Effective Rate) ဖြင့်သာတွက်ချက်ကောက်ခံရမည်ဖြစ်ပါသည်။

၂။ ထိုသို့ကောက်ခံခြင်းမပြုဘဲ ပုံသေအတိုးနှုန်း (Flat Rate) ဖြင့်တွက်ချက်ကောက်ခံခြင်း၊ ဥပဒေအရ သတ်မှတ်ထားသော အတိုးနှုန်းထက် ပိုမိုကောက်ခံနေခြင်း၊ အတိုးကြီးရယူခြင်းများသိရှိပါက အဖွဲ့အစည်းအမည်၊ ရယူသည့် အတိုးနှုန်းများဖော်ပြ၍ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ် တိုင်ကြားနိုင်ပါသည်-

(က)	မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်	၀၆၇-၄၁၀၀၄၈ ၀၆၇-၄၁၀၅၄၈ ၀၆၇-၄၁၀၀၄၇(Fax) ၀၆၇-၄၁၀၀၇၁(Fax)
(ခ)	နေပြည်တော်ကောင်စီ	၀၆၇-၅၅၀၁၇၂ ၀၆၇-၅၅၀၁၇၁(Fax)
(ဂ)	ကချင်ပြည်နယ်ရုံး	၀၇၄-၂၄၂၁၃ ၀၇၄-၂၉၀၄၃(Fax)
(ဃ)	ကယားပြည်နယ်ရုံး	၀၈၃-၂၁၄၆၇ ၀၈၃-၂၁၀၇၂(Fax)
(င)	ကရင်ပြည်နယ်ရုံး	၀၅၈-၂၃၃၁၉ ၀၅၈-၂၃၃၁၀(Fax)
(စ)	ချင်းပြည်နယ်ရုံး	၀၇၀-၂၁၉၄၆(Fax)
(ဆ)	စစ်ကိုင်းတိုင်းဒေသကြီးရုံး	၀၇၁-၂၁၃၉၅ ၀၇၁-၂၄၆၄၇(Fax)
(ဇ)	တနင်္သာရီတိုင်းဒေသကြီးရုံး	၀၅၉-၂၃၈၇၀(Fax)
(ဈ)	ပဲခူးတိုင်းဒေသကြီးရုံး	၀၅၂-၃၀၈၈၅(Fax)
(ည)	မကွေးတိုင်းဒေသကြီးရုံး	၀၆၃-၂၆၇၉၅ ၀၆၃-၂၃၂၄၉(Fax)
(ဋ)	မန္တလေးတိုင်းဒေသကြီးရုံး	၀၂-၃၅၆၅၇(Fax)
(ဌ)	မွန်ပြည်နယ်ရုံး	၀၅၇-၂၆၉၂၅(Fax)
(ဍ)	ရှမ်းပြည်နယ်ရုံး	၀၈၁-၂၁၂၇၁၈ ၀၈၁-၂၀၁၇၇၅(Fax)
(ဎ)	ရခိုင်ပြည်နယ်ရုံး	၀၄၃-၂၂၇၈၅ ၀၄၃-၂၂၆၁၀(Fax)
(ဏ)	ရန်ကုန်တိုင်းဒေသကြီးရုံး	၀၁-၃၉၁၅၇၃ ၀၁-၃၈၂၄၅၈(Fax)
(တ)	ဧရာဝတီတိုင်းဒေသကြီးရုံး	၀၄၂-၂၅၅၇၁ ၀၄၂-၂၄၂၈၂(Fax)

(ဘဏ္ဍာရေးဝန်ကြီးဌာန)

ပိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံပြင်ဆင်ရေး ဩဝါဒခံယူ

ရန်ကုန် မတ် ၈

ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ်ရှိ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံပြင်ဆင်ရေး လုပ်ငန်းများအတွက် ဩဝါဒခံယူပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါစေတီတော်ရင်ပြင်ရှိ နန်းဦးတန်ဆောင်း၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က စေတီတော်မြတ်ကြီး မုခ်လေးမုခ်ဖွင့်လှစ်နိုင်ရန် ဘက်စုံပြုပြင်မွမ်းမံရေးနှင့် စပ်လျဉ်း၍ လျှောက်ထားရာတွင် ဗုဒ္ဓ၊ ဗုဒ္ဓသာသနိက၊ ဗုဒ္ဓပရိဝေဏတို့ကို ထင်သာမြင်သာ ကြည်ညိုသဒ္ဓါပွားနိုင်အောင် ဖွင့်ထားရမည့်အရာများသာ ဖြစ်ပါကြောင်း၊ ထိုသို့ ဖွင့်ထားခြင်းဖြင့် မိမိတို့၏ ဘာသာသာသနာကို ပွင့်လင်းအောင် ဖော်ဆောင်ကြရမှာဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့ဝင်လူကြီးမင်းများက ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး လေးဖက်လေးတန် သွားလမ်းလာလမ်း ဖြောင့်တန်းပွင့်လင်းအမြင်ရှင်း၍ ပြည်သူလူထုနှင့် ရဟန်းရှင်လူများ ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းအပ်ပါကြောင်း၊ ဆရာတော်ကြီးများ အနေဖြင့်လည်း အခွင့်အခါသင့်တိုင်း လိုအပ်သလို ဩဝါဒစကား မိန့်ကြားချီးမြှင့်ပေးတော်မူကြပါရန် လျှောက်ထားသည်။

ယင်းနောက် ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တရသာရ က ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ဖွင့်

ရန်ကုန် မတ် ၈

ရွှေတိဂုံစေတီတော် (၂၆၀၂)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ဖွင့်ပွဲကို မတ် ၆ ရက် နံနက် ၈ နာရီက စေတီတော်ရင်ပြင်ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပရာ ရှေးဦးစွာ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များအား ချမ်းသာကြီး တန်ဆောင်းပလ္လင်များပေါ်သို့ ပင့်ဆောင်ပြီး အခမ်းအနားကို ဘုရားကန်တော့ဖွင့်လှစ်သည်။

ထို့နောက် (၂၆၀၂) နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ စေတီတော်အလှည့်ကျဂေါပကဥက္ကဋ္ဌ ဦးစံလင်းက အဖွင့်စကားလျှောက်ထားပြီး ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး သိင်္ဂီဦးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒာဘာသထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဆရာတော် သံဃာတော်များက အသံမစဲ ပဋ္ဌာန်း ဒေသနာများ ရွတ်ပွားပူဇော်ကြသည်။

ရွှေတိဂုံစေတီတော်ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို တပေါင်းလဆန်း ၆ ရက်မှ လပြည့်နေ့အထိ (မတ် ၆ ရက်မှ ၁၅ ရက်ထိ) ၁၀ ရက်တိုင်တိုင် ကျင်းပကာ မတ် ၁၁ ရက်မှ ၁၅ ရက်ထိ ထေရဝါဒတရားပွဲများ၊ မတ် ၁၄ ရက် ညနေ ၄ နာရီတွင် သံဃာတော် ၁၅၃ ပါးနှင့် သီလရှင် ၂၇ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ မတ် ၁၅ ရက် နံနက် ၅ နာရီတွင် ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းပွဲနှင့် နံနက် ၉ နာရီတွင် လှူဒါန်းမှု အစုစုတို့အတွက် ရေစက်ချပွဲတို့ကို အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

၁၃၇၅ ခုနှစ် မဟာသင်္ကြန်ပွဲတော် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ကျင်းပမည့် ပြိုင်ပွဲအမျိုးအစားများနှင့် လျှောက်လွှာတင်သွင်း၊ လက်ခံရက်များ ကြေညာခြင်း

၁။ မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအကပြိုင်ပွဲများကို ယခင်နှစ်များနည်းတူ ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ယိမ်းပြိုင်ပွဲများကို မူလတန်းကြိုကျောင်းများ ၁၂ ဦးပြိုင်ပွဲ၊ ရုံးဌာနများ၊ ကျောင်းများ၊ အခြားအဖွဲ့အစည်းများ၊ ၁၂ ဦးယိမ်းနှင့် ၁၆ ဦးယိမ်းပြိုင်ပွဲများ၊ ၂၀ ဦးအလွတ်တန်းပြိုင်ပွဲများ၊ ၁၂ ဦးယိမ်းအလွတ်တန်း (ကျား) ပြိုင်ပွဲများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဟူ၍ သီခြားကျင်းပပေးမည် ဖြစ်ပါသည်။

၃။ ပြိုင်ပွဲဝင်မည့် အသင်းများသည် ယနေ့မှစ၍ ၃-၄-၂၀၁၄ ရက်နေ့အထိ ရုံးချိန်အတွင်း ကျောက်တံတားမြို့နယ် (၃၈)လမ်း (၉)ထပ်ရုံး (၇)လွှာရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စစ်ဆေးရေးဌာနရုံးခန်း၌ လာရောက်စာရင်းပေးသွင်းနိုင်ပါသည်။

၄။ အသေးစိတ်သိလိုသော အချက်များကို (၃၈)လမ်း (၉)ထပ်ရုံး (၇)လွှာရှိ စစ်ဆေးရေးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က) အတွင်းရေးမှူး အကဲဖြတ်လုပ်ငန်းကော်မတီ -၀၁-၃၇၉၆၉၃

(ခ) အကဲဖြတ်လုပ်ငန်းကော်မတီရုံးအဖွဲ့ -၀၁-၃၇၈၀၀၃

စစ်ဆေးရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင်တန်းတက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မတ် ၈

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်သူရစိုးသည် အိန္ဒိယ သမ္မတနိုင်ငံ နယူးဒေလီမြို့၌ မတ် ၁၀ ရက်မှ မေ ၂ ရက်အထိ ဖွင့်လှစ်မည့် Certificate Course on English Fluency သင်တန်းသို့ တက်ရောက်ရန် ယမန်နေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

သထုံ မတ် ၈

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကြယ်မြင့်မိုရ်ကုမ္ပဏီက သထုံမြို့နယ်အတွင်းရှိ ကျိုက်ကော်-ကတိုက်ကြီး ကတ္တရာလမ်း ၁ မိုင် ၃ ဖာလုံ၊ ညောင်လေးပင်-ကတိုက်လေး ကျောက်ချောလမ်း ၁ မိုင် ၆ ဖာလုံ၊ ကတိုက်လေး-တောကြီး ကျောက်ချောလမ်း ၁ မိုင် ၂ ဖာလုံ၊ ကတိုက်လေး-သောင်ကြီး မြေသားလမ်း ၁ မိုင် ၄ ဖာလုံ ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ကျေးလက်ဦးစီး)



ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ်-ဇီးကုန်း၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂/က၊ မြေကွက်အမှတ်-၆၉(က+ခ)၊ (အလျားပေ ၄၀၊ အနံပေ၆၀) အကျယ်အဝန်းရှိ နှစ်ခြောက်ဆယ်မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်စိုးဦးထံမှ ကျွန်တော်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ၂၈-၂-၂၀၁၄ ရက်စွဲပါ မြေကွက်အရောင်းအဝယ်ကတိစာချုပ်အရ ရောင်းဖိုးငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်တော်(တရားလွှတ်တော်ရှေ့နေ ဦးအေးနိုင်)ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ညွှန်ကြားချက်အရ-

ဒေါ်မြနှင်းယု **LL.B,D.B.L, D.M.L**	ဦးအေးနိုင်
ဒေါ်ခင်ဇာနီဝင်း **LL.B**	**LL.B,D.B.L,D.M.L,Advocate**
အထက်တန်းရှေ့နေများ	တရားလွှတ်တော်ရှေ့နေ
Pioneer Law Firm	(စဉ်-၅၀၈၇/၈၉)
အမှတ်-၁၅၁ (ဒုထပ်)၊ ၃၃လမ်း(လယ်)၊	ဖုန်း-၀၉-၇၃၀၃၂၃၄၃
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။	

အာဆီယံဘဏ်လုပ်ငန်းဆိုင်ရာ နည်းပညာဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သော Internet Banking နှင့် Mobile Banking စနစ်များအတွက် အဓိကလိုအပ်သော လုံခြုံရေးစနစ်များအား အလေးပေးဆွေးနွေးသည့် ASEAN Financial Institution Conference 2014 Yangon(ASEANFIC) ဆွေးနွေးပွဲကို မတ် ၅ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပသည်။**(အပေါ်ပုံ)**

အဆိုပါ ဆွေးနွေးပွဲတွင် မလေးရှားနိုင်ငံ Secure Metric Technology Group မှ Chief Business Development Officer Mr.Lim Chin Wan က "How To Rob A Bank In The 21st Century"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ PT Aprisma Indonesia မှ VP, Business Consultant Ms. Erinandes က "Creating Killer App in Mobile Banking" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မလေးရှားနိုင်ငံ Cyber Intelligence မှ Chief Business Development Officer Mr.Navin Vasdave က "How Hackers Scan and Penetrate Your Network" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မလေးရှားနိုင်ငံ Epic Malaysia Sdn. Bhd. မှ Director/ Chief Technology Officer Mr.Viraj Mudalige က "Branchless Banking Success Stories" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မလေးရှားနိုင်ငံ Insite My Systems Sdn. မှ Managing Director Mr. Robin Hoo က "The Role of Cheque Payment in the Modern World" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မလေးရှားနိုင်ငံ Censof Holdings Berhad မှ Mr.Hazairin က "Zero Latency Enterprise:Straight Through Processing for Investment Management Servies" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မလေးရှားနိုင်ငံ Consulting & Business Development AETINS Sdn. Bhd မှ Vice President Mr. Sankalp Sughosh က "Technology For Myanmar Insurance-Together We Win" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မလေးရှားနိုင်ငံ Cyber Security Malaysia မှ Chief Technology Office Dr. Solahuddin Bin Sham Suddin က "Common Criteria Certification for The Banking Industry" ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးကြသည်။

ယနေ့ဆွေးနွေးပွဲသည် ခြောက်ကြိမ်မြောက်ဖြစ်ပြီး ဆွေးနွေးပွဲတွင် ဘဏ်လုပ်ငန်းများအတွက် အထူးအရေးပါသည့် လုံခြုံရေးဆိုင်ရာကဏ္ဍများအား အဓိကဆွေးနွေးခဲ့ပြီး နိုင်ငံတကာမှ Cyber Crime နှင့် ပတ်သက်သည့် အတွေ့အကြုံများကိုပါ တစ်ပါတည်းဆွေးနွေးကြကြောင်း MCC Group မှ CEO ဦးအောင်စိုးလင်းက ပြောသည်။ **(ကြေးမုံ)**

တက္ကသိုလ်ဝင်စာမေးပွဲဖြေကြရာတွင် ...

ဘကြီးအောင်

တက္ကသိုလ်ဝင်စာမေးပွဲကြီး ဖြေဆိုရပါတော့မယ်။ ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေအတွက် စာမေးပွဲဖြေဆိုရာမှာ သတိထားရမယ့် အချက်အချို့ကို အကျဉ်းရုံးအသိပေးလိုပါတယ်။

ကျန်းမာရေးဂရုစိုက်ပါ

အနေအထိုင်၊ အစားအသောက်အားလုံးကို ဂရုစိုက်ဖို့လိုပါတယ်။ စာမေးပွဲရက်ဆိုပြီး စားစရာအစုံကို လိုတာထက် ပိုပြီးစားတာရယ် ညဥ့်နက်အောင်စာကြည့်ပြီး ပုံမှန် အိပ်ချိန်ထက်နောက်ကျမှ အိပ်တာရယ်မလုပ်ပါနဲ့၊ ပုံမှန်စားပြီး ပုံမှန်အိပ်ရေးဝဝအိပ်ပါ။ အိပ်ရေးဝမှစာမေးပွဲဖြေရာမှာ ဦးနှောက် ကြည်ကြည်လင်လင်နဲ့ ဖြေဆိုနိုင်မှာဖြစ်ပါတယ်။

ဖြေဆိုရမယ့် နေ့ရက်/ဘာသာရပ် မမှားပါစေနဲ့

ဖြေဆိုရမယ့် နေ့ရက်နဲ့ ဖြေဆိုရမယ့်ဘာသာရပ်မမှားပါစေနဲ့၊ ဖြေဆိုရမယ့် ဘာသာရပ်မှားပြီး စာမေးပွဲမဖြေမီ ရတဲ့အချိန်လေးမှာ ပြန်ကြည့်ဖို့ယူသွားတဲ့ မှတ်စုတွေလည်းမှား၊ မှတ်စုပြန်ယူဖို့ ကျောင်းနဲ့အိမ်နဲ့ သွားလိုက်၊ လာလိုက်လုပ်ရတော့ စိတ်အနှောင့်အယှက်ဖြစ်ရတယ်။ အဲဒီလိုအဖြစ်မျိုး ကိုယ်တိုင်တွေ့ဖူး၊ ကြုံဖူး၊ ကြားဖူးလို့ကိုယ်ဖြေရမယ့် နေ့ရက်၊ အဲဒီနေ့ရက်မှာ ဖြေဆိုရမယ့် ဘာသာရပ် မမှားမိဖို့သတိပေးပါရစေ။

လိုက်နာရမည့် စည်းကမ်းချက်များကို တိတိကျကျလိုက်နာပါ

စာစစ်မှူးများ၊ စာမေးပွဲခန်းကြီးကြပ်သူ ဆရာ ဆရာမများက စာမေးပွဲမဖြေဆိုမီမှာ ကျောင်းသား ကျောင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များကို အစ အဆုံးဖတ်ပြပါတယ်။ ရှင်းလင်းပြပါတယ်။ ဒါကို တိတိကျကျ လိုက်နာဖို့လိုပါတယ်။ ရိုးရိုးသားသားကြိုးကြိုးစားစားနဲ့ဖြေဆိုဖို့ လိုအပ်ချက်တစ်ရပ်အနေနဲ့ပြောလိုပါတယ်။

ညွှန်ကြားချက်အတိုင်းဖြေဆိုပါ

မေးခွန်းစာရွက်ရဲ့ ထိပ်ပိုင်းမှာ မေးခွန်းကို ဘယ်လိုဖြေရမလဲဆိုတာ ညွှန်ကြားချက်ပါပါတယ်။ ဥပမာ- "အပိုင်းတစ်ပိုင်းစီမှ အနည်းဆုံးတစ်ပုဒ်ဖြေဆိုရန်"၊ "မေးခွန်း ၆ ပုဒ်သာဖြေဆိုရန်" စသည် စသည်ဖြင့် ညွှန်ကြားထားတတ်ပါတယ်။ ညွှန်ကြားချက်အတိုင်း တိတိကျကျဖြေဖို့လိုပါတယ်။

မေးခွန်းကိုအစ အဆုံး စေ့စေ့စပ်စပ်ဖတ်ပါ

မေးခွန်းကိုအစအဆုံး မဖတ်ဘဲ အစပိုင်းလောက်ကိုသာ ဖတ်ပြီး ကိုယ်ထင်ရာ တောက်လျှောက်ဖြေတာတွေကို အများကြီးတွေ့ဖူး၊ ကြုံဖူးပါတယ်။ မေးခွန်းရဲ့လိုရင်းအဖြေကို မရောက်ဘဲ အချိန်ကုန်အမှတ်ပြည့်မရတဲ့အဖြစ်မျိုး မဖြစ်ရအောင် မေးခွန်းကိုသေသေချာချာ အစအဆုံးဖတ်ပြီး လိုရင်းအဖြေရောက်အောင် လက်ရေးလက်သားသပ်သပ်ရပ်ရပ်နဲ့မမှားမယွင်းအောင် မေးခွန်းနဲ့ ဘောင်ဝင်အောင်ဖြေဆိုစေချင်ပါတယ်။

ဖြေဆိုချိန်ကို သတိပြုပါ

ဖြေဆိုရမှာက သုံးနာရီမေးခွန်းပါ။ သုံးနာရီဖြေဆိုချိန်မို့ ဖြေရမယ့် မေးခွန်းပုဒ်ရေ၊ ပေးမှတ်အားလုံးကို ချိန်ဆရပါမယ်။ သုံးနာရီမေးခွန်းကို နှစ်နာရီခွဲလောက်နဲ့ဖြေပြီးလို့ စာဖြေခန်းက ထွက်သွားတာမျိုး၊ ၁၀ မှတ်ပဲပေးတဲ့မေးခွန်းကို နာရီဝက်လောက်ဖြေပြီး အမှတ် ၂၀ ပေးတဲ့မေးခွန်းကို ၁၅ မိနစ်လောက်ပဲ ဖြေတာမျိုးမဖြစ်သင့်ပါဘူး။ ဖြေရမယ့်မေးခွန်း ပုဒ်ရေ၊ ပေးမှတ်တွေကိုကြည့်ပြီး ကိုယ့်ဘာသာကိုယ်တစ်မှုဟုတ်ချင်း ဆုံးဖြတ်သတ်မှတ်ပြီး ဖြေဖို့လိုပါတယ်။ ဖြေဆိုချိန်ကို အထူးသတိပြုဖို့ လိုပါတယ်။

အဖြေလွှာကို ပြန်စိစစ်ပါ

ကိုယ်ဖြေပြီးတဲ့ အဖြေလွှာမှာ ကိုယ့်ရဲ့ခုံနံပါတ်မှန်လား။ ဖြေဆိုဖို့ ညွှန်ကြားထားတဲ့အတိုင်း ဖြေဆိုတဲ့ မေးခွန်းပုဒ်ရေအားလုံး ပြည့်ရဲ့လား။ ပုဒ်ခွဲလေးတွေ အက္ခရာစဉ် တပ်ရာမှာမှန်ရဲ့လား။ တစ်ပုဒ်ချင်းဖြေပြီးတိုင်း မျဉ်းပိတ်တာ၊ စာလုံးပေါင်း၊ အမှားအမှန်စစ်တာတွေကို ရတဲ့အချိန်လေးမှာ တန်ဖိုးရှိရှိပြန်ပြီး စိစစ်ဖို့လိုပါတယ်။ အဖြေလွှာ တစ်အုပ်ထက်မကဖြေဆိုထားရင်လည်း ပြန်လည်စိစစ်ဖို့လိုပါတယ်။ ပြီးမှ ကိုယ့်ရဲ့အဖြေလွှာစာအုပ်ကို စာမေးပွဲခန်းကြီးကြပ်သူ ဆရာ ဆရာမများလက်ထဲ မှတ်မှတ်ရရ လေးလေးစားစား ရိုရိုသေသေနဲ့ အပ်နှံရပါမယ်ဆိုတာကို ပြောလိုပါတယ်။ ဒါတွေကို သတိမူပြီး ဖြေဆိုသူတိုင်း ဘဝရဲ့တစ်ဆစ်ချိုးအောင်မြင်မှု လှေကားထစ်ကို တစ်ထစ်ချင်း၊ တစ်လှမ်းချင်းလျှောက်လှမ်းနိုင်မယ်လို့ ယုံကြည်ပါတယ်။

မိဘညီအစ်ကိုမောင်နှမများသို့

ကလေးတွေကို စာမေးပွဲအောင်စေချင်လွန်းလို့ သူတို့လေးတွေကို စိတ်အနှောင့်အယှက်ဖြစ်အောင် ဖိအားတွေ မပေးပါနဲ့။ ပုံမှန်အတိုင်း ကျန်းမာဖို့ စိတ်ရွှင်လန်းဖို့ အားပေးပါ။ ဘာသာတရားမမေ့ဖို့ လမ်းညွှန်ပေးပါ။ ဖြေဆိုရမယ့် ဘာသာရပ်၊ နေ့ရက် မမှားဖို့၊ စည်းကမ်းနှင့်အညီ ရိုးရိုးသားသားဖြေဖို့၊ ညွှန်ကြားချက်အတိုင်း မေးခွန်းပုဒ်ရေပြည့်အောင် အချိန်ပြည့်ဖြေဖို့၊ အမှားအယွင်းကင်းအောင် အဖြေလွှာပြန်စိစစ်ဖို့ စတာတွေကို သတိပေးခြင်းဖြင့် ကိုယ့်ရဲ့ စေတနာမှန်ကို ပြကြဖို့လိုကြောင်း ပန်ကြားလိုပါတယ်။ ။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ နေပြည်တော်
တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန အောက်ပါလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

(က) Hybrid IP PBXSystem(Co3+Ext:16)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၄-၃-၂၀၁၄ ရက် ၁၄:၀၀ နာရီတွင် နောက်ဆုံးထား၍ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့ တင်ဒါ စည်းကမ်းများနှင့်အညီ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၄၄၈၉၊ ၀၆၇-၄၀၄၅၁၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ ဝါးတန်းလမ်း၊ အမှတ်(၈၃)၊ ၇-လွှာ(B)၊ လမ်းမဘက်မှ မျက်နှာမူလျှင် ယာဘက်ခြမ်း တိုက်ခန်း(၁)ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်ချမ်းဦး[၁၂/မဂဒ(နိုင်)၀၉၇၂၁၅]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်သူရ(မြောင်းမြ)
LL.B,A.G.T.I(EP),D.B.L,D.M.L,WIPO(SWITZERLAND)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)
ဘဏ်ရှေ့နေနှင့်ဥပဒေအကြံပေး
အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၃၁၁၆၇၀၈၆





ပျောက်ဆုံးကြောင်း

ဦးသူရိယ [၁၂/တမန(သ)၀၀၁၁၅၈] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၄၁၇၄၄၀



မီးသတိပြု

နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများသို့ အသိပေးကြေညာချက်

၁။ မြန်မာ့စီးပွားရေးဘဏ်ခွဲအသီးသီးတွင် ပင်စင်လစာထုတ်ယူလျက်ရှိသော မြို့ပြ၊ နိုင်ငံရေး၊ ကာကွယ်ရေးပင်စင်စားများမှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့အထိ တိုးမြှင့်ပင်စင်လစာလာရောက် မထုတ်ယူသောအငြိမ်းစား ၄၀၀၄၃ ဦး ကျန်ရှိနေပါသည်။ ယင်းပင်စင်စားများအနေဖြင့် ပင်စင်လစာကို သက်ဆိုင်ရာဘဏ်များနှင့်ဆက်သွယ်၍ ၂၀၁၄ ခုနှစ် မတ်လအတွင်း အပြီးထုတ်ယူကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၂။ ပင်စင်စားများအနေဖြင့် ပင်စင်ခံစားခွင့်နှင့်ပတ်သက်၍ မေးမြန်းစုံစမ်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းကြပါရန်နှင့် ပင်စင်ခံစားခွင့်အတွက် လိုအပ်သည်များ ကူညီသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်-

စဉ်	ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်	လိပ်စာ	Fax နံပါတ်	ဖုန်းနံပါတ်
၁။	ပင်စင်ဦးစီးဌာန (ရုံးချုပ်)	ရုံးအမှတ်(၃၄) နေပြည်တော်	၀၆၇-၄၁၀၄၁၉	၀၆၇-၄၁၀၄၁၅ ၀၆၇-၄၁၀၄၀၈ ၀၆၇-၄၁၀၃၇၂ ၀၆၇-၄၁၀၅၂၁
၂။	ရန်ကုန်တိုင်း ဒေသကြီး	အမှတ်(၂၇)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့	၀၁-၃၇၄၇၆၅	၀၁-၃၇၆၆၄၀ ၀၁-၃၇၆၆၈၅
၃။	ဧရာဝတီတိုင်း ဒေသကြီး	အမှတ်(၅)၊ ကုန်စုံလမ်း၊ မြို့မဈေး အနောက်ဘက်၊ ပုသိမ်မြို့	၀၄၂-၂၅၅၅၃	၀၄၂-၂၅၅၅၃
၄။	ရခိုင်ပြည်နယ်	စက်ရုံလမ်း၊ ဆင့်ကူးလမ်းရပ်ကွက်၊ သဘော်ဆိပ်အနီး၊ စစ်တွေမြို့	၀၄၃-၂၄၂၇၃	၀၄၃-၂၄၃၁၅
၅။	မွန်ပြည်နယ်	အမှတ်(၇)အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့	၀၅၇-၂၇၁၅၀	၀၅၇-၂၇၁၅၀
၆။	ကရင်ပြည်နယ်	သီရိလမ်း၊(၄)ရပ်ကွက်၊ ဘားအံမြို့	၀၅၈-၂၂၅၂၂	၀၅၈-၂၂၅၂၂
၇။	တနင်္သာရီတိုင်း ဒေသကြီး	အကွက်(၂၄)ဆန်းချိရပ်၊ အနောက်ကွင်း၊ တိုးချဲ့မြို့သစ်၊ ဆိပ်ကမ်းသာလမ်း၊ ထားဝယ်မြို့	၀၅၉-၂၁၆၅၇	၀၅၉-၂၃၄၉၃
၈။	ပဲခူးတိုင်း ဒေသကြီး(အရှေ့)	(၃၃)လမ်းနှင့် ရန်ကုန် တောင်ငူလမ်းမကြီး၊ မြို့တွင်းရပ်၊ ပဲခူးမြို့	၀၅၂-၂၁၂၁၆	၀၅၂-၂၁၂၁၆ ၀၅၂-၂၁၀၁၇
၉။	ပဲခူးတိုင်း ဒေသကြီးရုံးခွဲ (ပြည်မြို့)	ရန်ကုန်ပြည်လမ်း၊ ဆင်စုရပ်၊ ပြည်မြို့	၀၅၃-၂၆၄၇၆	၀၅၃-၂၆၄၇၆
၁၀။	မန္တလေးတိုင်း ဒေသကြီး	အမှတ်(၁၅၇)၊(၈၃)လမ်း၊၂၄နှင့် ၂၅လမ်းကြား ပြည်ကြီးကျက်သရေရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊မန္တလေးမြို့	၀၂-၇၁၈၃၂	၀၂-၇၁၈၃၂
၁၁။	မကွေးတိုင်း ဒေသကြီး	မြို့နယ်ကုန်သွယ်ရေးရုံးဝင်းအတွင်း စိုးကောမင်းရပ်၊ မကွေးမြို့	၀၆၃-၂၅၅၈၁	၀၆၃-၂၅၅၈၁
၁၂။	စစ်ကိုင်းတိုင်း ဒေသကြီး	သာစည်လမ်း၊ ဒေါနခြံရပ်၊ မုံရွာမြို့	၀၇၁-၂၃၄၉၅	၀၇၁-၂၃၆၁၆ ၀၇၁-၂၃၄၉၅
၁၃။	ကချင်ပြည်နယ်	အမှတ်(၁၄)ဒေင်စံပြလမ်း၊ ဒေင်ရပ်ကွက်၊ တပ်ကုန်းမြောက်၊ မြစ်ကြီးနားမြို့	၀၇၄-၂၂၁၆၄	၀၇၄-၂၂၁၆၄
၁၄။	ရှမ်းပြည်နယ် (တောင်ကြီး)	သစ်တောဂိတ်အနီး၊ ကျောင်းကြီးစုရပ်၊ တောင်ကြီးမြို့	၀၈၁-၂၁၂၅၀၁၉	၀၈၁-၂၁၂၅၀၁၉
၁၅။	ရှမ်းပြည်နယ်ရုံးခွဲ (လားရှိုး)	နမ္မတူလမ်းခွဲ၊ ကုန်သွယ်လယ်ယာဟောင်းဝင်း၊ (၉)ရပ်ကွက်၊ လားရှိုးမြို့	၀၈၂-၃၀၉၄၁	၀၈၂-၃၀၉၄၁
၁၆။	ရှမ်းပြည်နယ်ရုံးခွဲ (ကျိုင်းတုံ)	၃(ခ)၊ ၁၁၈ ရပ်ကွက်(၃)၊ မြို့သစ်မြို့တော်ခန်းမအနောက်၊ ကျိုင်းတုံမြို့	၀၈၄-၂၃၀၂၅	၀၈၄-၂၃၀၂၅
၁၇။	ကယားပြည်နယ်	ဒေါဥခူရပ်ကွက်၊ မြန်မာ့အာမခံရုံးလမ်းကြား၊ လွိုင်ကော်မြို့	၀၈၃-၂၂၅၃၇	၀၈၃-၂၂၅၃၇

ပင်စင်စားဝန်ထမ်းများအား တန်ဖိုးနည်းမိုဘိုင်းဖုန်း လျှောက်ထားနိုင်

ရန်ကုန် မတ် ၈

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သက်ပြည့်(သက်ရှိ) ပင်စင်စားဝန်ထမ်းများအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တန်ဖိုးနည်းမိုဘိုင်းဖုန်းများ ရောင်းချပေးရေးအတွက် စည်ပင်နယ်နိမိတ်အတွင်း ပင်စင်စားများသည် သက်ဆိုင်ရာမြို့နယ်စာတိုက်များနှင့် စည်ပင်ပြင်ပ ပင်စင်စားများမှာ သက်ဆိုင်ရာ မြို့နယ်အိတ်ချိန်းရုံးများတွင် မတ် ၁၀ ရက်မှစ၍ ပင်စင်စာအုပ် မိတ္တူ၊ မှတ်ပုံတင်မူရင်း/မိတ္တူ၊ ဓာတ်ပုံနှစ်ပုံ၊ သန်းခေါင်စာရင်း မူရင်း/မိတ္တူ (သို့) နေထိုင်ကြောင်း ရပ်ကွက်ထောက်ခံချက်များဖြင့် လျှောက်ထားနိုင်သည်။ လျှောက်လွှာတင်ထားသူများအား မူရင်းပုံစံများပြသ၍ လျှောက်ထားစဉ်က လက်ခံထားသည့် အမှတ်စဉ်အတိုင်း မတ် ၁၇ ရက်တွင် ဖုန်းကတ်များရောင်းချပေးမည်ဖြစ်ကြောင်းနှင့် သတ်မှတ်အရေအတွက်ထက် ကျော်လွန်သွားပါက နောက်လများတွင် လျှောက်ထားစဉ်က လက်ခံထားသည့် လျှောက်လွှာအမှတ်စဉ်အတိုင်း ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တန်ဖိုးနည်းမိုဘိုင်းဖုန်းရောင်းချရေးဌာနမှ သိရသည်။

အေးသန်း(ကြေးမုံ)

နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများသို့ အသိပေးကြေညာချက်

၁။ လက်ရှိပင်စင်လစာ ခံစားလျက်ရှိသော အငြိမ်းစားဝန်ထမ်းများအတွက် ပင်စင်ခံစားခွင့်ဆိုင်ရာကိစ္စများ လိုအပ်သော သတင်းအချက်အလက်များကို စာတိုက်မှဆက်သွယ်ပေးပို့ပါက ပင်စင်စားလက်ဝယ်သို့ လျင်မြန်စွာ ရောက်ရှိနိုင်ရေးအတွက် ပင်စင်စားထံဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံကို အောက်ပါပုံစံအတိုင်းဖြည့်စွက်၍ လစာထုတ်ယူသည့် မြန်မာ့စီးပွားရေးဘဏ်၊ ပင်စင်ဌာနစိတ်သို့ပေးပို့ပါရန် မေတ္တာရပ်ခံပါသည်။

၂။ ၎င်းပုံစံအား သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်များသို့ ပေးပို့ထားပါမည်။

ပင်စင်ခံစားသူ၏ နေရပ်လိပ်စာနှင့်အချက်အလက်များ

အမည်/ရာထူး/ ....
တာဝန်ထမ်းဆောင်ခဲ့သည့်ဌာန ....
ငွေပေးမိန့်အမှတ်(PPA) ....
ပင်စင်အမျိုးအစား ....
လက်ရှိပင်စင်လစာ ....
ထုတ်ယူသည့်ဘဏ် ....
ဆက်သွယ်ရမည့်နေရပ်လိပ်စာ ....
(အပြည့်အစုံ) ....
ဖုန်းနံပါတ် ....

မှတ်ချက်။ ပင်စင်အမျိုးအစား-ဥပမာ သက်ပြည့်၊ နှစ်ပြည့်၊ မိသားစုစသည်ဖြင့် မိမိထုတ်ယူခံစားနေသော ပင်စင်အမျိုးအစားဖြည့်စွက်ပါရန်။

ရက်စွဲ. . . . . . လက်မှတ်. . . . . .

(ပင်စင်ဦးစီးဌာန)



အားကစား

မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၁၄ ပထမပွဲစဉ် စတင်မည်



ရန်ကုန် မတ် ၈

မြန်မာဂေါက်သီးအားကစား ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတကာအဆင့်မီ ဂေါက်သီးသမားများ ပေါ်ထွက်လာရေး၊ မျိုးဆက်သစ် လူငယ်ဂေါက်သီးအားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာရေးနှင့် ထူးချွန်သော နိုင်ငံ့ဂုဏ်ဆောင် လူငယ်ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာရေးကို အဓိကထား၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံအဆင့်မြင့် ဂေါက်သီးပညာရှင်များအသင်း (Myanmar PGA)တို့မှ ကြီးမှူး၍ ဧရာဝတီဘဏ်၊ ယူနိုက်တက်အမရဘဏ်၊ မြဝတီဘဏ်၊ အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်နှင့် အင်းဝဘဏ်တို့မှ အဓိကကူညီပံ့ပိုးသော ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများကို မတ်လမှ စတင်ပြီး နိုဝင်ဘာလ အထိ နေပြည်တော်၊ ရန်ကုန်၊ ပြင်ဦးလွင်၊ မန္တလေး၊ ပုဂံ၊ နေပြည်တော်မြို့များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဧရာဝတီဘဏ်မှ အဓိကကူညီပံ့ပိုးမည်ဖြစ်သော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်ကို မတ် ၁၃ ရက်မှ ၁၆ ရက်အထိ နေပြည်တော်ရှိ ရွှိုင်ရယ်မြန်မာဂေါက်ကလပ်တွင် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်းအဆင့် (Handicap 0-12) အဆင့်ရှိသူများနှင့် အမျိုးသမီး ပြိုင်ပွဲများပါဝင်ပြီး စိန့်အင်ဒရူးဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ဆုများအားထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးအားကစားမောင်မယ်များသည် မတ် ၁၀ ရက် ညနေ ၃ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးကျပ်နှစ်သောင်းနှင့်အတူ ရွှိုင်ရယ်မြန်မာဂေါက်ကွင်း နေပြည်တော်တွင်လည်းကောင်း၊ မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ရန်ကုန်တွင်လည်းကောင်း စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ပြိုင်ပွဲဝင်များသွားလာရေးအဆင်ပြေစေရန် ရန်ကုန်မြို့မှ နေပြည်တော်သို့အသွား အပြန်ကားစီစဉ်ထားရှိပေးမည်ဖြစ်ပြီး ပြိုင်ပွဲတတိယနေ့ မတ် ၁၅ ရက်တွင် ရွှိုင်ရယ်မြန်မာ ဂေါက်သီးလေ့ကျင့်ရေးကွင်းတွင် မြန်မာပီဂျီအေအသင်းပညာရှင်များမှ ဂေါက်သီးရိုက်နည်းစနစ်များ ပြသခြင်းနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ဂေါက်သီးစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းမည်ဖြစ်ပါသဖြင့် မည်သူမဆို တက်ရောက်လေ့လာနိုင်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉-၅၁၇၇၉၅၆၊ ၀၉-၇၃၀၈၀၁၁၂၊ ၀၉-၄၂၀၀၁၇၈၃၅၊ ၀၉-၂၀၃၇၆၇၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ဖိုးသော်ဇင်

အက်ဖ်အေဖလား ကွာတားဖိုင်နယ် အဲဗာတန်ကို အာဆင်နယ် လေးဂိုး-တစ်ဂိုးဖြင့်နိုင်

အက်ဖ်အေဖလား ကွာတားဖိုင်နယ် ပွဲစဉ်များအနက် အစောဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် အာဆင်နယ်အသင်းနှင့် အဲဗာတန်အသင်းတို့၏ ပွဲစဉ်တွင် နှစ်သင်းစလုံးသည် ၄-၄-၂ ကစားကွက်ပုံစံကို အသုံးပြုကာ ပွဲထွက်လာခဲ့သည်။

ယင်းပွဲစဉ်တွင် ဒဏ်ရာပြဿနာမှ ပြန်လည်သက်သာကာ အသင်းနှင့်အတူ ပွဲထွက်လာနိုင်သည့် ကွင်းလယ်ကစားသမား အိုးဇေးလ်၏ သွင်းဂိုးဖြင့် အာဆင်နယ်အသင်း အဖွင့်ဂိုးစတင်ရရှိခဲ့သည်။

ထို့နောက် ဧည့်သည် အဲဗာတန်အသင်းသည် ၃၂ မိနစ်တွင် လူကာကူ၏ သွင်းဂိုးဖြင့် ချေပဂိုး ရရှိခဲ့သော်လည်း ဒုတိယပိုင်း ပွဲကစားချိန် ၆၈ မိနစ်တွင် အာတီတာက အာဆင်နယ်အတွက် ဒုတိယမြောက်သွင်းဂိုးကို သွင်းယူပေးခဲ့ပြီးနောက် အဝေးကွင်းတွင် အဲဗာတန်အသင်း ချေပဂိုးရရှိရေးအတွက် ကစားသမားလဲလှယ်မှု တစ်ပြိုင်တည်း နှစ်ဦးထည့်သွင်းကစားစေခဲ့သည်။ သို့သော် အိမ်ကွင်းအားသာချက်၊ ကစားသမားများ၏ စွမ်းဆောင်ရည်မြင့်မားမှုကြောင့် ၈၃ မိနစ်နှင့် ၈၅ မိနစ်တွင် အာဆင်နယ်တိုက်စစ်မှူး ဂီရောက်က နှစ်ဂိုးထပ်မံပေးယူခဲ့သဖြင့် အာဆင်နယ်အသင်းက အဲဗာတန်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ချယ်လ်ဆီးကွင်းလယ်ကစားသမား ရာမီရက်စ် ဘရာဇီးအသင်းနှင့်အတူ ကမ္ဘာ့ဖလားကစားရန် ဆန္ဒရှိနေ

ချယ်လ်ဆီးကွင်းလယ် ကစားသမား ရာမီရက်စ်သည် ဘရာဇီးမြေ၌ ကျင်းပမည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းနှင့်အတူ ပွဲထွက်ကစားရန် ဆန္ဒရှိနေကြောင်းသိရသည်။ ပရီမီယာလိဂ်ကြယ်တစ်ပွင့်ဖြစ်သူ ကွင်းလယ်ကစားသမား ရာမီရက်စ်သည် ပြီးခဲ့သည့်သီတင်းပတ်လယ်က ကစားခဲ့သည့် ဘရာဇီးအသင်းနှင့် တောင်အာဖရိကအသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွင် ချယ်လ်ဆီးအသင်း ကစားဖော်အော်စကာ၏နေရာတွင် လူစားလဲကစားပေးခဲ့ရပြီး ဘရာဇီးအသင်းကွန်ဖက်ဒရေးရှင်း ဖလားရရှိခဲ့သည့် ပြိုင်ပွဲတွင်မူ ဘရာဇီးအသင်းအတွက် ပါဝင်ကစားခွင့် မရရှိခဲ့ပေ။

သို့ရာတွင် ကွင်းလယ်ကစားသမား ရာမီရက်စ်သည် ချယ်လ်ဆီးအသင်းနှင့်အတူ အကောင်းမွန်ဆုံးခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် ဘရာဇီးနိုင်ငံလက်ရွေးစင်အသင်းတွင် ပါဝင်ကစားခွင့်ရရှိလာခဲ့သည်။ ထို့ကြောင့် ရာမီရက်စ်အနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် နည်းပြဖီလစ်ပီစကော်လာရီ၏ ဘရာဇီးအသင်းတွင် ဆက်လက်ပါဝင်ကစားနိုင်ရေး အကောင်းဆုံး ပုံစံဖြင့် ကစားရန်ဆုံးဖြတ်ခဲ့ပြီး ဘရာဇီးအသင်း၏ ပဏာမကစားသမားစာရင်းကို မေလတွင်ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်းလည်း သိရသည်။

မြန်မာ့ရိုးရာခြင်းခတ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၈

၂၀၁၄ ခုနှစ် နဝမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလားနှင့် (၃၈)ကြိမ်မြောက် တိုင်းဒေသကြီး/ပြည်နယ် Ooredoo ဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကြီးကို မတ် ၃၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများမှာ ပြည်ထောင်စုဝန်ကြီးဖလား တံခွန်စိုက်တန်း (အမျိုးသား)၊ တိုင်းဒေသကြီး/ပြည်နယ်ဒိုင်း (၆)ပေါက်တန်း(အမျိုးသား)၊ (၄)ပေါက်တန်း (အမျိုးသမီး)၊ Ooredoo ဖလား (၄) ပေါက်တန်း(လူသစ်တန်း၊ အမျိုးသား)၊ (၄)ပေါက်တန်း(အမျိုးသမီး)၊ စွမ်းရည်ပြအလှခတ်(အမျိုးသား) တို့ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်းများ၏ နေထိုင်စားသောက်ရေးကို မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ စီစဉ်ပေးသွားမည်ဖြစ်ပြီး ဝတ်စုံများကို Ooredoo ကုမ္ပဏီမှ ပံ့ပိုးကူညီသွားမည်ဖြစ်သည်။ ဆုကြေးများကို ထိုက်ထိုက်တန်တန်ချီးမြှင့်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဖုန်း ၀၁-၃၉၃၄၂၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ခြင်းလုံးအဖွဲ့ချုပ်)

ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီ ပွဲစဉ်နှစ်ခုလွဲချော်ဖွယ်ရှိ

ဓမ္မကြည်

ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီသည် ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ဒဏ်ရာမှ ပြန်လည်သက်သာကာ အသင်းနှင့်အတူ ပွဲထွက်ကစားနိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့သော်လည်း ၎င်း၏ပုဂ္ဂိုလ်ရေးရာ အကြောင်းပြချက်များကြောင့် ပီအက်စ်ဂျီအသင်းနှင့် ဘက်စတီယာအသင်းတို့၏ပွဲစဉ်နှင့် လွဲချော်လိမ့်မည်ဖြစ်သည့်အပြင် ဂျာမန်ဘွန်ဒက်လီဂါကလပ် လေဗာကူဆင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တွင်လည်း ပီအက်စ်ဂျီအသင်းနှင့်အတူ ပွဲထွက်ကစားလာနိုင်ရန်လည်း မသေချာမရေရာသေးသည့် အနေအထား၌သာ ရှိနေကြောင်းသိရသည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးကာဗာနီသည် ယခုနှစ်ဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်းအတွက် ပြင်သစ်ပထမတန်းဖလားပြိုင်ပွဲတွင် ၂၂ ပွဲပါဝင်ကစားပေးထားကာ ၁၄ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်
အမှတ်(၄၂၂/၄၂၆)၊ကမ်းနားလမ်းနှင့်ဗိုလ်တထောင်ဘုရားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀-ဂျ)တွင် သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်မှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

RC(၂)ထပ်တိုက် ရုံးအဆောက်အအုံ ပေ(၄၀×၈၀) အမြင့်(၂၂)ပေ

(ရေမီးအပါအဝင်)ပေ(၄၀×၄၀)+ပေ(၄၀×၈၀)(L Shape)=(၄၈၀၀sqft)×၂ထပ်(Roof Slab)

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၁၀-၃-၂၀၁၄ ရက်မှစ၍ အောက်ဖော်ပြပါလိပ်စာတွင် တစ်စောင်လျှင် ကျပ် (၅၀၀၀ဝိ/-)တိတိနှုန်းဖြင့်ရောင်းချမည်ဖြစ်ပြီး ၂၄-၃-၂၀၁၄ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ တင်ဒါပြန်လည်တင်သွင်းကြရန် ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် လုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်ထားသည့် အိတ်ဖွင့်တင်ဒါပုံစံကို တင်သွင်းရမည်။

၄။ အသေးစိတ်သိရှိလိုပါက အမှတ်(၄၂၂/၄၂၆)၊ ကမ်းနားလမ်းနှင့်ဗိုလ်တထောင်ဘုရားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၊ တတိယထပ်ရှိ စီမံရေးဌာနတွင် ဝယ်ယူနိုင်ပြီး ဖုန်းနံပါတ်-၀၁-၂၀၂၀၅၂သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရွေးချယ်ရေးအဖွဲ့
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်

မုံ့ရွာကန်သာယာရေကန်ကြီးအနီးမှ ၉ မမကျည်ဆန်များတွေ့ရှိ

မုံ့ရွာ မတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး မုံ့ရွာမြို့ ဒေါနခြံရပ်ကွက် ကန်တော်မင်းကျောင်းတိုက်သွားလမ်း ကန်သာယာကန်ကြီး၏တောင်ဘက် တာရိုးပေါ်တွင် မတ် ၆ ရက် ညနေ ၃ နာရီခန့်က ၉ မမကျည်ဆန်များတွေ့ရှိခဲ့ကြောင်း မုံ့ရွာခရိုင်ဒုစရိုက်မှုအထူးနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်လင်းထက်နိုင်က ပြောကြားသည်။

အဆိုပါရေကန်ကြီးအတွင်းမှ ဗေဒါပင်များကို ကမ်းပေါ်သို့ဆယ်ယူရေးလုပ်ငန်းများ လုပ်ကိုင်နေသူ အလုပ်သမားတစ်ဦးက ယင်းကျည်ဆန်များကို စတင်တွေ့ရှိခဲ့ပြီး သက်ဆိုင်ရာသို့အကြောင်းကြားခဲ့ရာ မုံ့ရွာမြို့မရဲစခန်းမှ တာဝန်မှူး ရဲအရာရှိ ရဲအုပ်ကျော်ဝင်းလှိုင်နှင့်အဖွဲ့က လာရောက်စစ်ဆေးခဲ့ရာ ၉ မမကျည်ဆန် ၁၂ တောင့် (အဟောင်း)ဖြစ်သည်ဟု သိရသည်။**(အပေါ်ယာပုံ)** အဆိုပါကျည်ဆန်များအား စစ်လက်နက်တပ်သို့ လွှဲပြောင်းပေးအပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

၂၀၁၃ ခုနှစ် မေ ၃၀ ရက် နံနက်ပိုင်းကလည်း အဆိုပါကန်သာယာရေကန်ကြီးအတွင်းမှ လက်ပစ်ဗုံးနှစ်လုံးနှင့် ကျည်ဆန်များတွေ့ရှိခဲ့ရသည့်ဖြစ်စဉ်များရှိခဲ့ကြောင်း စခန်းမှူး ဒုရဲမှူးကျော်ကျော်ညွှန့်ထံမှ သိရသည်။

တိုးတိုးဝင်း(မုံ့ရွာ)

ငါးမြွေထိုးပါးစပ်ထဲဝင်၍ သေဆုံးမှုဖြစ်ပွား

ထန်းတပင် မတ် ၈

တောင်ငူခရိုင် ထန်းတပင်မြို့နယ် ကြိမ်တောမြောင်ကျေးရွာအုပ်စု မင်းကျိုင်းကျေးရွာနေ မင်းနိုင်ဦး(၃၈)နှစ်သည် မတ် ၄ ရက် ညနေ ၅ နာရီခွဲခန့်က ရွာ၏အနောက်ဘက် လယ်သမားတူးမြောင်းအတွင်း၌ သားဖြစ်သူချမ်းမင်းဦး(၁၄)နှစ်၊ အုတ်တွင်းမြို့နယ် ဆိတ်ဖူးကုန်းကျေးရွာနေသူများဖြစ်သော မျိုးနိုင်ဝင်း(၁၉)နှစ်၊ စိုင်းလင်း(၁၆)နှစ်တို့နှင့်အတူ ပိုက်ကွန်ပစ်ပြီး ကွန်တွင်မိသောငါးမြွေထိုးအားဖြုတ်၍ပါးစပ်၌ ကိုက်ထားစဉ် အဆိုပါငါးမြွေထိုးမှာ ပါးစပ်တွင်းဝင်သွားပြီး လည်ချောင်း၌တစ်ကာ အသက်ရှူကျပ်၍ သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဇရပ်ကြီးနယ်မြေရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ် ၄/၂၀၁၄ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

(ကိုလွင်-ဆွာ)

ထိုင်းနိုင်ငံမှ မြန်မာအလုပ်သမားများကို အယောင်ဆောင်ငွေညှစ်သူအား ဖမ်းဆီးရမိ

ဗန်ကောက် မတ် ၈

ထိုင်းနိုင်ငံတွင် မြန်မာအလုပ်သမားများကို လူဝင်မှုကြီးကြပ်ရေးဌာန (တော‌မော)အသွင်အယောင်ဆောင် ငွေညှစ်သူအား မတ် ၄ ရက် ညနေပိုင်းက တာဝန်ရှိသူများက ဖမ်းဆီးရမိပြီဖြစ်ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association inThailand)မှ ဆက်သွယ်ပြောကြားချက်အရ သိရသည်။

ဖြစ်စဉ်မှာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် ၈၁ ကီလိုဝေးသော ချွန်ဘူလီခရိုင် ဖတ်ထရာမြို့ရှိ ကော့လန်းကျွန်းတစ်နေရာတွင် ထိုင်းနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာန (တော‌မော)အသွင်အယောင်ဆောင်၍ မြန်မာရွှေ့ပြောင်းအလုပ်သမားများကို မကြာခဏ ငွေညှစ်တောင်းခံခြင်း၊ အလုပ်ရှင်များကိုလည်း ငွေညှစ်တောင်းခံခြင်းများရှိလာသောကြောင့် ၎င်းကို သက်ဆိုင်ရာမှ တာဝန်ရှိသူ ဟုတ်၊ မဟုတ် စစ်ဆေးပေးပါရန် တိုင်ကြားမှုများရှိလာ၍ တာဝန်ရှိသူများက စုံစမ်းဖော်ထုတ်ရာ ထိုင်းနိုင်ငံသား နိုင်ဖဒွန်းကရောက်ဝိုင်း (၃၀နှစ်)အား သေနတ် နှစ်လက်၊ လက်ထိတ်များနှင့်အတူ စကားပြောစက်တို့ကိုပါ ပူးတွဲဖမ်းဆီးရမိကြောင်း သိရသည်။

(စိုးဝင်း-MLA)

သကြားစက်ရေကန်အတွင်း ရေဆင်းကူးရာမှ ဆယ်တန်းကျောင်းသား ရေနစ်သေဆုံး

ဖြူး မတ် ၈

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဇေယျဝတီသကြားစက်၏တောင်ဘက် သကြားစက်မှအသုံးပြုသော ရေကန်တွင် မတ် ၃ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် မောင်ရိုဗယ်ကြည်မြင့်(၁၆)နှစ် ဇေယျဝတီ အထက(၂)မှ ဒသမတန်းကျောင်းသား ဖဆ၃လမ်း ဇေယျဝတီမြို့နေသူနှင့် မောင်ဟိန်းဇော်ထက်(၁၆)နှစ် ဇေယျဝတီအထက(၁)မှ ဒသမတန်းကျောင်းသား စက်တွင်း(၂)လမ်း ဇေယျဝတီ မြို့နေသူတို့နှစ်ဦးသည် ရေဆင်းချိုးရာမှ မောင်ဟိန်းဇော်ထက်မှာ ရေနစ်သေဆုံးခဲ့သည်။

ဇေယျဝတီနယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်တင်သိန်းနှင့် အဖွဲ့သည် အသိသက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ၎င်းမှာ ပါးစပ်တွင် အမြှုပ်များထွက်လျက် သေဆုံးနေသည်ကို တွေ့ရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဇေယျဝတီနယ်မြေရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ် ၂/၂၀၁၄ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

(ကိုလွင်-ဆွာ)

လမ်းပေါ်တွင် ရပ်ထားသော ကားအတွင်းမှ သစ်များဖမ်းမိ

ကောလင်း မတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ဒိုးပင်ကျေးရွာအနီး ရွှေဘို-မြစ်ကြီးနားသွားကားလမ်းပေါ်ရပ်ထားသော ကားပေါ်မှ တရားမဝင် တမလန်းသစ်ခွဲစားရွေတုံး ၁၃၉ လုံး တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃ ရက် နံနက် ၅ နာရီခွဲတွင် ကောလင်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်တင်မိုးနှင့် အဖွဲ့သည် ခံသာရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပူးပေါင်း၍ သတင်းအရ သက်သေများနှင့်အတူ ဒိုးပင်ကျေးရွာအနီး ရွှေဘို-မြစ်ကြီးနားကားလမ်း ၁၀၆ မိုင် သုံးဖာလုံနေရာတွင် ရပ်ထားသည့် ယာဉ်မောင်း မောင်ထွန်း မောင်းနှင်လာသည့် ယာဉ်အမှတ် ၉ယ/---- FUSOအမျိုးအစား ၁၂ ဘီးယာဉ်ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင် တမလန်း ခွဲစားရွေတုံး ၁၃၉ တုံး (၈ ဒသမ ၂၆၉၈) တန်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ တမလန်းခွဲစားရွေတုံးများနှင့်အတူ တင်ဆောင်ထားသည့်ယာဉ်ကို မြို့နယ်သစ်တောဦးစီးဌာနသို့ အပ်နှံပြီး သစ်ပိုင်ရှင် ဖိုးနီ(၃၉)နှစ် သခင်ဖိုးလှကြီးလမ်း စက်မှု(၁)ရပ်ကွက် မန္တလေးမြို့နေသူနှင့် ယာဉ်မောင်း မောင်ထွန်း(၂၉) နှစ် ရွှေဂွန်းကျေးရွာ ကျောက်မြောင်းအုပ်စု ရွှေဘိုမြို့နယ်နေသူတို့နှစ်ဦးအား ကောလင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

(၂၁၄)



မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိ အမြဲရှိ



အမေရိကန်၏နိုင်ငံခြားရေးရာမဟာဗျူဟာများ

* ၁၉၀၀ ပြည့်နှစ်မှစ၍ မျက်မှောက်ကာလတိုင် ကမ္ဘာ့နိုင်ငံရေးဦးဆောင်မှုပိုင်းတွင် အောင်ပွဲအဆက်ဆက်ရ အမေရိကန်၏နိုင်ငံခြားရေးရာမဟာဗျူဟာများ။

* မြန်မာ့နိုင်ငံရေးဘဝနှင့် ပတ်သက်နေသူအားလုံး မလွဲမသွေ လေ့လာသင့်သည့် စာအုပ်။

* ဝါရင့်မြန်မာနိုင်ငံ၏ သံအမတ်ကြီး(အငြိမ်းစား)တို့ အမှာစာချီးမြှင့်ထားသည်။

ဒေါက်တာခင်ဒေါနဝင်း(နိုင်ငံခြားရေး) **ထွက်ပြီ**

သီဟရတနာစာအုပ်တိုက် ဖုန်း-၀၉ ၇၃၀၇၈၉၁၂

အစိုးရနှင့် ပုဂ္ဂလိကဖက်စပ်လုပ်ငန်း (PPP)များအတွက် အင်္ဂလန်အစိုးရမှ ကန်ဒေါ်လာနှစ်သန်း ထောက်ပံ့ပေးမည်

ရန်ကုန်၊ မတ် ၈

အစိုးရ နှင့်ပုဂ္ဂလိက ဖက်စပ်လုပ်ငန်း (PPP) စီမံခန့်ခွဲခြင်းများအတွက် မဟာဗျူဟာရေးဆွဲနိုင်ရန် မြန်မာနိုင်ငံအစိုးရအား အင်္ဂလန်နိုင်ငံအစိုးရမှ နည်းပညာအကူအညီအတွက် ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၂ သန်း ထောက်ပံ့သွားမည်ဖြစ်ပြီး ယင်းထောက်ပံ့ငွေအား အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ကစီမံခန့်ခွဲမည် ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် အခြေစိုက်သည့် ယင်းဘဏ်မှ ထုတ်ပြန်ချက်အရ သိရသည်။

တိုင်းပြည်တိုးတက်မှု လိုအပ်မှုများအား ပုဂ္ဂလိကကဏ္ဍမှ . . .

အဆိုပါအထောက်အပံ့သည် နိုင်ငံတော်အစိုးရအား (PPP)လုပ်ငန်းများအတွက် လုပ်ငန်းသတ်မှတ်ခြင်း၊ တိုးတက်ဖွံ့ဖြိုးအောင်လုပ်ဆောင်ခြင်း၊ လုပ်ငန်းများအတွက် လိုအပ်သည်များရယူခြင်းနှင့် ငွေကြေးဆုံးရှုံးမှုများ ဖြစ်လာနိုင်မည့် အန္တရာယ်များအား စီမံခန့်ခွဲသွားမည်ဖြစ်သည်။

"အစိုးရနဲ့ပုဂ္ဂလိက ဖက်စပ်လုပ်တဲ့ လုပ်ငန်းတွေဟာ တိုင်းပြည်လိုအပ်ချက်ကို ပြည့်မီဖို့အတွက် လုပ်ငန်းစဉ်တွေကို ဦးစီးနိုင်ဖို့ နိုင်ငံတော်အစိုးရက အရေးတကြီးလိုအပ်နေပါတယ်။ မြန်မာနိုင်ငံမှာ အလျင်အမြန်တိုးတက်မှုရဖို့အတွက် ပုဂ္ဂလိကကဏ္ဍပါဝင်မှုက အထောက်အကူ ဖြစ်စေပါတယ်၊ ဒါပေမဲ့ စီမံကိန်းတွေချမှတ်ပြီး အောင်မြင်မှုရဖို့အတွက် စနစ်ကျတဲ့ စီမံခန့်ခွဲမှုတွေနဲ့ လုပ်ဆောင်ရမှာဖြစ်ပါတယ်"ဟု ADB ၏ အရှေ့တောင်အာရှဌာနမှ Principal Public-Private Partnership Specialist jzpfol Grant Hauber က ပြောသည်။

နိုင်ငံတကာ တင်ဒါ အပြိုင်ခေါ်သည့် စည်းမျဉ်းများအတွက်လည်း ပိုမိုကောင်းမွန်လာနိုင်မည်ဖြစ်ပြီး လာမည့် ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အစိုးရနှင့်ပုဂ္ဂလိက ဖက်စပ်လုပ်ငန်းအင်စတီကျူးရှင်းဆိုင်ရာ စီမံခန့်ခွဲသည့်ယူနစ် အနည်းဆုံးတစ်ခုအား အစိုးရဝန်ကြီးဌာနတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံအစိုးရမှ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ဆက်သွယ်ရေး၊ လျှပ်စစ်၊ သဘာဝသယံဇာတ၊ အိမ်ရာစီမံကိန်း၊ မြို့ပြလေကြောင်း၊ ကုန်းလမ်းနှင့် လူထုပို့ဆောင်ရေးကဏ္ဍများအတွက် အစိုးရနှင့်ပုဂ္ဂလိက ဖက်စပ်လုပ်ငန်း (PPP) များ အစဉ်တစိုက်လုပ်ဆောင်ခဲ့ကြောင်း ယင်းထုတ်ပြန်ချက်အရ သိရသည်။

သို့သော် တိုင်းပြည်တိုးတက်မှု လိုအပ်မှုများအား ပုဂ္ဂလိကကဏ္ဍ မှ စိတ်ဝင်စားမှု များသော်လည်း လုပ်ဆောင်မှု အကန့်အသတ်ရှိနေခြင်းများကြောင့် အဆိုပါဖက်စပ်လုပ်ငန်းများအတွက် ဆုံးဖြတ်မှုများပြုလုပ်ရန် ခက်ခဲနေကြောင်း သိရသည်။

၂၀၁၈ ဘဏ္ဍာနှစ် အကုန်တွင် ဖက်စပ်လုပ်ငန်းများအား လမ်းညွှန်ရန်နှင့် စီမံခန့်ခွဲရန်အတွက် ပုံမှန်အသုံးပြုရန် မဟာဗျူဟာ တစ်ခုအား ရေးဆွဲမည်ဖြစ်ပြီး ၎င်းမဟာဗျူဟာသည် စီမံကိန်းများအတွက် အသေးစိတ်လေ့လာနည်းများ၊ ရွေးချယ်ပုံများနှင့် တင်ဒါများတွင် ပါဝင်ပုံ နည်းစနစ်များကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနားလည်အောင် ရေးဆွဲသွားမည် ဖြစ်ကြောင်း သိရသည်။

ယခုနည်းပညာ အထောက်အပံ့တွင် အစိုးရဝန်ထမ်းများအတွက် (PPP) လုပ်ငန်းစည်းမျဉ်းများနှင့် အိမ်နီးချင်းနိုင်ငံများမှ အကောင်းဆုံးလုပ်ဆောင်မှုများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများအတွက်လည်း ပါဝင်မည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ပါဝင်သည်။

၎င်းနည်းပညာအထောက်အပံ့မှာ မျှတပြီး ထင်သာမြင်သာရှိစေရန်နှင့် စွမ်းအင် ထုတ်လုပ်ရေးစီမံကိန်းကဲ့သို့ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကဏ္ဍအတွက် ဟန်ချက်ညီမျှမှုရှိရန် အကူအညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင်အမျိုးသား ဖက်စပ်လုပ်ငန်းမူဝါဒ၊ စီမံကိန်းတိုးတက်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ဝေမျှရန်အတွက် အမျိုးသားအင်တာနက်ကွန်ရက် တစ်ခုလည်း တည်ဆောက်သွားမည် ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် အခြေစိုက်သော အာရှဖွံ့ဖြိုးရေးဘဏ်သည် အာရှနှင့် ပစိဖိတ်ဒေသတွင် စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ် တိုးတက်မှုနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများမှ ဆင်းရဲမှုလျှော့ချရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်သည်။

ADB သည် ၁၉၆၆ ခုနှစ်တွင် စတင်တည်ထောင်ပြီး အဖွဲ့ဝင် ၆၇ နိုင်ငံက ပိုင်ဆိုင်ထားကြောင်း ၎င်းတို့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နေဇာ(ပိတောက်ရိပ်)

မူဆယ်ခရိုင်၊ စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ဒေသခံတောင်သူများ။

ဒေသခံတောင်သူလယ်သမားများအား စိုက်ပျိုးရေးဆိုင်ရာနည်းပညာ ဆွေးနွေး

မူဆယ်၊ မတ် ၈

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီး၍ ဒေသခံတောင်သူလယ်သမားများအား စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဆွေးနွေးပွဲနှင့် မြေသြဇာဥပဒေ၊ မျိုးစေ့ဥပဒေရှင်းလင်းပွဲ အခမ်းအနားကို မတ် ၅ ရက်တွင် မူဆယ်မြို့နယ် မုံးပေါ်ဒေသ၌ ကျင်းပခဲ့သည်။

ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်နန်းလွင်လွင်စိန်က တက်ရောက်လာကြသည့် တောင်သူလယ်သမား ၂၈၅ ဦးအား စိုက်ပျိုးရေးနည်းပညာ၊ မြေသြဇာဥပဒေ၊ မျိုးစေ့ဥပဒေတို့ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တောင်သူလယ်သမားတို့၏ သိလိုသည့်မေးမြန်းချက်များအား တာဝန်ရှိသူများနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တို့က ပြန်လည်ရှင်းလင်း ဆွေးနွေးပေးကြကြောင်း သိရသည်။

အယ်လ်စိုး(ပြန်/ဆက်)

ချင်းပြည်နယ်ရှိကျောက်တူးဖော်ရောင်းချမှုများရပ်ဆိုင်း

တီးတိန်၊ မတ် ၈

ချင်းပြည်နယ်အတွင်းရှိ မြွေတောင်ဖားတောင် နီကယ်သတ္တုတူးဖော်ရေးစီမံကိန်းတွင် အနီးပတ်ဝန်းကျင်ရှိ ဒေသခံများက မြေများ၊ ကျောက်များ တူးဖော်ရောင်းချနေမှုများ ယခုလပိုင်းအတွင်း ရပ်ဆိုင်းသွားပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ရွာထဲကိုတော့ ရွာဆော်နဲ့အော်ပြီး ပိတ်ခိုင်းထားပါတယ်။ ရွာသားတွေကို ကျောက်တွေဆက်ပြီး သွားမတူးကြဖို့အတွက် ရပ်ခိုင်းထားလိုက်ပြီ၊ တရုတ်တွေက ကျောက်တွေရဲ့ အရည်အသွေးပေါ်မူတည်ပြီး ထောင်ဂဏန်းကနေ သိန်းဂဏန်းအထိ အဝယ်လိုက်နေတော့ ဒီဒေသကလူတွေအပြင် တခြားဒေသကလူတွေလည်း လာတူးနေကြတယ်။ ဝယ်တာကတော့ ပွဲစားတွေကနေတစ်ဆင့်ဝယ်ပြီး မန္တလေးလမ်းကြောင်းကနေ တရုတ်နိုင်ငံကိုပို့တာပါ၊ ပန်းပုလုပ်ငန်းမှာ အသုံးဝင်တယ်လို့ ပြောကြတယ်။ လာတူးတဲ့သူတွေလည်း အခုခရီးထွက်ပြီး တခြားအလုပ်တွေ လုပ်နေကြတယ်၊ လာဝယ်ကြတာကတော့ ကလေး-တာဟန်းဘက်ကနေ လာဝယ်ကြတယ်။ ဒါပေမယ့် အခုမရှိတော့ပါဘူး" ဟု စီမံကိန်းအနီးရှိ မြစိမ်းကျေးရွာမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဒေသခံလူမှုအဖွဲ့အစည်းများအပါအဝင် သဘာဝပတ်ဝန်းကျင်စောင့်ကြည့်လေ့လာရေးအဖွဲ့များက ထိုသို့မပြုလုပ်ကြရန် ပညာပေးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့ပြီး မြို့နယ်အထောက်အကူပြုအဖွဲ့ကဲ့သို့ ဌာနဆိုင်ရာမှလည်း တားမြစ်မှုများကြောင့် ယခုကဲ့သို့ ရပ်ဆိုင်းသွားခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ မြွေတောင် ဖားတောင်သည် ချင်းပြည်နယ် တီးတိန်မြို့နယ်၌ တည်ရှိပြီး ယင်းတောင်တွင် နီကယ်သတ္တုရိုင်း တူးဖော်ရန်အတွက် တရုတ်ပိုင် North Mining Investment ကုမ္ပဏီက ပြင်ဆင်လျက်ရှိကာ မြွေတောင် ဖားတောင်ကိုပိုင်ဆိုင်သည့် ချင်းပြည်နယ်ကို စီမံကိန်းကာလအတွင်း ကုမ္ပဏီမှ နှစ်စဉ် အကျိုးအမြတ် ကန်ဒေါ်လာငါးသိန်းထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

ဇိုဟေဆာ(ချင်းတောင်ခြေ)

နေရာကောင်းရောင်းမည်

မုန်း-၀၉-၅၀၂၅၃၃၅၀

ရောင်းမည်

၂၀၁၂-၂၀၁၃ ခုနှစ်ထုတ် အင်/ကညင် သစ်လုံးနှင့်ခွဲသားများ အားအောက်ဖော်ပြပါ ဖုန်းနံပါတ်များတွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ဖုန်း-၀၁-၇၀၆၂၀၆၊ ၀၉-၇၃၁၀၄၆၇၃၊ ၀၉-၄၂၀၁၁၅၈၄၀

INVITATION FOR OPEN TENDER

(16th Term Supply Tender)

1. Open Tenders are invited for the Myanma Petrochemical Enterprise, the Ministry of Energy for the supply of High Speed Diesel 1.645 M bbls ± 10% and Jet A1 0.752 M bbls ± 10%.
2. Tender Closing Date - 2-4-2014 at (12:00)noon
3. Tender Opening Date - 2-4-2014 at (13:00) hrs
4. Delivery Time - 1st April 2014 to 31st March 2015
5. Tender Documents and details information are available at the Department of Finance, Myanma Petrochemical Enterprise, Nay Pyi Taw, during office hours commencing 13-3-2014 on payment of the Myanmar Kyat One Hundred Thousand (Kyat 100,000) per set.
6. Only bid from tenderer who has purchased tender document officially from Myanma Petrochemical Enterprise will be accepted for evaluation.

Managing Director

Myanma Petrochemical Enterprise

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

စွမ်းအင်ဝန်ကြီးဌာန

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁/၂၀၁၄)

ရောင်းစားခံခဲ့ရသည့် မြန်မာအလုပ်သမားတချို့ ပြန်လည်လွတ်မြောက်လာ

ကတန်မြို့ ဝှေ့မင်းလေ့ဆိပ်တွင် ရောင်းစားခံခဲ့ရသည့် မြန်မာအလုပ်သမားများအရေး ဖြေရှင်းဆောင်ရွက်နေစဉ်။

ဗန်ကောက်၊ မတ် ၈

ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံ နယ်စပ်နေရာဖြစ်သော ကတန်မြို့ ဝှေ့မင်းလှေဆိပ် ရှိ လှေအမှတ်(၁) KTHAVEE SIM ပေါ်တွင် ရောင်းစားခံနေရသည့် မြန်မာနိုင်ငံသား ရခိုင်အမျိုးသား အလုပ်သမား ခုနစ်ဦးအား ပူးပေါင်းဆောင်ရွက်သူများက မတ် ၃ ရက် ညဥ့်နက်ပိုင်းက ထိုင်းရေတပ်သင်္ဘောဖြင့် သွားရောက်ကယ်ထုတ်နိုင်ခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) က ပြောသည်။

အဆိုပါ ရခိုင်ပြည်နယ် မြို့နှစ်မြို့တို့မှ ရခိုင်လူငယ် အမြောက်အမြားတို့အား ပွဲစားအမျိုးသမီးတစ်ဦးက လေးလ အလုပ်လုပ်ကိုင်ကြကာ လုပ်ခလစာဖြင့် ပြန်ဆပ်နိုင်ကြောင်းနှင့် လုပ်ခလစာတစ်လလျှင် ကျပ်ငွေလေးသိန်းခန့်ရမည်ဟု ပြောဆိုစည်းရုံးခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်သီတင်းပတ်က ငါးဖမ်းစက်လှေအတွင်း ဖုန်းအဆက်အသွယ် ရရှိခဲ့သော ပင်လယ်ထဲ ရောင်းစားခံနေရသူတစ်ဦးက ဗန်ကောက်မြို့ အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT သို့ အချက်အလက်များ ပေးပို့နေခဲ့ပြီး MAT အဖွဲ့က နောက်ဆုံးရရှိသည့် သတင်းအချက်အလက်များကို ထိုင်းနိုင်ငံမှ သက်ဆိုင်ရာအဖွဲ့နှင့် ရဲတပ်ဖွဲ့များသို့ အကြောင်းကြားခဲ့သည်။

ထိုင်းနိုင်ငံတောင်ပိုင်း အခြေစိုက် ပညာရေး ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း FED နှင့် ညှိနှိုင်းကာ မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှူးနှင့် ကော့သောင်းတပ်ဖွဲ့စုမှူးတို့ထံ အဆိုပါ လူကုန်ကူးမှုဂိုဏ်းအား နှိမ်နင်းနိုင်ရန် ဆက်လက်အကူညီ တောင်းခံခဲ့ကြောင်း သိရသည်။

ယခု လူကုန်ကူးမှုကိုစနစ်တကျ အကွက်ချ စီစဉ်ပြုလုပ်နေသည့် လူကုန်ကူးဂိုဏ်းမှာ ရခိုင်အလုပ်သမားပေါင်း နှစ်ရာကျော်ခန့်ကို ကတန်လှေဆိပ်သို့ တင်ပို့ပြီးဖြစ်ကြောင်း ပြန်လည် လွတ်မြောက်လာသည့် အဆိုပါအလုပ်သမားများက ပြောခဲ့ကြောင်းသိရပြီး ဆက်လက်၍ အလုပ်သမားတစ်ဦးက "ကျွန်တော်တို့ကို ပွဲစားပြောတာက ပုံစံတစ်မျိုးပါ၊ ကျွန်တော်တို့ အင်ဒိုလှေလည်း လိုက်ပြီးပြီ၊ ခုနစ်လကြာလုပ်ခဲ့ပြီး လုပ်အားခမရတော့မှ ရောင်းစားခံရပြီဆိုတာ သိရပါတယ်။ အိမ်ပြန်တော့မယ်ဆိုလည်း ပြန်လို့မရဘူး။ မကြာမီက ဒီလှေဆိပ်ကို လူငါးဆယ်နီးပါး အဲဒီပွဲစားက ပို့လိုက်ပါသေးတယ်။ တချို့လွတ်လမ်း မမြင်တော့လို့ မိမိကိုယ်ကိုကြိုးဆွဲချ သေကြသူနဲ့ ပင်လယ်ထဲခုန်ချပြီး အဆုံးစီရင်သွားကြ သူတွေလည်းရှိပါတယ်။ ကျွန်တော်တို့ လွတ်မြောက်လာသလို အခြားလူတွေကိုလည်း လွတ်မြောက်အောင် ကူညီပေးကြပါ။ ဒီလူကုန်ကူးဂိုဏ်းကိုလည်း အရေးယူပေးကြပါ၊ မဟုတ်ရင်တော့ ရခိုင်လူငယ်တွေအားလုံး ပင်လယ်ထဲကို ရောက်ကုန်ပါမယ်" ဟု ပူးပေါင်းအဖွဲ့အား ပြောပြခဲ့ကြောင်းသိရသည်။

MAT အဖွဲ့ဒါရိုက်တာ ဦးကျော်သောင်းက "ကတန်လှေဆိပ်မှာ ကယ်ထုတ်ရတာ အချိန်နဲ့ စရိတ်စကတွေ တော်တော်ကုန်ကျပါတယ်။ ငါးဖမ်းလှေမှာတွေ့တဲ့ အခြားရောင်းစားခံထားရသူတွေကို ကျွန်တော်တို့ကို ခေါ်လာခွင့်မပြုဘူး။ သူတို့ ငါးဖမ်းလှေရပ်ထားရမှာကို ထိုင်းအာဏာပိုင်တွေ မလိုလားကြပါဘူး။ ပြီးတော့ လှေဆိပ်မှာရှိနေကြတဲ့ မြန်မာပွဲစားတွေကို မဖမ်းတဲ့အတွက် ငါးဖမ်းလှေတွေပေါ်မှာ လိုအပ်သမျှ အလုပ်သမားတွေကို မြန်မာပွဲစားတွေက ရှာပေးနေတာပေါ့၊ ရောင်းစားခံနေရသူတွေကလည်း ကျွန်တော်တို့ကို ဖုန်းဆက်လို့ရမယ့် အခွင့်အရေးဆိုတာတော်ရုံနဲ့ မရနိုင်ကြပါဘူး။ ထိုင်းပွဲနင်းတွေမြင်ရင် အသတ်ခံရနိုင်ပါတယ်။ ဒါ့အပြင် သူတို့လှေမဝင်ခင် အနီးစပ်ဆုံးအတိကျဆုံး အဆက်အသွယ်ရဖို့ ဆိုတာပိုတောင်ခက်ပါသေးတယ်။ ကျွန်တော်တို့ကလည်း ထိုင်းအာဏာပိုင်တွေ အရာရှိကြီးတွေနဲ့လုပ်ရတာ သတင်းအချက်အလက်မလွဲအောင် အထူးသတိထားရပါတယ်" ဟု ပြောခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်က MAT အဖွဲ့သည် ကတန်ငါးဖမ်းလှေဆိပ်တွင် ရောင်းစားခံခဲ့ရသည့် မြန်မာအလုပ်သမားများအား ၁၁ ကြိမ် တိုင်တိုင် ကယ်ထုတ်နိုင်ခဲ့ပြီး ထိုကယ်ဆယ်မှုများအတွင်း လူကုန်ကူးခံနေရသူပေါင်း ၈၂ ဦး၊ လူသတ် အမှုပြုကျင့်သည့် မြန်မာဂိုဏ်းခေါင်းဆောင်တစ်ဦးနှင့် ဂိုဏ်းသား ငါးဦးတို့အား ဖမ်းဆီးနိုင်ခဲ့ကြောင်း စုံစမ်းသိရသည်။

စိုးဝင်း (MLA)

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း နည်းပြသင်တန်းသို့ ၁၃၅ ဦး တက်ရောက်

ဖျာပုံ မတ် ၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် ခရိုင်အဆင့် နည်းပြသင်တန်းကို မတ် ၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၁၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားကို ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ခရိုင်အဆင့် နည်းပြသင်တန်းပို့ချမည့် မအူပင်တက္ကသိုလ်မှ နည်းပြဆရာ ဆရာမများနှင့် သင်တန်းတက်ရောက်မည့် သင်တန်းသားဆရာ ဆရာမများ တက်ရောက်ကြသည်။

သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းက ဖျာပုံခရိုင်အတွင်း မြို့နယ်လေးမြို့နယ်နှင့် မြို့နယ်ခွဲတစ်ခုတွင် ၂၀၁၄ ခုနှစ်၊ ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို မတ်လ ၃၀ ရက်မှစပြီး ဧပြီ ၁၀ ရက်အထိ ၁၂ ရက်ကြာကောက်ယူသွားမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရသည့် ရည်ရွယ်ချက်မှာ နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးအတွက် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်းလုပ် ငန်းများ ဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းများ၊ အချက်အလက်များရရှိရန်ဖြစ်ကြောင်း၊ ထိုကဲ့သို့ စာရင်းကောက်ယူရာတွင် ရပ်ကွက်၊ ကျေးရွာများတွင် စာရင်းကောက်ယူခြင်းကို အခြေခံပညာဦးစီးဌာနမှ အလယ်တန်းပြဆရာမများက စာရင်းစစ်များအဖြစ် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ မူလတန်းပြဆရာ၊ ဆရာမများက စာရင်းကောက်များအဖြစ် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ အဖွဲ့အစည်းများဖြစ်သည့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာနနှင့် သစ်တောကြိုးဝိုင်းအတွင်း နေထိုင်သူများကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းအလိုက် စာရင်းကောက်၊ စာရင်းစစ်အဖြစ် တာဝန်ပေးမည့်သူများက စာရင်းကောက်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောသည်။

ငါးရက်ကြာ ဖွင့်လှစ်မည်ဖြစ်သော အဆိုပါသင်တန်းကို တိုင်းဒေသကြီးအဆင့် သင်တန်းတက်ရောက်ခဲ့ကြသည့် မအူပင်တက္ကသိုလ်မှ ဆရာ ဆရာမများက သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းသားများအဖြစ် ဖျာပုံမြို့နယ်မှ အမာမြို့နယ်ခွဲအပါအဝင် ၃၉ ဦး၊ ကျိုက်လတ်မြို့နယ်မှ ၂၇ ဦး၊ ဒေးဒရဲမြို့နယ် မှ ၃၀ ဦးနှင့် ဘိုကလေးမြို့နယ်မှ ၃၉ ဦး စုစုပေါင်း ၁၃၅ ဦး တက်ရောက်သင်ကြားကြမည်ဖြစ်ကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဖျာပုံခရိုင်ဦးစီးမှူး ဦးကျော်စိုးဝင်းက သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ၊ မှတ်သားလိုက်နာရမည့် အချက်အလက်များ၊ သင်းတန်းတက်ရောက်သူများက ရက်ပျက်မရှိ တက်ရောက်သင်ကြားပြီး အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် တာဝန်ယူ ထမ်းဆောင်နိုင်ရန် ပြောကြားခဲ့သည်။

ချမ်းသာ (ကြေးမုံ)

သတင်းတို

လက်သမားဆရာ အိမ်ပိသေဆုံးမှုဖြစ်ပွား

ကျောက်တန်းမြို့နယ် ကမာကလုပ်နယ်မြေရဲစခန်းမှ ဒုရဲအုပ်အောင်ထွန်းစိုးနှင့်အဖွဲ့သည် မတ် ၅ ရက်က မင်းဂလန်ကျေးရွာတွင် လက်သမားဆရာ ဦးကြည်လွင်သည် ကျေးရွာအနောက်ပိုင်းရှိ ဦးအောင်နိုင်သူ၏ သွပ်မိုးတစ်ထပ်အိမ်ကို ပြုပြင်ရန်အတွက်အောက်သို့ဝင်ပြီး သစ်သားဒေါက်တိုင်ကို ထောက်ကာ ရေချိန်တိုင်းနေစဉ် ထောက်ထားသည့်ဒေါက်တိုင် လဲကျသွားပြီး အိမ်ပိခဲ့သဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။ **(၃၁)**

Travels & Tours
[Mar 14,21,28, Apr 4]
99000/- [Mar 14, 21, 28 / Apr 4, 25]
350000/- [Apr 11]
0931244088, 09730885550

ဒေါ်ရီယံရိတ်စ် (သို့) ဘာရိုပ်
Dorian Yates(or)Shadow

(40 x 60) ပေ ⟶ ဈေးနှုန်း 160 သိန်း
ဖုန်း 09402551485

Construction Co., Ltd.
Ph : 01-579 168 , 09-421 169 906

တိုင်ထောင်ခရမ်းချဉ်စိုက်တောင်သူများ စိုက်ပျိုးစရိတ် မြင့်မားခြင်းကြောင့် အမြတ်နည်းမှုနှင့် ရင်ဆိုင်နေရ

ရမည်းသင်း၊ မတ် ၈

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ဘွက်အုပ်စုနှင့် ထိန်ကန်အုပ်စုအတွင်းရှိ ရုံးပင်တွင်းကွင်း၊ မှန်စီကွင်း၊ ကူတိုက်ကွင်း အစရှိသော လယ်ယာမြေများတွင် ရေတွင်းများတူးဖော်အသုံးပြု၍ တိုင်ထောင်ခရမ်းချဉ်များ စိုက်ပျိုးလျက်ရှိရာ တောင်သူများမှာ စိုက်ပျိုးစရိတ်ကြီးမှုကို ရင်ဆိုင်နေရပြီး အမြတ်နည်းလျက်ရှိကြောင်း သိရသည်။

ယင်းဒေသများတွင် လွန်ခဲ့သော လေး၊ ငါးနှစ်ဝန်းကျင်မှစ၍ တိုင်ထောင်ခရမ်းချဉ်များကို ပြောင်းလဲစိုက်ပျိုးကြရာလိုရာ၊ ဂန္ဓီပါအစရှိသော ခရမ်းချဉ်မျိုးကို အများဆုံးစိုက်ပျိုးကြပြီး မျိုးစေ့တစ်ထုပ်လျှင် ကျပ် ၇၀၀၀ ဝန်းကျင်ထိပေးရကြောင်း သိရသည်။

တစ်ဧကလျှင် မျိုးစေ့လေးထုပ်ခန့် ကုန်ကျပြီး မစိုက်ပျိုးမီ စိုက်ပျိုးမည့်မြေကို မြေပြင်၊ မြေဩဇာထည့်ပြီးစိုက်ပေါင်ပြုလုပ်ရသည်ဖြစ်ရာ တစ်ဧကလျှင် စိုက်ပေါင် ၄၀ ကျော်ပြည့်ဝင်ပြီး စိုက်ပေါင်တစ်ပေါင်လျှင် အပင် ၁၀၀ ကျော် စိုက်ပျိုးနိုင်သည်။ တစ်ဧကလျှင် တိုင်ထောင်ဝါးဖိုးနှင့် အထွေထွေကုန်ကျစရိတ် နှစ်သိန်းကျော် ကုန်ကျကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ခရမ်းချဉ်သီးတစ်ပိဿာလျှင် ကျပ် ၂၀၀ ကျပ်ဝန်းကျင်သာ ရောင်းချရသောကြောင့် အရှုံးမရှိသော်လည်း အမြတ်နည်းကြောင်း ၎င်းကပြောသည်။

စိုက်ပျိုးပြီး သုံးလကျော်လျှင် သီးနှံရရှိသော်လည်း အကျိုးအမြတ်မှာ ဈေးကွက်အပေါ်မူတည်သည်ဟု သိရကာ ထွက်ရှိသောခရမ်းချဉ်သီးများကို မြို့ပို့ခြင်း၊ ရွာများလှည့်လည်ရောင်းချခြင်းပြုလုပ်ကြသည်။ **လှိုင်သန်းတင့်**

တိုင်ထောင်ခရမ်းချဉ် စိုက်ခင်းတစ်ခုတွင် ခရမ်းချဉ်သီးဆွတ်ခူးနေသူတစ်ဦးအား တွေ့ရစဉ်။

ဆွေးမြည့်ဓာတ်တိုင် ၃၀၀ ကျော် အစားထိုးလဲလှယ်

တိုက်ကြီး၊ မတ် ၈

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ တိုက်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးကျော်အောင်၊ မြို့နယ် အင်ဂျင်နီယာ ဦးမျိုးမြင့်အောင်နှင့် ဝန်ထမ်းများသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ တိုက်ကြီးမြို့နယ်တွင် ရပ်ကွက်များနှင့် မြို့လယ်လမ်းမကြီး တစ်လျှောက် ဆွေးမြည့်နေသော သစ်သားတိုင်၊ သံတိုင်များကို ကွန်ကရစ်တိုင်များဖြင့် လဲလှယ်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးက ကွန်ကရစ်တိုင်များ အစားထိုးရာတွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ၂၀၁၄ ခုနှစ် မတ် ၆ ရက်ထိ ဆောင်ရွက်ခဲ့ရာ ကွန်ကရစ်တိုင်ပေါင်း ၃၀၀ အား အစားထိုးလဲလှယ်ပြီးဖြစ်ကြောင်းနှင့် မြို့တွင်းဓာတ်တိုင်လဲစဉ် လျှပ်စစ်ဓာတ်အားအချိန်ကြာမြင့်စွာ မပြတ်တောက်ရေးကိုပါ စီစဉ်ပေးထားကြောင်းသိရသည်။ **ထွန်းလှိုင်(မြိုင်)**

တပ်မတော်မှ ပြန်လည်စွန့်လွှတ်သည့် မြေ ၁၂၆ ဒသမ ၅၄ ဧကကို ယခင်လုပ်ကိုင်ခဲ့သော တောင်သူများထံ ပြန်လည်ပေးအပ်

မြန်အောင်၊ မတ် ၈

တပ်မတော်မှ ပြန်လည်စွန့်လွှတ်သည့်မြေ ၁၂၆ ဒသမ ၅၄ ဧက အားယခင်လုပ်ကိုင်ခဲ့သောတောင်သူများထံ ပြန်လည်ပေးအပ်ပွဲအခမ်းအနားကို မတ် ၆ ရက် နံနက် ၁၀ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

ယခင်က ၎င်းမြေ ၁၂၆ ဒသမ ၅၄ ဧကကို ပိုင်ဆိုင်သည့် တောင်သူအရေအတွက်မှာ ၁၈ ဦးရှိခဲ့သော်လည်း နှစ်ကာလကြာမြင့်ခဲ့သဖြင့် သားစဉ်မြေးဆက်ဖြစ်လာခဲ့ရာ ယခုအချိန်တွင်ပိုင်ဆိုင်သူအရေအတွက်မှာ ၂၅ ဦးထိရှိခဲ့ကြောင်း ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုကော်မတီက ပြောသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းက တပ်မတော်က ပြန်လည်စွန့်လွှတ်သည့်မြေ ၂၀၆ ဧကကိုပိုင်ဆိုင်သောတောင်သူများမှာ ဒေါင်းကျအုပ်စု၊ သရက်တောအုပ်စု၊ ရွှေကျင်အုပ်စုနှင့် ထူအုပ်စုတို့မှဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နယ်မြေသို့ ကွင်းဆင်းဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ ယခုပေးအပ်သောမြေ ၁၂၆ ဒသမ ၅၄ ဧကကိုပိုင်ဆိုင်သော တောင်သူ ၂၅ ဦးအား လုပ်ပိုင်ခွင့်လက်မှတ်များ ချက်ချင်းထုတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကျန်မြေဧကများမှာ မြေလွတ်မြေရိုင်းများဖြစ်သဖြင့် အမှုတွဲတည်ဆောက်ကာ လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီများ၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဝင်များနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။ **နေဝင်းဇော်(မြန်အောင်)**

ဗြိတိသျှကောင်စီမှ ကြီးမှူးသည့် ပညာရေးပြပွဲကျင်းပ

ရန်ကုန်၊ မတ် ၈

ဗြိတိသျှကောင်စီမှ ကြီးမှူးသည့် ပညာရေးပြပွဲကို ရန်ကုန်မြို့၊ ကုန်သည်ကြီးများဟိုတယ်၌ မတ် ၂၂ ရက် မနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ပြုလုပ်သွားမည်ဖြစ်သည်။

ယင်းပညာရေးပြပွဲအား ကမ္ဘောဇဘဏ်မှ အဓိကပါဝင်ကူညီမည်ဖြစ်ပြီး တက္ကသိုလ် ကောလိပ်များနှင့် ပညာရေး အဖွဲ့အစည်း ၂၄ ခု ပါဝင်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင်သင်ယူလိုသော ဘာသာရပ်များအား တက္ကသိုလ် ကောလိပ်များမှ ကိုယ်စားလှယ်များနှင့် တိုက်ရိုက်တွေ့ဆုံ ဆွေးနွေးနိုင်မည်ဖြစ်ကာ ပြည်တွင်းနှင့် စင်ကာပူနိုင်ငံများတွင် ဈေးနှုန်းသက်သာစွာဖြင့် သင်ကြားနိုင်မည့် အခွင့်အလမ်းများရှိကြောင်း သိရသည်။

ထို့အပြင် ကျောင်းသားနှင့် မိဘများအတွက် ပညာရေးနှင့်သက်ဆိုင်သည့် သိသင့်သိထိုက်သော UK Visa၊ ကျောင်းလျှောက်ပုံ အသေးစိတ်၊ သုတေသနစာတမ်းပြုစုနည်း၊ IELTS စာမေးပွဲတို့နှင့်သက်ဆိုင်သည့် ဟောပြောပွဲများကိုလည်း ပညာရေးပြပွဲတစ်လျှောက် တစ်ပြိုင်တည်းပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေဇာ(ပိတောက်ရိပ်)

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်
Light Truck

မြေကွက်ရောင်းမည်

ယတြာဆရာမ

ဆောင်းပါး

ဒြိမ့်ဒြိမ့်သဲသဲကျင်းပမည့် ပဲခူးမြို့မှ ရွှေမော်ဓောဘုရားပွဲ

aZ , swk(a&armf"m)

မြန်မာပြည် တစ်နံ့တစ်လျား တိုင်းနှင့်ပြည်နယ်အသီးသီး၌ ရာသီအလိုက်၊ လအလိုက် ရိုးရာအစဉ်အလာမပျက် ဒြိမ့်ဒြိမ့်သဲသဲကျင်းပကြသည့် ဘုရားပွဲတော်များရှိကြရာ ပဲခူးမြို့မှ သမိုင်းဝင်ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဘုရားပွဲသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

ဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်ရှိတော်မူပြီး ခြောက်ဝါမြောက်တွင် ပဲခူးနယ် ဒုံဇိုင်းရွာမှ ပင်လယ်ရေကြောင်းခရီးဖြင့် မဇ္ဈိမသို့ ကုန်ရောင်းသွားကြသည့် စူဠသာလ၊ မဟာသာဠကုန်သည် ညီနောင်တို့အား ဆံတော်မြတ်များ ချီးမြှင့်ပေးသနားပြီး ပင့်ဆောင်ပူဇော်၍ သုဒသနကုန်းတော်မြတ်၌ တည်ထားကိုးကွယ်ခဲ့ကြသည်။

ဆံတော်စစ်စေတီတော်မြတ်ကြီးဖြစ်၍လည်း ထူးခြားသည့် တန်ခိုးတော်များဖြင့် ကြည်ညိုဖွယ်ဖူး မြင်ကြရခြင်းဖြစ်ပြီး ဉာဏ်တော်အားဖြင့် ၃၇၃ ပေကျော် အမြင့်ဆောင်လျက် ကမ္ဘာ့ဉာဏ်တော်အမြင့်ဆုံးစေတီတစ်ဆူအဖြစ်လည်း မှတ်တမ်းဝင်ထားခဲ့သည်။

> ကမ္ဘာ့ဉာဏ်တော် အမြင့်ဆုံး စေတီတစ်ဆူအဖြစ် မှတ်တမ်းဝင်ထား . . .

ပြည်တွင်းပြည်ပ ကမ္ဘာအရပ်ရပ်မှ ဘုရားဖူးများ၊ ကမ္ဘာလှည့်ခရီးသွားလူမျိုးပေါင်းစုံတို့ဖြင့် နေ့စဉ် စည်ကားလျက်ရှိကာ တစ်နှစ်ထက်တစ်နှစ် ဘုရားဖူးများ ပိုမိုလာရောက်လျက်ရှိနေသည်။ ဇာတ်သဘင်လောက၌ ရွှေမော်ဓောဘုရားပွဲတွင် ဝင်ရောက်၍ ရုံဝင်ကပြနိုင်ပြီး ရွှေမော်ဓောဘုရားပွဲမှ နာမည်တစ်လုံးရရှိနာမည်ကျော်နိုင်မှသာ မြန်မာပြည်၏ ပထမတန်းရောက် ထိပ်တန်းစာရင်းဝင် ဇာတ်မင်းသားတစ်လက်အဖြစ် တန်းဝင်အသိအမှတ်ပြုခံရလောက်အောင်ပင် ကျော်ကြားလှသည့် ဘုရားပွဲတော်ကြီးဖြစ်၏။

ပွဲတော်ရက်အတွင်း ရပ်ဝေးရပ်နီးအသီးသီးတို့မှ ကုန်းတစ်တန် ရေတစ်တန်ခရီးတင်မက လှည်းတန်းကြီးများဖြင့် ပါစားအိုးစားခွက် အဝတ်သေတ္တာကအစ တင်ဆောင်လျက် မိသားစုလိုက် ရက်ရှည်နေထိုင်ဆင်နွှဲကြသည့် ကြက်ပျံမကျ စည်ကားလှသောပွဲတော်လည်း ဖြစ်သည်။

ယခုနှစ်တွင် ၂၅၉၆ နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၇၅-၁၃၇၆ ခုနှစ် တန်ခူးလဆန်း ၁၀ ရက်မှ တန်ခူးလပြည့်ကျော် ၄ ရက်ထိ ၁၀ ရက်တိုင်တိုင် ပွဲတော်ရက်သတ်မှတ်ကျင်းပပြီး ဈေးသည်များကိုမူ အချိန်တစ်လတိတိ ဈေးရောင်းချခွင့်ပြုပေးထားသည်။

မတ်လ ၆ရက်က ပျော်ပွဲရွှင်ပွဲမြေနေရာများအတွက် ဂေါပကရုံး၌ နေရာချပေးခဲ့ရာ ယခုနှစ်တွင် ဖိုးချစ်ဇာတ်အလှသဘင်၊ ဟန်ဇာမိုးဝင်းနှင့် ဒါဒို့ရွှေဇာတ်အဖွဲ့ကြီးများနှင့် မိုးကြိုးငှက်ငယ်လေးများ ပဒေသာကပွဲ၊ ချားရဟတ်၊ ပျော့အိကလေးကစားကွင်းနှင့် အခြားပျော်ပွဲရွှင်ပွဲများ ကပြကြမည်ဖြစ်သည်။

မတ် ၂၃ ရက်နေ့တွင် ဈေးဆိုင်ခန်းမြေနေရာများ ထပ်မံချထားပေးမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိနိုင်ရန်လည်း ဂေါပကရုံး ဖုန်းနံပါတ် ၀၅၂-၂၁၀၆၈ နှင့် ၀၅၂-၂၄၂၅၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ ယခုနှစ်တွင် ဘုရားပွဲတော်နှင့် မြန်မာ့ရိုးရာမဟာသင်္ကြန်ရက်များ တိုက်ဆိုင်သောနှစ်ဖြစ်၍ ယခင်နှစ်များထက် ပိုမိုစည်ကားမည့်နှစ်ဖြစ်သောကြောင့် ဈေးသည်များ အားခဲကြိုးပမ်းလျက်ရှိနေကြကြောင်းလည်း သိရသည်။

ခင်ဦးမြို့နယ်အတွင်းရှိ အညာသီဟတောရေလယ်ဘုရားအား အဝေးမှဖူးတွေ့ရစဉ်။

လူတစ်ရစ်၊ နတ်တစ်ရစ် တည်ထားကိုးကွယ်ခဲ့သည့် အညာသီဟတောရေလယ်ဘုရား

အရှေ့စာရံ ပုဂံအနောက် တောင်မြောက်ယင်မြော ‘သီဟတော’ ဟူ၍ ရှေးသူဟောင်းများ မှတ်သားထားသည့်အတိုင်း အထက်မြန်မာနိုင်ငံတွင် ကျော်ကြားသော ဘုရားလေးဆူရှိသည့်အနက် ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်အတွင်း ဧရာဝတီမြစ်လယ်ကျွန်းပေါ်တွင် တည်ရှိသော ‘အညာသီဟတော’ ဘုရားသည်လည်း အထက်အညာဒေသတွင် ကျော်ကြားသော သမိုင်းဝင် ဘုရားတစ်ဆူအဖြစ် ထင်ရှားသည်။

အညာသီဟတော စေတီတော်မြတ်ကြီးတွင် ဘိုးတော်ဘုရား ရေးထိုးခဲ့သော ကျောက်စာ၊ ပုရပိုက်၊ ပေစာများအရ ဘုရားလောင်း ရွှေခြသေ့်မင်းဖြစ်၍ ကျင်လည်တော်မူဖူးသော အညာဧရာဝတီမြစ်လယ် သီဟတောဝယ် ဓမ္မသောကမင်း တည်ထားသော စေတီကို အလောင်းစည်သူမင်းကြီးသည် သရက္ခန်စစ်လက်ငုံရှိသော အဖျားပိုင်းပဥ္စမပိုင်း ရုပ်ထုတော်ကို သီဟတောစေတီတွင်လိုဏ်ဂူပြုပြီး တည်ထားကိုးကွယ်ခဲ့ကြောင်း မှတ်သား ရပါသည်။

အညာသီဟတော စေတီတော်မြတ်ကြီးအား သက္ကရာဇ် ၄၇၇ခု တပေါင်းလပြည့် စနေနေ့တွင် အလောင်းစည်သူမင်းကြီးမှ စတင်တည်ထားကိုးကွယ်ခဲ့သည်ဟု ဘုရားကျောက်စာများအရသိရသည်။ စေတီတော် မြတ်ကြီး ရှေးမူမပျက် ဖူးမြော်နိုင်ရန်အတွက် ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံမှုများရှိခဲ့ ပြီး (၁၁-၁၁-၂၀၁၂) နေ့က လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် စေတီတော် ရင်ပြင်နှင့် အဆောက်အအုံများ ပြိုကျပျက်စီးခဲ့သဖြင့် နိုင်ငံတော်နှင့် တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် ပြန်လည်တည်ဆောက်ပြုပြင်မွမ်းမံနေဆဲဖြစ်သည်။

အညာသီဟတော ဘုရားပွဲတော်ကို တပေါင်းလဆန်း ၁၀ ရက်မှ လပြည့်နေ့အထိ ကျင်းပပြီး မန္တလေးရွှေကျီးမြင်ဘုရားတွင် ကိန်းအောင်းတော်မူသော ရုပ်ပွားတော်အား ဘုရားပွဲတွင် ရေကြောင်းမှ ရေယာဉ်များဖြင့် ပင့်ဆောင်ပြီး သပိတ်ကျင်းမြို့ အောင်မြင်သာဘုရားတွင် ကိန်းဝပ်တော်မူသော ဖောင်တော်ဦး၊ ဖောင်တော်ပဲ့ဘုရားများနှင့်အတူ ဘုရားပွဲတွင် အကြည်ညိုခံပူဇော်ကြသည်။

ဘုရားပွဲတော်သို့ ယခင်က ငှက်၊ လှေ၊ သမ္ဗန်များ၊ ကုန်းကြောင်းမှ လှည်းများဖြင့် လာရောက်ကြပြီး ဧရာဝတီမြစ်အနောက် ဘက်ကမ်းမှ စေတီတော်သို့ ဝါးဖောင်များသွယ်တန်းပြီးဖူးမြော်ရသည့် ထူးခြားသည့် ရေလယ်ဘုရားပွဲတော်သို့ အညာသီဟတောသမိုင်းအား လေ့လာရင်း ဘုရားပွဲတော်သို့ လာရောက်ဖူးမြော်ကြဖို့ ဖိတ်ခေါ်ရေးသားလိုက်ရပါသည်။

စိုးနိုင်ဝင်း

ရမည်းသင်းခရိုင်အတွင်းရှိ မြို့နယ်များ နွေစပါးစိုက်ပျိုးရာသီတွင် ဧက ၂၅၀၀ ကျော် စိုက်ပျိုးရန်လျာထား

မန္တလေး၊ မတ် ၈

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အတွင်းရှိ မြို့နယ်များတွင် ၂၀၁၃-၂၀၁၄ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးစိုက်ပျိုးရန် ၂၅၈၅ ဧက လျာထားသည်ဖြစ်ရာ ရမည်းသင်းမြို့နယ်တွင် ၁၈၀၀ ဧက၊ ပျော်ဘွယ်မြို့နယ်တွင် ၇၈၅ ဧက စိုက်ပျိုးရန် လျာထားသည်ဟု သိရသည်။

နွေစပါးစိုက်ပျိုးရေကို မြို့နယ်အတွင်းရှိ ဆည်များမှ အဓိကရယူစိုက်ပျိုးမည်ဖြစ်ပြီး နွေစပါးစိုက်ပျိုးရာတွင်တောင်သူလယ်သမားများ စပါးမျိုးအခက် အခဲမရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနက ပုလဲသွယ်စပ်မျိုးစပါး၊ ရွှေသွယ်ရင်၊ သီးထပ်ရင်၊ ရေဇင်းလုံးသွယ်ကဲ့သို့ မျိုးကောင်းမျိုးသန့်စပါးများကို ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် ရမည်းသင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာန၊ ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် နွေစပါးစိုက်ပျိုးမည့် ကျေးရွာများသို့ ကွင်းဆင်းသွားရောက်ကာ တောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးနည်းပညာများ ပညာပေးခြင်း၊ နွေစပါး အချိန်မီစိုက်ပျိုးပြီးစီးရေးစသည်တို့ကို ဆွေးနွေးမှာကြားခဲ့သည့်အပြင် စပါးတစ်ဧကအထွက်နှုန်းတိုးတက်ရေး စိုက်ပျိုးရေးနည်းပညာရပ်များကိုလည်း ဆွေးနွေးဆောင်ရွက်လျက်ရှိသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

အနှိပ်ခန်း တရားမဝင်ဖွင့်လှစ်လုပ်ကိုင်သူကို ဖမ်းဆီး

ရန်ကုန်၊ မတ် ၈

ဗိုလ်တထောင်မြို့နယ်တွင် မတ် ၄ ရက် ည ၁၁ နာရီခန့်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဦးနှင့်အဖွဲ့သည် အမှတ် ၁၀ ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ တိုက်ခန်းတစ်ခု၏ ပထမထပ်၌ တရားမဝင် အနှိပ်ခန်းဖွင့်လှစ်လုပ်ကိုင်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ဆိုင်မန်နေဂျာ စည်သူကျော် ၁၈ နှစ်နှင့် အမျိုးသမီးခြောက်ဦးတို့နှင့်အတူ မွေ့ရာခုနစ်ခု၊ ခေါင်းအုံးရှစ်လုံးနှင့် ငွေကျပ် ၅၇၅၀၀ ကို တွေ့ရှိသဖြင့် ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

(၃၁)

"ကုံးဆက်"
ကြက်သီကာမင်းနှင့် နှင်းပုလဲထေရဲ့အမှ
မျှော်ရွှေ့ ဖွင့်လှစ်ခြင်း
ဖုန်း-၀၉-၇၃၃၀၈၁၆၄၂၊ ၀၉-၅၀၃၈၂၁၁၊ ၀၉-၅၄၁၃၇၈၆

တက်သီအောင်မြင်သူတို့ရှေ့ဆောင် . . .
မဟာ
အခြေခံသင်တန်းဘွဲ့ဒီဂရီ၊ ဒီပလိုမာ၊ ဘာသာစုံသင်တန်း
တန်းခွဲသစ်များဖွင့်ပြီ။
မဟာ (အခြေခံ)
Ph - 01 - 504861, 01 - 504360, 01 -2304354

MIC
Myanmar Imperial College
နိုင်ငံတကာအသိအမှတ်ပြု စီးပွားရေးဆိုင်ရာ
Diploma၊ Bachelor နှင့် MBA
ရယူလိုသူများအတွက်
■ Diploma in Business (HND)
■ Diploma in Media & Marketing (HND)
■ Bachelor of Business
STUDY UK-MBA in Myanmar
MBA
edexcel
Approved Centre No. 93679
အမှတ်(၆၂)(C) အင်းလျားလမ်း၊ ကမာရွတ်၊ ရန်ကုန်။ 0973210001 /537562

ရှေးဟောင်းစေတီ ငါးဆူ အား နိုင်ငံတော်မှ ပြုပြင်မည်

ရန်ကုန်၊ မတ် ၈

မတ်လအတွင်း ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ရှိ ရှေးဟောင်းစေတီ ငါးဆူအား လက်ရှိအနေအထား မပျက်စီးစေဘဲ မူလပုံစံအတိုင်း ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို လာမည့်နှစ် နိုင်ငံတော်ဘတ်ဂျက်ငွေ ကျပ်သိန်း ၂၄၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ယခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းမှ စတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဖေဖော်ဝါရီလကုန်တွင် ခတ္တိယစေတီတော်၊ မုတ်ဆိတ်တော်ပိဋကတ်တိုက်၊ မြင်းခုန်တန်းစေတီတို့အား အပြီးဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ရှိနေသေးသော ရွှေဂူတောင်စေတီတော်နှင့်မဟာဝိဇယရံသီ စေတီတော် နှစ်ဆူအား ယခုလအကုန်တွင် အပြီးပြုပြင်ထိန်းသိမ်း ဆောင်ရွက်မည်ဖြစ်သည်။

"ပြုပြင်ထိန်းသိမ်းတယ်ဆိုတာ မူလပုံစံအတိုင်းပါပဲ။အင်္ဂါစုံ မဟုတ်တဲ့အတိုင်းပါ။ အင်္ဂါစုံပြုပြင်ပေးရင် ရှေးဟောင်းအမွေအနှစ် မဖြစ်နိုင်တော့လို့UNESCOကလည်း ပြောလာနိုင်ပါတယ်။ လက်ရှိအနေအထားက အရင်အခြေအနေထက် မပျက်စီးသွားအောင် ထိန်းသိမ်းပေးတဲ့သဘောပါပဲ" ဟု စစ်တွေမြို့ရှိရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ တာဝန်ရှိသူ တစ်ဦးကပြောသည်။

မြောက်ဦးမြို့တွင် ရှေးဟောင်းအမွေအနှစ်စေတီများ တည်ရှိသောနေရာအား ရှေးဟောင်းအဆောက်အအုံ ပတ်လည်ရှိသောဇုန်၊ ရှေးဟောင်းစေတီ၊ ဘုရားများ အစုလိုက်အပြုံလိုက်ရှိသောဇုန်နှင့် ရှေးဟောင်းစေတီများရှိနိုင်မည့်ဇုန်ဟူ၍ သုံးခုခွဲထားပြီး ထိုဇုန်အတွင်းရှိ စေတီပုထိုးများထံ ပြည်ပနိုင်ငံခြားဧည့်သည်များလာရောက်လေ့လာပါက ပျက်စီးဆုံးရှုံးမှုမဖြစ်စေရန် သက်ဆိုင်ရာဘုရားဂေါပကများက အသိပေးနှိုးဆော်ထားကြောင်း၊ ရှေးဟောင်းနယ်မြေအတွင်း အဆောက်အအုံ၊ ဝန်းနံရံချဲ့ခြင်း၊ အသစ်ဆောက်လုပ်ပါကလည်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ စစ်ဆေးပြီး ခွင့်ပြုချက်ရမှသာ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

လက်ရှိတွင် ပျူမြို့ဟောင်းသုံးမြို့ဖြစ်သော သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း မြို့များအား ကမ္ဘာ့ရှေးဟောင်းနယ်မြေအဖြစ် သတ်မှတ်ပေးနိုင်ရန် ယဉ်ကျေးမှုဝန်ကြီးဌာနမှ UNESCO သို့ တင်ပြထားပြီး ခွင့်ပြုချက်ရရှိပါက မြန်မာနိုင်ငံရှိ ပုဂံဒေသနှင့် ရခိုင်ဒေသရှိ မြောက်ဦးရှေးဟောင်းနယ်မြေများအား ဆက်လက်တင်ပြနိုင်ရန် ပြင်ဆင်နေသည်ဟုလည်း သိရသည်။

"ဒီရှေးဟောင်းအမွေအနှစ်ကို ပြန်ပြီး ပြင်ဆင်တယ်ဆိုတာ တကယ့်ကို ရှေးမူအတိုင်းဖြစ်မှ ပြည့်စုံမယ်ထင်ပါတယ်။ ခေတ်မီနည်းပညာနဲ့ ပြင်ရင် ရှေးဟောင်းယဉ်ကျေးမှု မဖြစ်တော့ပါဘူး။ အခုချိန်မှာ ရှေးဟောင်းအမွေအနှစ်တွေကို သူရဲ့ ပျက်နေတဲ့အတိုင်းပဲဖြစ်စေချင်ပါတယ်။ ဆက်ပြီး မပျက်သွားအောင် ရေညှိတွေ၊ အညစ်အကြေးတွေမရှိအောင် အကုန်လုံးကိုတော့ ရှင်းလင်းဖယ်ထုတ်သင့်တယ်၊ အရှိကိုအရှိအတိုင်း ပုံရိပ်လေး ထင်ဟပ်စေသလို ကျန်တဲ့သူတွေကို နှစ်ပေါင်း ၁၅၀၀ လောက် ကျန်ခဲ့တဲ့ သမိုင်းအထောက်အထားအဖြစ် မြင်စေချင်ပါတယ်။ ဒီလိုရှေးဟောင်းနယ်မြေတွေမှာ လူလည်း မနေသင့်ပါဘူး" ဟု ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ ဒေါ်စောခင်တင့်က ပြောသည်။

လက်ရှိ မြောက်ဦးရှေးဟောင်းအမွေအနှစ်နယ်မြေတွင် ဘုရား၊ စေတီ ၂၄၇ ဆူရှိသည့်အနက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ၉၆ ဆူပြုပြင် ထိန်းသိမ်းပေးထားခဲ့ပြီး ယခုလအတွင်း စေတီငါးဆူထပ်မံ ပြုပြင်ထိန်းသိမ်းပေးမှုပြီးပါက ဘုရားစေတီ ၁၄၆ ဆူသာ ဆက်လက်ပြုပြင်ထိန်းသိမ်းရန် ကျန်ရှိတော့မည်ဖြစ်ကြောင်း သိရသည်။

စိုးအောင်ဖေ

သစ်ခိုးထုတ်မှုမရှိစေရန် ဒေသခံပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်

ချင်းပြည်နယ်၊ မတ် ၈

ချင်းပြည်နယ်အတွင်း သစ်ခိုးခုတ် ထုတ်ယူမှုများမရှိစေရန်အတွက် ပြည်နယ်အစိုးရနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိနေကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဦးကျော်မြင့်က ပြောသည်။

"သစ်ခိုးထုတ်မှုတွေ လျော့နည်းအောင်လို့ ဒေသခံပြည်သူတွေကို ပူးပေါင်းပါဝင်ပြီး အချိန်မီ သတင်းပေးနိုင်အောင် လစဉ်ပညာပေးဆွေးနွေးတာတွေကို လုပ်နေပါတယ်။ ဒါ့အပြင် သစ်ပင်အစားထိုး စိုက်ပျိုးနိုင်ဖို့ ပျိုးပင်တွေကို ကျေးရွာအလိုက် မိုးတွင်းမှာပြန်ဝေပေးတယ်" ဟု ၎င်းက ပြောသည်။

သစ်တောများ ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် ဒေသခံပြည်သူများ၏ သဘောတူညီချက်နှင့် ပြည်နယ်ပေါင်း ၁၇ ခုတွင် သစ်တောကြိုးဝိုင်း ကြိုးပြင်များဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဘေးမဲ့တောတစ်ခုနှင့် အမျိုးသားဉယျာဉ်တစ်ခုလည်းတည်ရှိကြောင်း ပြည်နယ်သစ်တောနှင့် သတ္တုဌာနမှ သိရသည်။

သစ်ပင်အစားထိုးစိုက်ပျိုးနိုင်ရန်အတွက် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် စီမံချက်များတင်ပြထားပြီး ပြည်နယ်အတွင်းရှိ မြို့နယ်တိုင်းတွင် သစ်တောဦးစီးများ၊ စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး၊ ဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ စည်ပင်သာယာရေးကော်မတီစသည့် ဌာနဆိုင်ရာများပူးပေါင်း၍ ဒေသခံပြည်သူများအား ပညာပေး စည်းရုံးရေးများ ပြုလုပ်လျက်ရှိသည်။ ချင်းပြည်နယ်တွင် ကျေးရွာပေါင်း တစ်ထောင်ကျော်ရှိ၍မြို့နယ်ပေါင်း ကိုးမြို့နယ်၊ မြို့နယ်ခွဲလေးခု၊ ခရိုင်သုံးခုတွင် လူဦးရေ ငါးသိန်းနီးပါး နေထိုင်လျက်ရှိကြောင်း သိရသည်။ လက်ရှိအချိန်တွင် ပြည်ပနိုင်ငံများသို့ သစ်တင်ပို့ရာတွင် အလုံးလိုက်တင်ပို့ခြင်းကို ခွင့်မပြုတော့ကြောင်း သိရသည်။

တင်မောင်ဦး

လှိုင်တက္ကသိုလ်ဝန်းအတွင်းရှိခပေါင်းဆောင်တွင် ကျောင်းသားတစ်ဦး ကြိုးဆွဲချကာ သေကြောင်းကြံစည်မှုဖြစ်ပွား

ရန်ကုန်၊ မတ် ၈

လှိုင်မြို့နယ် ခပေါင်းဆောင်တွင် အမျိုးသားတစ်ဦး ကြိုးဆွဲချကာ သေကြောင်းကြံစည်ခဲ့မှု မတ် ၅ ရက်က ဖြစ်ပွားခဲ့သည်။

အဆိုပါနေ့ ည ၇ နာရီ ၅၀ မိနစ်ခန့်က လှိုင်မြို့မရဲစခန်းမှ ဒုရဲအုပ်ဇော်ထွန်းဦးနှင့်အဖွဲ့သည် လှိုင်မြို့နယ် (၁၂)ရပ်ကွက် လှိုင်တက္ကသိုလ်ဝန်း ခပေါင်းဆောင်တွင် ကျောင်းသားတစ်ဦး ကြိုးဆွဲချသေဆုံးကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ လှိုင်သာယာမြို့နယ်နေ အသက်(၂၁)နှစ်အရွယ် တတိယနှစ်ကျောင်းသား ကျော်စိုလင်းဖြစ်ပြီး နံရံတွင် ကပ်ရိုက်ထားသည့် သစ်သားတန်းတွင် အင်တာနာကြိုးကို အသုံးပြုကာ ကြိုးဆွဲချသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သေဆုံးသူခုတင်ပေါ်ရှိ ဘောပင်ထည့်ထားသည့်စာအုပ်တွင် မိမိကိုယ်ကို သေကြောင်းကြံစည်ခြင်းဖြစ်ကြောင်း ရေးထားသည်ကို ‌တွေ့ရသဖြင့် အရေးယူပေးရန်တိုင်ကြားခဲ့သည်။ လှိုင်မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၂/၁၄ ဖြင့် လက်ခံထားကြောင်း ရဲစခန်းတိုင်ချက်တွင် ဖော်ပြထားသည်။

(၃၁)

ဆောင်းသီးနှံ ရိတ်သိမ်းချိန်တွင် ကျေးလက်မှ လယ်ယာသုံးစက်ကိရိယာထုထောင်ထားသူများ ဝင်ငွေကောင်း

မတ္တရာ၊ မတ် ၈

မတ္တရာမြို့နယ်တွင် ဆောင်းသီးနှံဖြစ်သည့် ပဲအမျိုးမျိုး၊ မြေပဲ၊ ဖူးစားပြောင်းစသည့် ကောက်ပဲသီးနှံများ စတင် ရိတ်သိမ်းဆွတ်ခူးလျက်ရှိနေကြရာ ကျေးရွာများမှ ကြိတ်ခွဲစက်၊ နွားစာစဉ်းစက်၊ လက်တွန်းထွန်စက် စသည့် စက်များကို ထုထောင်ထားကြသည့် တောင်သူများအနေဖြင့် ယခုအခါ ဝင်ငွေပိုမိုရရှိနေကြောင်း သိရသည်။

"နွားစာစဉ်းစက် ငှားခကတော့ တစ်နာရီကို ကျပ်ခြောက်ထောင် ယူတယ်။ မနှစ်က တစ်နာရီကို ကျပ်လေးထောင်ပဲ ယူတာပါ။ အခုနှစ်မှာ ဒီဇယ်ဆီဈေးတက်လာလို့ ခြောက်ထောင်တက်ယူရတာပါ။ နွားစာအတွက် ပဲရိုး၊ ပဲမှော်၊ ရိုက်ဖတ်ကောက်ရိုး နွားစားတာ အကုန်စဉ်းပေးရတယ်။ တောင်သူတိုင်း နွေစာမိုးစာအတွက် နွားစာ စုဆောင်း သိုလှောင်ထားကြရတယ်။ နွားစာကို စက်နဲ့စဉ်းတာက နွားနဲ့စဉ်းတာထက် အလေအလွင့်သက်သာတယ်။ နွားနဲ့နယ်တာက အရိုးအရွက်တွေ ကြေမွပြီး ဆုံးရှုံးတာတွေရှိတယ်" ဟု ပဲခွဲစက်နှင့် နွားစာစဉ်းစက် ထုထောင်ထားသူ ဇကွန်းရွာမှ ကိုညွန့်ဝင်းက ပြောပြသည်။

တပေါင်းလပိုင်းမှ စတင်ကာ ဆောင်းသီးနှံများကို ရိတ်သိမ်းနေကြပြီး ဈေးကွက်သို့ အချိန်မီတင်ပို့ ရောင်းချနိုင်ရန်အတွက် ခြောက်သွေ့သည်နှင့် ကြိတ်ခွဲနေကြခြင်းဖြစ်သည်။ မြေပဲတောင့် သုံးတင်းကျော်၊ လေးတင်းခန့် ကြိတ်ခွဲပါက မြေပဲဆန်တစ်တင်းထွက်ရှိကြောင်း၊ မြေပဲဆန်ဈေးနှုန်းမှာ ပိဿာတစ်ရာလျှင် ကျပ်တစ်သိန်းငါးသောင်းဝန်းကျင်သာ ဈေးနှုန်းများပေါက်နေကြောင်း သိရသည်။ ကြိတ်ခွဲခအဖြစ် မြေပဲဆန်တစ်တင်းလျှင် ကျပ်လေးရာယူကြပြီး နွားစာစဉ်းခလျှင် ကျပ်ခြောက်ထောင် ယူကြောင်း အနေဖြင့် စက်မောင်းနာရီ တစ်နာရီသိရသည်။

လယ်ယာလုပ်ငန်းခွင်တစ်ခုတွင် လယ်ယာသုံးစက်ကိရိယာကို အသုံးပြုနေစဉ်။

နန္ဒာမင်းလွင်

(၆၇)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားဖိတ်ကြားခြင်း

အခမ်းအနားကျင်းပရေးကော်မတီ

နှင်းခူရောဂါ

Full Auto

PH:09 731 99 410
09420035882, 73199257

သီရိကြယ်စင်
အထူးအဆင့်မြင့်တာသင်နိုင်းနှင့် စခန်းသွင်းလေ့ကျင့်ရေးဖော်ဒါ

ဆရာDr. U.T.A
ဆရာဘဘ Bio
01-543689
09-73095664
09-5053874

အာစိကာ
Ph: 01 - 379385

ကားရောင်းမည်

09-5108316, 09-31192014

မြေကွက်ဝယ်လိုသည်
09 31589922
09 31268183

လယ်ယာသားငါးသစ်တောကဏ္ဍဆပ်ကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

ယမန်နေ့မှအဆက်

နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်အားလုံး

လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေလယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်း(၁)တွင် ပါရှိသည့် တပ်မတော်နှင့်သက်ဆိုင်သည့် တင်ပြတိုင်ကြားမှုပေါင်း ၅၆၅ ခု အပေါ် ပြီးပြတ်အောင်ဆောင်ရွက်ပြီးစီးမှုမှာ ၃၃၂ ခုရှိသဖြင့် ၅၈ ဒသမ ၇၆ ရာခိုင်နှုန်းဆောင်ရွက်ပြီးဖြစ်ပါသည်။

အစီရင်ခံစာအပိုင်း(၂)တွင် မြို့ပြများ တိုးချဲ့တည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်းနှင့်စက်မှုဇုန်များတည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်းနှင့် သက်ဆိုင်သည့် တင်ပြတိုင်ကြားမှု ၆၃ ခုအပေါ် တစ်ခုဆောင်ရွက်ပြီးဖြစ်ပါသည်။

အစီရင်ခံစာအပိုင်း (၃)တွင် စိုက်ပျိုးရေး၊ မွေးမြူရေးစီမံကိန်းများဆောင်ရွက်ရန် ပုဂ္ဂလိကကုမ္ပဏီများသို့ မြေနေရာချထားပေးရာတွင် တောင်သူလယ်သမားများလက်ရှိလုပ်ကိုင်နေသည့် လယ်ယာမြေများပါရှိသွားခြင်း၊ နိုင်ငံတော်စီမံကိန်းဖြစ်သည့် ရထားလမ်းများ၊ ကားလမ်းများ၊ လေယာဉ်ကွင်းများတိုးချဲ့တည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်းတို့နှင့်သက်ဆိုင်သည့် တိုင်ကြားမှုစုစုပေါင်း ၁၁၇ ခုအပေါ် ၄၅ ခု ပြီးပြတ်အောင်ဆောင်ရွက်ပြီးဖြစ်သဖြင့် ၃၈ ဒသမ ၄၆ ရာခိုင်နှုန်းဆောင်ရွက်ပြီးဖြစ်ပါသည်။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်များအပေါ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများမှ တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် အစီရင်ခံစာအပိုင်း (၁)၊ (၂)၊ (၃)ပါ ပထမအကြိမ်နှင့် ဒုတိယအကြိမ် စုစုပေါင်း ၃၇၈ ခု၊ ရာခိုင်နှုန်းအားဖြင့် ၅၁ ရာခိုင်နှုန်း၊ ထပ်မံပေးပို့သည့် အမှုတွဲများအနက်မှ အမှုပေါင်း ၄၅ ခုဖြေရှင်းပြီးဖြစ်၍ စုစုပေါင်း ၄၂၃ ခုကို ပြီးပြတ်အောင် ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး

ဒီရေတောစိုက်ခင်းများတွင် ပုစွန်တွဲဖက်မွေးမြူရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် မွေးမြူရေးနှင့်ရေလုပ်ငန်း ဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ ဒီရေတောစိုက်ခင်းများ စိုက်ပျိုးပြီး ပုစွန်မွေးမြူခြင်းလုပ်ငန်းတွဲဖက်ဆောင်ရွက်လိုပါက Aqua.Forestry စနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများကိုသစ်တောပြုန်းတီးနေသော နေရာများတွင် အနီးအနားကျေးရွာပြည်သူလူထုနှင့်ပြေလည်စွာညှိနှိုင်း၍ တည်ထောင်ခွင့်ပြုသွားမည်။

အင်းဂရန်ဘုံအင်းကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ လွန်ခဲ့သော ၁၅ နှစ်ခန့်က ငါးရှဉ့်မြစ်ရေတိုက်စားမှုကို ကာကွယ်ရန် ဆည်မြောင်းဦးစီးဌာနမှ ရေကာတာတုတ်တန်းများရိုက်ရာမှ အဆိုပါ အိုင်ကွက်တစ်ကွက်ပေါ်ထွန်းပြီး ရေလုပ်သားများလွတ်လပ်စွာ ရှာဖွေစားသောက်လုပ်ကိုင်ခဲ့ပါသည်။ ၎င်းသည် အင်းမြေပုံတွင် မပါရှိသဖြင့် ကိုင်းသမား၊ ရေလုပ်သားနှင့် အင်းသားကြီးများ နှစ်စဉ်ပြဿနာပေါ်ပေါက်လျက်ရှိပြီး ဒေသခံရေလုပ်သားနှင့် ပြဿနာမဖြစ်ပွားစေရေးအတွက် ၎င်းအင်း၏နောက်ချုပ်အပိုင်းအား ဘုံစားအဖြစ် သတ်မှတ်ခွင့်ပြုချက်ဖြင့် လေလံတင်ရောင်းချခဲ့ပါသည်။ ရေချိုငါးလုပ်ငန်းစီမံခန့်ခွဲမှုများနှင့် ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါသဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြလမ်းညွှန်မှုခံယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး

စပါးရိတ်သိမ်းခြွေလှေ့စက်များ ဝယ်ယူရရှိရေးနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ် စက်မှုလယ်ယာဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သော Kukje Combine Harvester(Model-DKC 685) (70 HP) များကိုလက်ငင်းဝယ်ယူလိုပါက ၄၃၅ သိန်း၊ အရစ်ကျနှစ်နှစ်အတွင်းသုံးရစ်ခွဲ၍ ဝယ်ယူလိုပါက ၄၅၅ သိန်း၊ Kukje Combine Harvester (Model-DKC 685) (85 HP) များကိုလက်ငင်းဝယ်ယူပါက ၅၃၅ သိန်း၊ အရစ်ကျနှစ်နှစ်အတွင်း သုံးရစ်ခွဲ၍ ဝယ်ယူလိုပါက သိန်း ၅၅၀ ဖြင့် စက်မှုဝန်ကြီးဌာနမှ ရောင်းချလျက်ရှိပါသည်။

ရေရရှိရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် ဆည်မြောင်းဦးစီးဌာနမှဆောင်ရွက်ပေးမှုအခြေအနေ ဆည်မြောင်းဦးစီးဌာနမှ ကော့မှူးမြို့နယ်ရှိ တာပြတ်ဇရပ်ရေတံခါး ၆ ပေ× ၆ ပေ ခြောက်ပေါက်ကိုလည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှုလလျာထားချက်မှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျခံဆောင်ရွက်မည်ဖြစ်ပါသည်။ မြေပြင်တိုင်းတာခြင်းလုပ်ငန်းများ၊ ဘူမိဗေဒဆိုင်ရာလုပ်ငန်းများစသည့် အကြိုတည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီး

ရေရရှိရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ အောက်ပါလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါသည်။

သမန်းတော၊ ထုံးပေါက်ကျေးရွာအုပ်စုများတွင် မြေသားမကောင်းသည့် လက်တံမြောင်းနှင့် လက်တံခွဲမြောင်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် နှစ်စဉ်အလှည့်ကျအုတ်စီမြောင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေပါသည်။

ဧရာဝတီမြစ်ရေတင်လမ်းကြောင်းမကောင်းသည့် မင်းဘူးမြို့နယ် ကမ်းနီးလျှပ်စစ်ရေတင်လုပ်ငန်းကဲ့သို့ ရေတင်လုပ်ငန်းများတွင် သဲစုပ်ပန့်များအရန်သင့်တပ်ဆင်ဆောင်ရွက်နေပါသည်။

ဆိပ်ဖြူမြို့နယ် မြင်ကဝအောက်ဆိပ်ကျေးရွာတွင် နွေသီးနှံအောင်ရေရရှိရေးအတွက် ရေခေါ်မြောင်း ပေ ၃၀၀ တူးဖော်ခြင်းကို ဌာနမှဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ညောင်ဦးမြို့နယ် လောကနန္ဒာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းတွင် သဲသောင်ခုံအား ဖြတ်ဖောက်၍ ရေခေါ်မြောင်းနှင့်ဝပ်ကျင်းတူးဖော်မှုအား ပိုမိုမြန်ဆန်စေရန်အတွက် Backhole တစ်စီးထပ်မံဖြည့်တင်းဆောင်ရွက်လျက်ရှိပြီး မြေပြန့်ပြူးသည့် ရေတင်အဆင့် (၃)နှင့်(၄)အကြားရှိ ဧရိယာများ၌ ဌာနမှစက်ယန္တရားကူညီပြီး တောင်သူမှစက်သုံးဆီကျခံသည့်စနစ်ဖြင့်ယာမှလယ်ပြောင်းစနစ်အား စည်းရုံးဆောင်ရွက်လျက်ရှိပါသည်။

ရှမ်းပြည်နယ်

စိုက်ပျိုးစရိတ်ချေးငွေများရရှိရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆောင်ရွက်ပေးမှု အခြေအနေ၂၀၁၄-၂၀၁၅ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေခွင့်ပြုချက်ကို အချိန်မီရရှိအောင် ဆောင်ရွက်ပြီး ရလျှင်ရချင်း တိုင်းဒေသကြီး/ပြည်နယ်များသို့ ရန်ပုံငွေနှင့် Drawing Limit ခွဲဝေခွင့်ပြုချက်များ အမြန်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် စိုက်ပျိုးစရိတ်ချို့တဲ့သော လုပ်ကွက်ငယ် လယ်သမားများအား ဦးစားပေးထုတ်ချေးပါသည်။ တစ်ဧကချေးငွေနှုန်းထားကိုလည်း တစ်နှစ်ထက်တစ်နှစ်တိုးချေးပေးခဲ့ပါသည်။ ဥပမာအားဖြင့် ၂၀၀၉-၂၀၁၀ တွင် စပါးတစ်ဧကတစ်သောင်းကျပ်ထုတ်ချေးခဲ့ပြီး ၎င်းနောက် နှစ်သောင်းကျပ်၊ ငါးသောင်းကျပ်၊ ရှစ်သောင်းကျပ်မှသည် တစ်နှစ်ပြီးတစ်နှစ် တိုးမြှင့်ပေးခဲ့ရာ ၂၀၁၃-၂၀၁၄ တွင် တစ်ဧကကျပ်တစ်သိန်းထိ သတ်မှတ်ထုတ်ချေးပေးလျက်ရှိပါသည်။

ကလောမြို့နယ် ပတ်ဝန်းကျင်တွင် ထင်းရှူးပင်များခုတ်၍ ခြံခတ်သည့်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် သစ်တောဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ ကလောမြို့နယ် သာမိုင်းခမ်းကျေးရွာ အနီးပတ်ဝန်းကျင်တွင် ထင်းရှူးပင်များခုတ်ပြီး ခြံခတ်နေ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်မြို့သဘာဝအလှအတွက် ကူညီပေးရန် တောင်းဆိုချက်အပေါ် အဆိုပါ နေရာများသည် ၁၉၉၅-၉၆ ခုနှစ် သစ်တောဦးစီးဌာနမှ တည်ထောင်ထားသော စီးပွားရေးထင်းရှူးစိုက်ခင်း ဧက ၁၀၀ အတွင်း၌ဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာငွေဖြင့် စိုက်ပျိုးထားခြင်းကြောင့် ၁၉၉၂ ခုနှစ် သစ်တောဥပဒေပုဒ်မ ၁၂ (က)တွင် “မည်သူမဆို သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေအတွင်း ဖွံ့ဖြိုးမှုလုပ်ငန်း (သို့မဟုတ်) စီးပွားရေးစီမံကိန်းလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်လိုလျှင် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောတူညီချက်ကို ကြိုတင်ရယူရမည်”ဟု အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်ပါသဖြင့် သစ်တောဦးစီးဌာနမှ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီး

ရေရရှိရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ ဆည်မြောင်းဦးစီးဌာနမှ ညောင်လေးပင်မြို့နယ် ကောလိယရေလှောင်တမံ တူးမြောင်းများပြုပြင်ခြင်းလုပ်ငန်းများကို လူအား၊ စက်အားဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ဘိုင်းဒါးတူးမြောင်းမှ ဆည်ရေဖြင့် ၂၀-၁၂-၂၀၁၃ ရက်နေ့တွင် နွေစပါးစိုက်ပျိုးရေစတင်ပေးဝေနိုင်ရန်အတွက် တူးမြောင်းပြုပြင်ခြင်းလုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာနမှ လူအား၊ စက်အားဖြင့်ဆောင်ရွက်နေပါသည်။

ဆည်မြောင်းဦးစီးဌာနမှ ညောင်လေးပင်မြို့နယ် ရဲနွယ်ဆည်ရေသောက်စနစ် တူးမြောင်းများအတွက် လယ်ယာမြေနစ်နာကြေးပေးရန် ဆောင်ရွက်နေပါသည်။ ကွင်းဆင်းတိုင်းတာမှုများကို စတင်ဆောင်ရွက်လျက်ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး

ရေရရှိရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ မြင်းမူမြို့နယ် ပျော့ရွာ မြစ်ရေတင်လုပ်ငန်းများ၌ လျှပ်စစ်ဓာတ်အားရရှိရေးမှာ အရေးကြီးသည့်လုပ်ငန်းဖြစ်၍ အုန်းတောပင်မဓာတ်အားခွဲရုံမှ ပျော့ရွာလျှပ်စစ်ရေတင်လုပ်ငန်းသို့ သွယ်တန်းရန်ကျန်ရှိနေသည့် ဓာတ်အားလိုင်းကို အမြန်ဆုံးစီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ငွေရာသီကျောင်းပိတ်ရက် ကာမ်းခြေ အလှူအာဏီအစဉ်
ချောင်းသာ (Hotel Max) + ကားခ (4D/3N) - 75,000 ks.
March 23 , 25
ငွေဆောင် (Ocean Paradise)+ ကားခ (4D/3N) - 80,000 ks.
Hotel Booking နေ့စဉ် ခရီးစဉ် ရှိပါသည်။
EMERALD MYANMAR Travels & Tours 09-49589762, 09-421013999 09-49589764, 09-421014999

ချောင်းသာ(နေ့စဉ်)
Hotel
Scania
09-421014999 09-49569762
09-421013999 09-49569764

NICE ENGLISH LANGUAGE ACADEMY
Saya U Htay Lwin B.A.(Hons)(English), M.Phil (English), M.A.(TEFL), Dip.Eng
* IELTS , TOEFL, SAT, Business English
* Spoken English, Grammar and Vocabulary, GE (4-Skills)
* Academic Writing (Letter and Essay)
* Summer English Courses(aged 10 to 15) (9th March to 20th May)
* Quality
Tel: 09 - 519 - 3468 , 09 - 730 - 33476

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း
LL.B,D.B.L,D.M.L,D.I.L (W.I.P.O-Switzerland)

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း
LL.B,D.B.L,D.M.L,D.I.L (W.I.P.O-Switzerland)

For rent rooms @
Chantha Gonyaung Executive Condominiums
Penthouse / Rooms
4 rooms , 5 rooms
Fully Furnished
Amazing serenity and satisfactory facilities, club restaurant
24 hours electricity internet , cable TV
Brookers welcome
Interested parties please call
09-421020006, 09-420092079, 09-421020008, 09-73085811,

အဘိဓဇဂုဏာပူဇာနှင့်မွေးနေ့မင်္ဂလာကျင်းပမည်

တောတိုက်မေ္ဘရိပ်သာဆရာတော်ကြီးသည် ပရိယတ်၊ ပဋိပတ်နှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ဝိနည်းဓိုရ်၊ တောင်တန်းသာသနာပြု နိုင်ငံတော်သြဝါဒါစရိယ၊ တိုင်းဒေသကြီးဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ကြီးကြပ်ရေးဥက္ကဋ္ဌစသော သာသနာပြုလုပ်ငန်းများကို (၃၈)နှစ်တိုင်တိုင်အားသွန်ခွန်စိုက် စွမ်းစွမ်းတမံဆောင်ရွက်တော်မူသည့်အတွက်ကြောင့် နိုင်ငံတော်မှ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကြီးကို ထိုက်ထိုက်တန်တန် လှူဒါန်းပူဇော်သဖြင့် တပည့်သံဃာ၊ သီလရှင်ယောဂီအပေါင်းတို့မှ နှစ်ထောင်းအားရ ပီတိသောမနဿဖြစ်ကြပြီး ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်လိုသော ဆန္ဒများစွာရှိနေကြ၍ နှစ်စဉ်ကျင်းပနေကျဆရာတော်ကြီး၏ သက်တော်(၈၂)နှစ်ပြည့်မွေးနေ့မင်္ဂလာကို ၂၇-၃-၂၀၁၄ရက် (ကြာသပတေးနေ့) တွင် ထပ်ဆင့်ပူဇော်ရာ၌ ပင့်သံဃာတော်အပါး(၁၀၀၀)တို့အား နဝကမ္မများ လှူဒါန်းပူဇော်နိုင်ပါသည်။

တပည့်များ
တောတိုက်မေ္ဘရိပ်သာကျောင်းတိုက်
တောတိုက်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်
ဖုန်း-၀၁-၆၃၇၂၈၁၊ ၀၉-၈၆၃၀၃၁၃



မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ
ဟာဂျီဦးဘညွန့်(မြို့နယ်အခွန်ဦးစီးဌာနမှူး-ငြိမ်း)-ဟာဂျီမဒေါ်ခင်ခင်ညို (အလယ်တန်းကျောင်းအုပ်ဆရာမကြီး-ငြိမ်း)တို့၏ တစ်ဦးတည်းသောသား

ဒေါက်တာဇော်ဝင်းထွတ်
M.B.,B.S,Ygn
Institute of Marine Technology (CD27,CE25)

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ
(ဟာဂျီဦးမောင်ညဏ်)-ဟာဂျီမဒေါ်ဝင်းကြည်(အင်ပါယာ)တို့၏သမီးလတ်

ဟာဂျီမ မသီတာဝင်း
B.A,Eco
Computer Diploma in IT,LCCI(I,II,III)

တို့၏ ၂၃-၂-၂၀၁၄ရက်(တနင်္ဂနွေနေ့)Asia Plaza Hotel တွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ရဲမှူးချုပ်ဗဟိန်း(ငြိမ်း)၊ သတင်းတပ်ဖွဲ့မှူး(ငြိမ်း)နှင့် ဇနီး ဒေါ်ဌေးဌေး (အထက်တန်းကျောင်းအုပ်ဆရာမကြီး-ငြိမ်း)၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ဒုတိယဗိုလ်မှူးကြီးယဉ်မောင်စိန်(ငြိမ်း)၊အကြံပေးပုဂ္ဂိုလ်-ဗန္ဓုလပို့ဆောင်ရေးကုမ္ပဏီလီမိတက်နှင့်ဇနီး ဒေါ်မြင့်မြင့်အေး၊ မန်နေဂျာ -ကုန်သွယ်ရေး(ငြိမ်း)တို့အားလည်းကောင်း၊ ဧည့်ခံပွဲသို့ မေတ္တာဖြင့် ကြွရောက်ချီးမြှင့်ခဲ့ကြသော ဂုဏ်သရေရှိဧည့်သည်တော်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့များ ချီးမြှင့်ပေးပါသော နိုင်ငံရပ်ခြားမှ အစ်ကိုအစ်မများနှင့် သူငယ်ချင်းမိတ်ဆွေများ၊ ရပ်ဝေးရပ်နီးမှ သူငယ်ချင်းမိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျွန်တော်၊ ကျွန်မတို့က အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာဇော်ဝင်းထွတ်-မသီတာဝင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
စက်ရုံနှင့်မော်တော်ယာဉ်ဌာန

တာယာ/ဘက်ထရီများနှင့်ပစ္စည်းဟောင်းများလေလံတင်ရောင်းချရန်ကြော်ငြာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနရှိ သုံးစွဲရန် မသင့်လျော်တော့သည့် အောက်ဖော်ပြပါ တာယာ/ဘက်ထရီများနှင့် ပစ္စည်းဟောင်းများကို ၁၄-၃-၂၀၁၄ ရက် မွန်းလွဲ ၁း၀၀ နာရီတွင် ၆၂လမ်း၊ အောင်ဆန်းလမ်းနှင့် အောင်ဇေယျလမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၌ လေလံတင်ရောင်းချသွားမည် ဖြစ်ပါသည်။

စဉ်	ရောင်းချမည့်ပစ္စည်း	အရေအတွက်
(က)	တာယာ	၁၉၈၃လုံး
(ခ)	ဘက်ထရီ	၇၂၂လုံး
(ဂ)	ပစ္စည်းအဟောင်းပုံ	၁ပုံ

၂။ လေလံစည်းကမ်းချက် လျှောက်လွှာပုံစံများကို ၁၁-၃-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း တစ်စုံလျှင်ငွေကျပ်(၂၀၀၀/-)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဌာနမှူးစက်ရုံနှင့် မော်တော်ယာဉ်ဌာန ဖုန်း-၀၂-၈၀၁၅၇၊ ၀၂-၈၁၃၁၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ခေတ္တဌာနမှူး
စက်ရုံနှင့်မော်တော်ယာဉ်ဌာန

အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V MALACCA HIGHWAY (V.171S) သင်္ဘောသည် ၁၀-၃-၂၀၁၄ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။ မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊၂၃၀၁၁၇၇
ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပြင်ဦးလွင်အိမ်နှင့်ခြံရောင်းမည်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ နဝရတ်လမ်းမပေါ်အမှတ်(လ/-)၊ ပေ(၆၀×၈၀)ဂရန်မြေ၊ RCတစ်ထပ်တိုက်၊ အဝီစိတွင်းပါ။ ဖုန်း၊ ရေ မီးစုံ၊ ရပ်ကွက်သန့်၊ ညီနိုင်းဈေး။

ဆက်သွယ်ရန် ဖုန်း-၀၁-၂၅၄၄၅၆၊ ၀၈၅-၂၉၀၆၈၊ ၀၉-၂၅၀၂၄၆၁၀၀

အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

ဦးဇော်ဝင်း(ခ)ဦးရှိုးတီ

အသက်(၅၈)နှစ်

B.Sc(Physics)၊ မော်လမြိုင်

New ပွင့်ဖူးပါတိတ်

၂-၃-၂၀၁၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားသော ဦးဇော်ဝင်း(ခ)ဦးရှိုးတီ နာမကျန်းဖြစ်စဉ်က ဂရုတစိုက် ပြုစုစောင့်ရှောက်ပေးခဲ့သော ပါမောက္ခဒေါက်တာ ဦးစိုးအောင်၊ ပါမောက္ခဒေါက်တာ ဦးမောင်မောင်ခင်နှင့် အာရှတော်ဝင် အထူးကုဆေးရုံကြီးမှ တာဝန်ကျဆရာဝန်/ဆရာမများနှင့်တာဝန်ရှိသူများ၊ ရပ်ဝေးရပ်နီးမှ တယ်လီဖုန်း/E-mailနှင့်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ အားပေးနှစ်သိမ့်ကူညီပေးကြသောဆွေမျိုး မိတ်ဆွေသင်္ဂဟများ အားလုံးတို့အားလည်းကောင်း၊ လှူဒါန်းရန် သက်န်းလှူဖွယ်ပစ္စည်းများ၊ လွမ်းသူ့ပန်းခြင်းများပေးပို့သော မိတ်ဆွေများအားလည်းကောင်း၊ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသူများ အားလုံးတို့အားလည်းကောင်း ကျန်ရစ်သူမိသားစုမှ အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးခင်ညို (မြန်မာ့စိုက်ပျိုးရေး၊ ကြို့ကုန်း-ငြိမ်း)

(အိုင်သပြု၊ လေးမျက်နှာ)

အသက်(၇၆)နှစ်

သူငယ်ချင်းဖြစ်သူ ဒေါ်ချိုချိုသင်းကြည်(ဒု-ပါမောက္ခ၊မြို့ပြ၊နည်းပညာတက္ကသိုလ်)၏ ချစ်လှစွာသောဖခင် ဦးခင်ညိုသည် ၂-၃-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၈၇-၁၉၉၁(R.I.T)မြို့ပြအင်ဂျင်နီယာကျောင်းဆင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးမျိုးမြင့်

အသက်(၇၁)နှစ်

(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)

(သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ သာသနာရေးဝန်ကြီးဌာန)

ဒေါ်တင်တင်ဝင်း

အသက်(၇၁)နှစ်

(သမိုင်းပါမောက္ခငြိမ်း)အဝေးသင်တက္ကသိုလ်၊ ရန်ကုန်မြို့

ရန်ကုန်မြို့နေ ဒေါက်တာဦးမျိုးမြင့်သည် ၂၆-၂-၂၀၁၄ရက်စင်ကာပူစံတော်ချိန် ၁၂း၁၅နာရီတွင် (National University Hospital)နှင့် ဇနီး ဒေါ်တင်တင်ဝင်းသည် ၁-၃-၂၀၁၄ရက် စင်ကာပူစံတော်ချိန် ၂နာရီတွင် (Singapore General Hospital)၌ ကွယ်လွန်သွားကြောင်းသိရှိရသဖြင့် အထူးအောက်မေ့ သတိရလျက် ဝမ်းနည်းကြေကွဲရပါသည်။

ဘဟာအီသာသနာနေရှင်နယ် အဖွဲ့ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအိတေ

အသက်(၈၃)နှစ်

မန္တလေးမြို့၊ ကျော်ကျော်နိုင်စိုက်ပျိုးရေးဆေးဖြန့်ချိရေး ဒေါ်အေးအေးမြင့်၊ ဒေါ်အေးအေးစန်း တို့၏ဖခင်၊ ဒေါ်တင်အေး၏ချစ်လှစွာသော ခင်ပွန်း ဦးအိတေ အသက်(၈၃)နှစ်သည် ၅-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မင်းမဟော်မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သိန်းကြွေ

အသက်(၁၀၀)

ဒေါက်တာပေါ်မြင့်ဦး(မြဂန္ဓမာဆေးခန်း)-ဒေါက်တာဂျိုဂျိုစန်း[Township Coordinator]၊ ပျဉ်းမနားမြို့၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၊ ငှက်ဖျားစီမံချက်)၏မိခင် ဒေါ်သိန်းကြွေသည် ၄-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံဆရာဝန်အသင်း

ငှက်ဖျားစီမံချက်မှဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်သိန်း(ခ)ဦးဘန်ချိန်း

အသက်(၆၀)

အမှတ်(၁)ဈေးကြီး၊ မော်လမြိုင်

ဒေါ်စိုးစိုးရီ(အေ-ဝမ်း) ဆေးဆိုင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ရဲပြည့်ဖြိုး၊ မောင်စိုးပြည့်ဖြိုးတို့၏ကျေးဇူးရှင်ဖခင် ဦးကျော်သိန်းသည် ၅-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်းမြင့်-ဒေါ်စမ်းသီတာ(မုဒုံ)

ဦးစန်းအောင်-ဒေါ်ခင်သက်ဝေ

(ငွေကြယ်ပွင့်ကဖီး၊ငွေကြယ်ပွင့်ဆေးကုခန်း)

မိသားစု ကမ်းနီ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ရွှေသိန်း(ပေါက်ခေါင်း)

အသက်(၉၆)နှစ်

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)ဒု-ဥက္ကဋ္ဌ ဦးရဲမြင့်-ဒေါ်နွဲ့နွဲ့ဝင်းတို့၏ မိခင် ဒေါ်ရွှေသိန်းသည် ၁-၃-၂၀၁၄ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

အမှုဆောင်အဖွဲ့

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)

ဝမ်းနည်းကြေကွဲခြင်း

အဓိပတိသတင်းဂျာနယ်တွင် နက္ခအမြင်နှင့် သင့်ကံကြမ္မာ ဟောကိန်းများ အပတ်စဉ်ရေးပေးနေသော ဆရာပရောဖက်မြတ်သစ် အသက် (၅၉)နှစ်သည် ၆-၃-၂၀၁၄ရက် နံနက် ၉း၄၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားသောကြောင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အဓိပတိသတင်းဂျာနယ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး

ဒေါ်ဟုန်တင်(ခ)ဒေါ်ရှုတင်(ထားဝယ်)

အသက်(၈၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ပဲဒက်ကျေးရွာနေ (ဦးဟာဘွေ-ဒေါ်မလှိုင်း)တို့၏သမီး၊ (ဦးဖိုးချွန်း-ဒေါ်စိန်ဘု)တို့၏ သမီးချွေးမ၊ (ဦးလူဘိန်)၏ဇနီး၊ ဦးကင်းစိန်(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ သရက်ချောင်း မဲဆန္ဒနယ်) (ဂုဏ်ထူးဆောင် နာယက-ထားဝယ်အသင်း)-ဒေါ်ရီရီစန်းတို့၏မိခင် ဒေါ်ဟုန်တင်(ခ)ဒေါ်ရှုတင်သည် ၄-၃-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

နာယကအဖွဲ့၊ အမှုဆောင်အဖွဲ့

ထားဝယ်အသင်း

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် (၅ဂ/၃၅၆၇)၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာသာမြို့နယ်၊ (၇)ရပ်ကွက်၊ တေးဥယျာဉ်(၁၃)လမ်း၊ အမှတ်(၂၆၅/က)၊ (၁၀×၆၀)ပေ မြေကွက်နှင့် အဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်ကို ကျွန်တော်ကိုလှိုင်ဝင်းထွန်း[၁၂/သလန(နိုင်)၀၉၂၃၃၂]သည် ဦးသန်းဝင်း [၁၂/တမန (နိုင်)၀၂၃၉၇၆]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ပေးချေပြီးဖြစ်သည့်အပြင် ကျန်ငွေကို ၁၈-၃-၂၀၁၄ရက်တွင် အပြီးပေးချေပြီး အရောင်းအဝယ်စာချုပ်ချုပ်ဆိုမည် ဖြစ်ပါ၍ ယင်းမြေကွက်နှင့် အဆောက်အအုံအတွက် ဆက်နွှယ်ပတ်သက်သူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ၁၈-၃-၂၀၁၄ရက်မတိုင်မီ ကန့်ကွက်နိုင်ကြောင်းကြေညာအပ်ပါသည်။

သတ်မှတ်ထားသည့် နေ့ရက်ကျော်ပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ကျွန်ုပ်နှင့်ဦးသန်းဝင်းတို့မှ ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှိုင်ဝင်းထွန်း

အမှတ်-၂၆၄/က၊ တေးဥယျာဉ်(၁၃)လမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၅၈)ရပ်ကွက်၊ဦးစံဝင်းလမ်း၊ အမှတ်(၆၇၁) ဟုခေါ်တွင်သော မြေဧရိယာပေ(၄၀×၆၀)ဦးသန်းဝင်း(PGU-၀၈၄၈၉၄)အမည်ပေါက်ပါမစ်မြေကွက်အား လက်ရှိပိုင်ဆိုင်သူ ဒေါ်လှလှဝင်း(TGKN-၀၄၈၃၄၈)ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆိုခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင်တကွ ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇေယျာထွန်း(LL.B)

အထက်တန်းရှေ့နေ(စဉ်-၂၈၄၆၉)

အမှတ်(၅/၅၀၂)၊ ရန်ကင်းလမ်း၊ကန်တော်မွန်အိမ်ရာ၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-5079602

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်အိမ်ရာ၊ တိုက်(၅၁၈)၊ အခန်း(၁၀၁)ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်နွဲ့နွဲ့ရီထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်မိမိဝင်း(ခ)မိမိလှိုင် [၈/မကန(နိုင်)၀၂၉၇၀၂]က ပိုင်ရှင်အမည်ပြောင်းလဲခွင့်လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

(၆)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဦးအေးမောင်

(ဒု)စက်မှုအင်ဂျင်နီယာချုပ်(ငြိမ်း)

မြန်မာ့မီးရထား

ကျေးဇူးရှင်ဖခင်ကြီးကွယ်လွန်ခဲ့သည်မှာ ၉-၃-၂၀၁၄ရက်တွင် ခြောက်နှစ်ပြည့်ခဲ့သော်လည်း မမေ့နိုင်ပါ။ဖခင်ကြီးအားရည်စူး၍ ပြုလုပ်သော ကုသိုလ်ကောင်းမှုစုစုတို့ကို မြင်မြတ်သော ဘုံဘဝမှ ဖခင်ကြီးဝမ်းမြောက်ဝမ်းသာ အနုမောဒနာခေါ်ဆိုနိုင်၍ နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်းများ ရရှိနိုင်ပါစေသော်။

ဇနီး-ဒေါ်မြမြနှင့်

သားသမီး၊ မြေးတစ်စု

ဗိုလ်မှူးကျော်ဝင်း(ငြိမ်း) ကြည်း-၁၀၇၆၀
အသက် (၈၆) နှစ်

ရေနံချောင်းမြို့နေ ဦးမြို့-ဒေါ်ဆိုးမယ်တို့၏သား ကျောက်ပန်းတောင်းမြို့ အမှတ် (၁၆၉) မေတ္တာစံအိမ် ပြည် တော်သာရပ် ပုပ္ပါးလမ်းနေ ဒေါ်မြမြသန်း၏ ခင်ပွန်း၊ ဦးသိန်းနိုင်-ဒေါ်မြမြဝင်း၊ ဦးရဲမြင့်-ဒေါ်တင်တင်ကျော်ဝင်း၊ ဦးကျော်လွင်-ဒေါ်မာမာကျော်ဝင်း၊ ဦးမောင်မောင်အောင်-ဒေါ်စန္ဒာကျော်ဝင်း၊ ဒေါ်ဇင်သီတာကျော်ဝင်း(ယူဒါ) (မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)၊ ဦးဝင်းမင်းထွန်း-ဒေါ်ခင်မာအေးတို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မြေးခုနစ်ယောက်တို့ ၏ အဘိုးသည် ၈-၃-၂၀၁၄ ရက်(စနေနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ကျောက်ပန်းတောင်းမြို့ အမှတ် (၃) သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒုတိယဗိုလ်မှူးကြီးသိုက်ထွန်း(ငြိမ်း) (၆၆)နှစ်
O.T.S(44)

ကျောက်ဆည်မြို့နယ်နေ ဦးမောင်ကို-ဒေါ်တင်ညွန့်တို့၏သား၊ သာယာဝတီမြို့နယ်နေ ဦးလှတင်-ဒေါ်အေးညွန့်တို့၏သားသမက်၊ ဒေါ်စီစီမော်၏ ချစ်လှစွာသောခင်ပွန်း၊ မငွေငွေဦး၊ မောင်နိုင်ထွန်းကျော်၊ မောင်ရန်နိုင်တို့၏ဖခင်သည် ၈-၃-၂၀၁၄ ရက် နံနက် ၉ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ သဖြင့် ၁၀-၃-၂၀၁၄(တနင်္လာနေ့) ညနေ ၃နာရီတွင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ်(၅၂၅)၊ တော်ဝင်လမ်း၊ (၃/၁၆)ရပ်ကွက် နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါ မည်။] [ကွယ်လွန်သူအားရည်စူး၍ ၁၄-၃-၂၀၁၄ ရက် နံနက် ၇နာရီမှ ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးခင်ညို (၇၆)နှစ်
(အိုင်သပြုလေးမျက်နှာ)
(မြန်မာ့စိုက်ပျိုးရေးကြို့ကုန်း-ငြိမ်း)

ဗိုလ်ကြီးလှမျိုး(တပ်မတော်ရေ-ငြိမ်း) (Theda Shipping Co., Ltd.)-ဗိုလ်ကြီးသန်းသန်းထွေး(ငြိမ်း) (ရေနီစက္ကူစက်)တို့၏ဖခင်သည် ၂-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။ **ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)မှ ကျောင်းဆင်းဖက်သူငယ်ချင်းများ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
လူဟိုက်ပင်း(ခ)ဦးမင်းဇော်
အသက်(၈၀)
(အောင်မြန်မာဆီစက်-ပဲခူး)

ပဲခူးမြို့နေ (ဦးကတုံး-ဒေါ်ဝှက်)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးအင်ယူး-ဒေါ်တုံးငါး)တို့၏ သားသမက်၊ (ဦးစိုးမင်း)-ဒေါ်ကင်တီတို့၏မောင်၊ (ဦးရွှေမြင့်)၊ (ဦးတင်ရွှေ)၊ ဦးကျင်ကဲ-ဒေါ်ပိုတို့၏ အစ်ကို၊ ပဲခူးမြို့၊ ပန်းလှိုင်(၂၁)လမ်း၊ အမှတ်(၂၆)နေ ဒေါက်တာဒေါ်တင်နွယ်အေး၏ခင်ပွန်း၊ ကိုကျော်ကျော်ဇော်-မစန်းစန်းထွေး၊ မလူလူဝေခိုင်(ခေတ္တ-UK)၊ Nicolas -မစောညွှန့်ညွှန့်အောင် (ခေတ္တ-UK)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မကြူကြူမြင့်၊ ကိုချမ်းချမ်း-မသူဇာမြင့်တို့၏ဘကြီး၊ မြေးတစ်ယောက်၏ အဘိုးသည် ၇-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ရဟန်းအမ
ဒေါ်သောင်းညွန့်(ခ)ဒေါ်အေးရီ
အသက်(၆၈)နှစ်
(အဆောက်အအုံအထူးအဖွဲ့-၂၊ ငြိမ်း)
(ပျဉ်းမနား)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၂၀၄)၊ (၃၉)လမ်းနေ (ဦးတုတ်မောင်-ဒေါ်အေး)တို့၏သမီး၊ (ဦးဘစု-ဒေါ်အုန်းတင်)တို့၏ သမီးချွေးမ၊ ဦးမောင်မောင်ကြီး(ဆလရုံးချုပ်၊ ငြိမ်း)၏ ဇနီး၊ ဦးမောင်မောင်နိုင်-ဒေါ်ငွေငွေသန်း၊ ဒေါ်စန္ဒာမင်း၊ ဦးအောင်အောင်မင်း၊ ဒေါ်အေးအေးအောင်တို့၏မိခင်၊ ကိုကျော်စိုးမိုးနိုင်-မသဲစုမောင်မောင်၊ မပွင့်စုမောင်မောင်၊ မောင်ဇေယျာမောင်မောင်တို့၏အဘွားသည် ၈-၃-၂၀၁၄ (စနေနေ့) နံနက် ၉း၁၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၄(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ကျောင်း၊မွေ့ရာရုံဒါယိကာမကြီး
ဒေါ်မြင့်မြင့်(ခ)ဒေါ်မိမိဆွေ
အသက်(၆၅)နှစ်

ရန်ကုန်မြို့နေ (ဦးခင်ပု-ဒေါ်ခင်လှ)တို့၏သမီး၊ မုံရွာမြို့နေ ဦးသန်းမောင်-(ဒေါ်သိန်းမ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်၊ (၄)ရပ်ကွက်၊ ပိတောက်(၃)လမ်း၊ ခြံအမှတ်(၂၃)နေ ဦးအောင်ဝင်း၏ ချစ်လှစွာသော ဇနီး၊ ဗိုလ်မှူးထူးအောင်ဝင်း(တပ်မတော်ဆေးတက္ကသိုလ်)-Dr. နှင်းလွင်ဦး (ဆေး-၁)၊ ကိုဖြိုးအောင်ဝင်း၊ မခိုင်စန္ဒာအောင်ဝင်းတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မအိမ့်ခေတ်ကြည်ဖြူအောင်၏အဘွား ဒေါ်မြင့်မြင့်(ခ)ဒေါ်မိမိဆွေသည် ၈-၃-၂၀၁၄ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၄ရက် နံနက် ၉း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်မြင့်ရီ (၆၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (က-၆)လမ်း၊ အမှတ် (၁၅၃)နှင့် ကျောက်တန်းမြို့နယ်၊ ရွှေကုန်းရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ် (၆၇၃)နေ (ဦးသိန်းမောင်-ဒေါ်ခင်ချစ်)တို့၏သမီး၊ [ဦးနော်တင်(ခ)ဦးတင်စိုး-ဒေါ်နုရင်]တို့၏ သမီးချွေးမ၊ [ဦးစိုးညွန့် (လဝကမှူး-ငြိမ်း)]၏ဇနီး၊ မမြတ်မွန်မွန်နှင်း၊ မမြတ်သီတာနှင်းတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်မြင့်ရီသည် ၈-၃-၂၀၁၄ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၄ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ပါဒကြီးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဦးစန်းနိုင် (Gold Petrol)
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ (၁၂၅)လမ်း (အထက်)၊ အမှတ်(၇၂/၇၄)၊ ခုနစ်လွှာနေ ဦးမြင့်ဆွေ-ဒေါ်ချိုချိုတင်တို့၏ သားကြီး၊ (ဦးချစ်လှိုင်)-ဒေါ်လှမင်းတို့၏ သားသမက်၊ ဒေါ်သီတာလှိုင်၏ခင်ပွန်း၊ မဝေမွန်ရည်ကျော်၊ မမေမြတ်နိုးအိမ်တို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးစန်းနိုင်သည် ၆-၃-၂၀၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁၁၈)၊ (၇)လမ်း (မြောက်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၃-၂၀၁၄ရက် နံနက်ပိုင်းတွင် ကြို့ကုန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးထွန်းအောင်ကျော်(ခ)ဦးဘိုနီ
အသက်(၅၉)နှစ်
(ပန်းတောင်း)

တောင်ကြီးမြို့နယ်၊ အောင်သပြေရပ်ကွက်နေ (ဦးအောင်မြင့်-ဒေါ်ခင်ချစ်)တို့၏သား၊ ဒုတိယဗိုလ်မှူးကြီးကျော်ဇောအောင်-ဒေါ်စန်းကြည်ကြည်တို့၏ညီ၊ ဦးသက်လွင်-ဒေါ်ဖြူဖြူခင်(မိစီ)၊ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဆန်း- ဒေါ်နီနီနိုင်(အမှတ်-၁၊ ယာဉ်သိုလှောင်ရေးတပ်ရင်း၊ မင်္ဂလာဒုံ)၊ ဦးညီညီအောင် (ဒိုးလေး)-ဒေါ်စန်းစန်းချိုတို့၏အစ်ကို၊ မနန္ဒာထွန်း၊ ဗိုလ်ကြီးအောင်သူရ(ငြိမ်း)-မစုမွန်ထွန်း၊ မောင်အောင်ကိုကိုမောင်-မအေးအေးအောင်၊ မောင်ဇော်လင်းနိုင်(ခ)သားညီတို့၏ဖခင်၊ ဒေါ်ချိုချိုနိုင် (နိုင်ဧရာကုန်စုံဆိုင်)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးထွန်းအောင်ကျော်(ခ)ဦးဘိုနီသည် ၇-၃-၂၀၁၄(သောကြာနေ့) ည ၁၂ နာရီတွင် တောင်ကြီးမြို့ စပ်ဝိစံထွန်းဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးနေ အသိမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးသိန်းထွန်း(ခ)ဦးဖိုးချို
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်း၊ အမှတ်(၁၆၇)နေ ဒေါ်သန်းသန်းအေး၏ခင်ပွန်း၊ ဦးသက်နှင်း၊ ဒေါ်စုစုနိုင်၊ ဦးထွန်းထွန်းအေး၊ ဒေါ်သင်းနိုင်၊ မောင်ညဏ်လင်းအောင်၊ မောင်ညဏ်လင်းမောင်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မောင်လွင်မိုးအောင်(ES4E)၊ မစုလဲ့နိုင်တို့၏အဘိုး ဦးသိန်းထွန်းသည် ၇-၃-၂၀၁၄ ရက် မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၃-၂၀၁၄ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ပိုပို(ခ)ဒေါ်အေးအေးသက်
အသက်(၅၇)နှစ်

ဖျာပုံမြို့၊ (၅)ရပ်ကွက်၊ ပထမလမ်း၊ အမှတ်(၃၀)နေ [ဦးအောင်ဆန်း-ဒေါ်ကြည် (အောင်ဆန်းစက်မှုလက်မှု)] တို့၏ သမီးလတ်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး၊ (၉)ရပ်ကွက်၊ အရှေ့ဝါယာလက်(၂)လမ်း၊ အမှတ် (၃၄၇)နေ (ဦးတင်အောင်)-ဒေါ်ခင်ခင်၊ (ဦးတင်အောင်-ကားဝပ်ရှော့)တို့၏ သမီးချွေးမ၊ ဦးမောင်ကံ၏ချစ်လှစွာသော ဇနီး၊ မခိုင်သဇင်၏ချစ်လှစွာသောမိခင်သည် ၇-၃-၂၀၁၄ (သောကြာနေ့) ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၃-၂၀၁၄ (ကြာသပတေးနေ့) နံနက်ပိုင်းတွင် အမှတ် (၃၄၇)၊ အရှေ့ဝါယာလက်(၂)လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး
ဦးတိုးလွင် (၅၆)နှစ်
(လှည်းကူး)

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အနောက်ဘက်ကမ်း၊ မင်းလမ်းနေ (ဦးကျင်စိန်-ဒေါ်တင်ကြည်)တို့၏ သားကြီး၊ ကိုမိုးစက်ဝိုင် (MRTV-4)-မဟေမာလွင်(ကရဝိက်ဥယျာဉ်)၊ ကိုစိုင်းမြတ်ကျော်စွာ (J.S.M Shipping Co)-မခိုင်ခိုင်လွင်၊ ကိုထွန်းထွန်းလှိုင်-မသဉ္ဇာလွင် (ကရဝိက်ဥယျာဉ်)၊ မောင်မျိုးစည်သူလွင် (Malaysia Shipping Co.,)တို့၏မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်ဝင်းကြည် (ကျောင်းအုပ်ဆရာမကြီး၊ အထက-၂၊ တံတေး)၏ ခင်ပွန်း၊ မြေးသုံးယောက်တို့၏အဘိုးသည် ၈-၃-၂၀၁၄ (စနေနေ့) နံနက် ၁၀း၃၅ နာရီတွင် အမှတ်(၉)၊ ဇေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၃-၂၀၁၄ (သောကြာနေ့) နံနက် ၈နာရီတွင် ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်တင်လှ(ခ)မိငယ်
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ အောက်ပုဇွန်တောင်ဈေးလမ်း၊ အမှတ်(၁၀)နေ (ဦးဝင်းဖေ)-ဒေါ်စန်းတိုးတို့၏သမီး၊ ဦးကျော်ဦး၏ဇနီး၊ ဦးကျော်ကျော်ဦး၏ညီမ၊ ကိုမိုးကျော်ကျော်၊ မမိုးစန္ဒာဝင်၊ မမိုးသိင်္ဂီဝင်းတို့၏ အစ်မ၊ မောင်ဇော်မျိုးဦး၊ မောင်ရဲမင်းထက်တို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသမိခင် ဒေါ်တင်တင်လှ(ခ)မိငယ်သည် ၇-၃-၂၀၁၄ (သောကြာနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျော်စိန်(ခ)လင်ကင်းဟင်
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်(မြောက်)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် (၂၀၁)၊ မြေညီထပ်နှင့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၂၀၃/၂-B)နေ (ဦးလင်ယူဟုတ်-ဒေါ်ချာရှု)တို့၏သား၊ ဒေါ်ခင်ခင်၏ခင်ပွန်း၊ ဒေါ်သန်းသန်းငွေ၊ ဒေါ်သန်းသန်းအေး၊ ဒေါ်နှင်းနှင်းအေး-ဦးအောင်ဇော်နိုင်(ဆော်လမွန်ကုမ္ပဏီ)၊ ဦးသန်းဦး(ဂမ္ဘီရမဂ္ဂဇင်း)-ဒေါ်စွေးစွေးနီ၊ ဒေါ်ကြည်ကြည်အေး-ဦးမျိုးငွေ(ကြည်မိတ္တူ)၊ ဒေါ်နှင်းနှင်းဝေ-ဦးဝင်းကြည် (ဝင်းမိတ္တူ)၊ ဒေါ်အေးအေးခိုင်-ဦးတင်မောင်ဦး(ခေတ္တ-တရုတ်တိုင်ပေ)တို့၏ ဖခင်ကြီး၊ မြေးကိုးယောက်တို့၏အဘိုးသည် ၇-၃-၂၀၁၄(သောကြာနေ့) နံနက် ၂း၂၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ပြင်ဆင်ဖတ်ရှုပါရန်

၈-၃-၂၀၁၄ရက် စာမျက်နှာ ၂၃ ပါ ဦးကျော်စိန်(ခ)လင်ကင်းဟင် (၈၈)နှစ် နာရေးကြော်ငြာတွင် သဂြိုဟ်မည့်ရက်နှင့် အချိန်မှာ ၁၁-၃-၂၀၁၄ (အင်္ဂါနေ့) နံနက် ၁၁နာရီဟု ပြင်ဆင်ဖတ်ရှုပါရန်။

ရဟန်း၊ ကျောင်း အမ
ဒေါ်မြင့်မြင့်ခင်(တောင်ကြီး) (၅၁)နှစ်
(B.com ၁၉၈၅ ခုနှစ် မာလာဆောင်ကျောင်းသူဟောင်း)

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ နယ်မြေ(၁၀)၊ အမှတ်(၃၈၇)၊ သီရိမင်္ဂလာလမ်း၊ မင်္ဂလာဦးရပ်နေ (ဦးစံသိန်း)-ဒေါ်ခင်ပုတို့၏သမီးကြီး၊ (ကိုကျော်ဝင်း)-နန်းမွှေးရင်၊ ဦးပိုင်-ဒေါ်စန်းစန်းမြင့်၊ ဦးအောင်မြင့်-ဒေါ်လေးလေးသော်၊ ဒုတိယဗိုလ်မှူးကြီးအောင်မျိုးလင်း-ဒေါ်တင်တင်ထွေးတို့၏ကျေးဇူးရှင်အစ်မကြီး၊ တူ/တူမ ရှစ်ယောက်တို့၏အဒေါ်၊ မြေးတစ်ယောက်၏အဘွား ဒေါ်မြင့်မြင့်ခင်သည် ၇-၃-၂၀၁၄(သောကြာနေ့) ည ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် တောင်ကြီးမြို့ တိုင်းရင်းသားပေါင်းစုံသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ပိုးကျင် (၆၉)နှစ်
(စိန်ကြောင် ကုန်စုံဆိုင်)

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နေ (ဦးရန်းနောင်-ဒေါ်ကျင်အင်း)တို့၏သမီး၊ (ဦးဟင်းငါး-ဒေါ်ယဉ်ယဉ်မြင့်)တို့၏ တူမ၊ ဟင်္သာတမြို့၊ ရုံကြီးရပ်၊ အမှတ် (၃၃၉)၊ မရမ်းမြိုင်နေ ဦးခွန်စိန်-ဒေါ်ငွေငွေ (စိန်ကြောင် ကုန်စုံဆိုင်)တို့၏ညီမ၊ ဦးသောင်းထိုက်-ဒေါ်ရှု့ဟုန်၊ ကိုအုံ့ကူ-မထွေးလေးတို့၏ အစ်မ၊ ကိုခွန်မျိုးသန့်-မသီတာအောင်၊ ဗိုလ်မှူးခွန်မျိုးလတ်-Dr. လင်းထက်မြင့်၊ ကိုခွန်မျိုးဟိန်း-မသင်းဝေမွန်၊ ကိုခွန်မျိုးသိန်း-မမီမီကျော်တို့၏အဒေါ် ဒေါ်ပိုးကျင်သည် ၈-၃-၂၀၁၄ရက် နံနက် ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ဟင်္သာတမြို့ ကြက်သွန်ရိုး တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ရဟန်းအမ
ဒေါ်သောင်းညွန့်(ခ)ဒေါ်အေးရီ
အသက်(၆၈)နှစ်
(အဆောက်အအုံအထူးအဖွဲ့-၂၊ ငြိမ်း)
(ပျဉ်းမနား)

(ဦးတုတ်မောင်-ဒေါ်အေး)တို့၏ သမီး၊ ဒေါ်မမကြီး၊ ဦးတင်အောင်တို့၏ ညီမ၊ ဦးတင့်ရွှေ၊ ဒေါ်ညွန့်ကြည်၊ (ဦးလင်းကြည်)-ဒေါ်ညိုညိုတို့၏အစ်မ၊ ဦးမြင့်သူ-ဒေါ်ပိုက်၊ ဦးကျော်မြင့်အေး-ဒေါ်နီတို့၏အစ်မကြီး၊ ဖြိုးဝေလင်း၏ အဒေါ်သည် ၈-၃-၂၀၁၄ (စနေနေ့) နံနက် ၉း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၄ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမောင်နှမတစ်စု

ဦးလှညွန့်(ကျီးသဲ) (၆၃)နှစ်
(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဝင်)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၂၉)၊ အာသာဝတီ(၁)လမ်းနေ (ဦးသံချောင်း-ဒေါ်သောင်းစိန်)တို့၏သား၊ (ဦးအောင်ထွန်း-ဒေါ်ခင်ယုန်)တို့၏ သားသမက်၊ ဦးစိုးဝင်း-ဒေါ်စန်းရီ၊ ဒေါ်အေးသိန်းတို့၏ ညီ/မောင်၊ ဦးထွန်းရွှေ-ဒေါ်ကြည်သန်း၊ ဦးညွန့်တင်-ဒေါ်ငွေငွေဝင်း၊ ဦးမြင့်အောင်-ဒေါ်ယဉ်သင်း၊ ဦးတင်ငွေ-ဒေါ်သင်းသင်းမော်၊ ဒေါ်ကြည်စန်း၊ ဦးသန်းတင့်-ဒေါ်တင်မျိုးအေးတို့၏ အစ်ကို၊ ဒေါ်အေးသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုထိုက်စံ-မဇာနီဝင်း (ခေတ္တ-စင်ကာပူ)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မခွန်းဝသန်၏ အဘိုး ဦးလှညွန့်သည် ၇-၃-၂၀၁၄(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်စိုးညွန့်(သုံးခွ)
အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ ကြို့ကုန်းရိပ်သာ၊ တိုက်အမှတ် (၂၀)၊ အခန်း (၄)နေ (ဦးဘိုးလှိုင်-ဒေါ်ငွေမြိုင်)တို့၏ သမီး၊ (ဦးလူဝ-ဒေါ်အေးရှင်)တို့၏ သမီးချွေးမ၊ (ဦးဖေသိန်း)၏ဇနီး၊ (ဦးမောင်ဦး-မြင့်-ဒေါ်အေးအေးရွှေ)၊ ဦးအေးသိန်း-ဒေါ်တင်တင်ဦး၊ ဒေါ်ခင်မျိုးနွယ်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးလူအေး-ဒေါ်သင်းသင်းခိုင်၊ ဦးအောင်ကြွယ်-ဒေါ်ခင်သန်းအေး၊ ဦးမော်မော်သိန်း-ဒေါ်ခင်မေစီ၊ ဦးမွန်မွန်သိန်း-ဒေါ်ခင်မြတ်ခိုင်တို့၏ကျေးဇူးရှင်မွေးမိခင်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၇-၃-၂၀၁၄ (သောကြာနေ့) နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၄ (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၃-၂၀၁၄(ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးကျော်စိန် (၇၉)နှစ်
(ကျော်စိန်အားကစားဖိနပ်လုပ်ငန်း)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ မင်းကျောင်းလမ်း၊ အမှတ် (၁၂)နေ (ဦးတက်စိန်-ဒေါ်ကြည်)တို့၏ သား၊ ဦးချန်စိန်-ဒေါ်ညွန့်ကြည်တို့၏တူ၊ (ဦးရွှေ)-ဒေါ်ဒေါင်းရင်၏တို့ညီ၊ ဦးကျော်လွင်-ဒေါ်ခင်ဝင်းကြူ၊ ဦးကျော်လင်း-ဒေါ်ရင်ငွေ၊ ဦးကျော်ထွန်း-ဒေါ်ခင်မြဝင်းတို့၏အစ်ကို၊ (ဒေါ်ကျင်စန်း)၏ခင်ပွန်း၊ မစိုးစိုးမော်၊ ကိုကျော်ကျော်ဆန်း-မစိုးနှင်းအေးတို့၏ ဖခင်၊ မဆုဆုနိုင်၊ မောင်ကျော်ဘုန်းတင့်တို့၏အဘိုး၊ တူ/တူမ ၁၅ယောက်တို့၏ ဦးလေးသည် ၇-၃-၂၀၁၄ (သောကြာနေ့) ညနေ ၅း၂၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသန်းဝင်း (၇၂)နှစ်
(မိုးကြိုးလူထုသတင်းထောက်)

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့နေ ဦးမြင့်စိုး (နန္ဒာစိုး ဆင်ဖြူကျွန်း)-ဒေါ်ခင်မိုးနှင်း၊ ပြန်လွှင်ရပ်ကွက်နေ ဦးသောင်းညွန့်ရွှေ-ဒေါ်စောမြတ်မိုး (အမက မြို့မကျောင်းအုပ်)၊ ဒေါ်ရီရီဝင်း(မြောက်ရှားတော)၊ ဒေါ်ခင်ပြုံးနွယ်(အလပြဒါးဘူး)၊ ဒေါ်တင်တင်ခိုင် (အလကဒေါင့်ဘိုး)၊ ဒေါ်ခင်ချိုသက် (အထက-၃၊ သာကေတ)၊ မောင်လွှမ်းမိုးအောင်တို့၏ ဖခင်၊ မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး ဒေါ်အမာစိန်၏ ချစ်လှစွာသောခင်ပွန်း ဦးသန်းဝင်းသည် ၆-၃-၂၀၁၄(ကြာသပတေးနေ့) ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၄ (သောကြာနေ့) ညနေ ၃း၃၀နာရီတွင် သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
နယ်လှည့်ဓမ္မကထိက၊ အောင်ခြင်းဆရာတော်
ဘဒ္ဒန္တကုဏ္ဍလ(ကျွဲခြံ)
သိက္ခာတော်(၅၉)ဝါ၊ သက်တော်(၇၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ အရှေ့ဥယျာဉ်တိုက်၊ အောင်ခြင်းဝိပဿနာကမ္မဋ္ဌာန်းကျောင်း၏ ဦးစီးပဓာနနာယက ဆရာတော်၊ လင်းလွန်းရပ်ကွက် ကိုးနဝင်းကပ်ကျော်စေတီတော် ဗုဒ္ဓပူဇနိယ အဂ္ဂဗန္ဓ ပရိတ်အသင်း ဩဝါဒါစရိယ လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုက ဖြစ်တော်မူသော နယ်လှည့်ဓမ္မကထိက အောင်ခြင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍလသည် (၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်) ၆-၃ ၂၀၁၄ (ကြာသပတေးနေ့) ည ၁၀း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလပ်တော်ကို (၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၀ရက်) ၁၀-၃-၂၀၁၄ (တနင်္လာနေ့) ညနေ ၃ နာရီတွင် အန္တိမအဂ္ဂိဈာပနအခမ်းအနား ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှ လိုက်ပါပို့ဆောင်မည့်ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

တပည့်၊ သံဃာ၊ ဒါယကာ၊ ဒါယိကာမများနှင့်
ဈာပနကျင်းပရေးကော်မတီ

ဦးမောင်မောင်ကြီး(ပုသိမ်)
အသက်(၉၂)နှစ်

ပုသိမ်မြို့နေ ဦးထွန်းနု-ဒေါ်သိန်းမြိုင်တို့၏သား၊ ရဲမှူးကြီးကျော်စိုးလွင်(ငြိမ်း)-ဒေါ်သန်းသန်းထွေး၊ ဦးသိန်းဝင်း၊ ဗိုလ်မှူးကျော်ခင်(ငြိမ်း)-ဒေါ်စန်းစန်း၊ ဦးကျော်မျိုးလွင်(ဗဟိုတရားရုံးရှေ့နေ)တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘိုး ဦးမောင်မောင်ကြီးသည် ၈-၃-၂၀၁၄ (စနေနေ့) နံနက် ၁နာရီတွင် ပုသိမ်မြို့၊ အမှတ်(၁၉)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမောင်မောင်မြင့် (၈၇)နှစ်
(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း) (အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၂၁၁)၊ အခန်း(၂၄)၊ (၄)ရပ်ကွက်နေ (ဦးမြ-ဒေါ်မမလေး)တို့၏ သားကြီး၊ (ဦးကျော်ဇော-ဒေါ်ဖွားခင်)တို့၏သားသမက်၊ ဒေါ်ဆွေဆွေရည်၏ ခင်ပွန်း၊ (ဦးထွန်းရွှေ)-ဒေါ်ကြည်ကြည်မြ၊ (ဦးထွန်းဝင်း)၊ ဒေါ်ရီရီမြတို့၏ အစ်ကိုကြီး၊ ဦးဝင်းမြင့်-ဒေါ်နီနီ၊ ဦးအေးကျော်-ဒေါ်မြင့်မြင့်အေး၊ ဦးဝဏ္ဏမြင့်ဆွေ (Sawasdee Electronic Co., Ltd.)-ဒေါ်ကေခိုင်သန်း (KBZ ရွှေဂုံတိုင်ဘဏ်ခွဲ)၊ ဒေါ်နှင်းနန္ဒာမြင့်ဆွေတို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၇-၃-၂၀၁၄ရက် နံနက် ၈း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အမကြီး
ဒေါ်မိမိကြီး (၈၇)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၆၂)၊ တောင်ဇလပ်လမ်း၊ မြခွာညို(ဝါဝါဝင်း)အိမ်ရာနေ (ဦးဘသန်း-ဒေါ်ကြည်ကြည်)တို့၏သမီးကြီး၊ (ဦးဘထွန်း-ဒေါ်အေးတင်)တို့၏သမီးချွေးမ၊ (ဦးဝင်းဘော်)၏ဇနီး၊ ဒေါက်တာခင်ဇော်ဝင်း-ဒေါက်တာခင်မျိုးမြင့်၊ (Capt; သက်ဇော်ဝင်း-ဒေါ်တင်စန္ဒာ)၊ ဦးသန့်ဇော်ဝင်း၊ ဦးသွင်ဇော်ဝင်း၊ ဒေါ်ကလျာဝင်းဘော်၊ ဒေါ်ကဥ္စနာဝင်း-(ဦးမျိုးထွန်းအေး)၊ ဦးကိုကိုဇော်ဝင်း၊ ဦးအောင်ဇော်ဝင်းတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘွား ဒေါ်မိမိကြီးသည် ၅-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၄(တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အမကြီး
ဒေါ်မိမိကြီး (၈၇)နှစ်

ရန်ကုန်မြို့နေ ဦးဘမောင်၊ ဦးဘသန်း၊ ဒေါ်ကြည်ကြည်တို့၏သမီးကြီး၊ [ဦးဝင်းဘော်(နိုင်ငံခြားရေးရုံး)]၏ဇနီး၊ ဒေါ်မိမိလေး (ရွှေဟင်္သာဦးဘသန်း)၊ ဒေါ်မိမိအေး-ဦးတင်မောင်မောင်ကလေး၊ ဦးခင်မောင်ကြီး-ဒေါ်မြင့်မြင့်သန်း၊ ဦးထင်အောင် (ITD Co., Ltd.)-ဒေါ်သိန်းသိန်းစန်း၊ ဒေါ်မိမိထွေး-ဦးတင်ကြီးအောင်တို့၏အစ်မကြီး ဒေါ်မိမိကြီးသည် ၅-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမောင်/ညီမများ

ဦးစောလင်းအောင်(အယ်ဒီတာ) (၃၉)နှစ်
(မဇ္ဈိမသတင်းစာ၊ အိုအေစစ်ဂျာနယ် Myanmar Media Library)
(မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီဝင်)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုဒါပင်လမ်း၊ အမှတ်(၁၅)နေ ဦးအောင်မြင့်-ဒေါ်မေမန်းတို့၏သားကြီး၊ သာကေတမြို့နယ်၊ ရန်ပြေလမ်း (၂၀) အရှေ့၊ အမှတ်(၃၁)နေ ဦးတင်ထွန်း-ဒေါ်ခင်ဝင်းမာတို့၏ သားသမက်၊ ကိုစောမင်းအောင် (မြန်မာ့စိုက်ပျိုးရေး)-မပြုံးပြုံးလှိုင်၊ ကိုအောင်သူရ-ဒေါက်တာနှင်းဝေမွန်၊ ဗိုလ်ကြီးနိုင်အောင်ဖြိုး-မခင်လေးမွန်၊ ကိုကျော်စွာထွန်း-မဟေမာန်နှင်း၊ မောင်ဝေယံမင်းသစ်၊ မမြူနှင်းလာဘ်တို့၏အစ်ကိုကြီး၊ မဂျူလိုင်မိုး(အိုအေစစ်ဂျာနယ်)၏ခင်ပွန်း၊ မောင်လင်းလက်ျာ၊ မလင်းဒီသာတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်လင်းသန့်အောင်၊ မောင်အောင်မော်ကွန်းတို့၏ဘကြီး ဦးစောလင်းအောင်သည် ၈-၃-၂၀၁၄ရက် နံနက် ၉ နာရီတွင် Green Cross ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၄(တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [သာကေတနေအိမ်နှင့် မြန်မာလိုင်ဘရီ (၄၄)လမ်းမှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းအမကြီး
ဒေါ်ခင်သန်း (၈၅)နှစ်
(ကန်ရွာ)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ မြေနုလမ်း၊ အမှတ်(၂၁)၊ သုံးလွှာနေ (ဦးမြဟန်)၏ဇနီး၊ ဒေါ်သောင်းရင်၊ ကိုအောင်သွင်၊ ကိုမြင့်အောင်၊ ကိုတင့်အောင်-ဒေါ်ခေါနိဂျာ၊ (ဩစတြေးလျသံရုံး)၊ (ကိုသန်းအောင်)၊ မဝါဝါ(စကားဝါအလှပြုပြင်ရေး)၊ မအေးအေးသင်းတို့၏မိခင်၊ မခင်ဝင်းသိန်း၊ ကိုကိုနိုင်တို့၏ အဘွားသည် ၈-၃-၂၀၁၄ရက် နံနက် ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးချစ် (၆၅)နှစ်
(FITTER) WOO &HO CO.,Ltd. CDC .20543

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နေ (ဦးလှမြင့်-ဒေါ်နီ)တို့၏သား၊ (ဦးသန်းမောင်-ဒေါ်စီ)တို့၏ သားသမက်၊ ဒလမြို့နယ်၊ တံတားချောင်းစံပြရပ်ကွက်၊ (၂)လမ်းနေ ဒေါ်စန်းရီ၏ခင်ပွန်း၊ ဒေါ်သန္တာဦး၊ ကိုသန်းလွင်စိုး-မအေးသက်၊ ကိုသန့်ဇင်-မနန္ဒာအောင်၊ ကိုလှမျိုးဦး-မယဉ်ယဉ်အေးတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၈-၃-၂၀၁၄ ရက် နံနက် ၄နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၄(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (ဗိုလ်တထောင်ဆိပ်ကမ်းမှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

မြန်မာနိုင်ငံ၏ လူမှုဝန်းကျင်တွင် ထုံးတမ်းအစဉ်အလာ ယဉ်ကျေးမှုအရ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုနည်းပါး

နေပြည်တော်　　မတ်　　၈

လူ့သမိုင်းတစ်လျှောက် ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးအချို့သည် ကဏ္ဍပေါင်းစုံတွင် တန်းတူညီမျှ အခွင့်အရေးမရရှိကြသည့်အပြင် အစွန်းရောက်သောဒေသများ၌ နည်းမျိုးစုံဖြင့် ရက်စက်မှုများ၊ အကြမ်းဖက်မှုများ ယနေ့ထက်တိုင်ရှိနေဆဲဖြစ်ပါကြောင်း၊ ဤအခြေအနေဆိုးများမှ လွှန်မြောက်ရန် ခေတ်အဆက်ဆက် ကြိုးပမ်းလှုပ်ရှားခဲ့ကြပြီး အကျိုးရလဒ်အဖြစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ဟု ကမ္ဘာ့ပြက္ခဒိန်တွင် ပေါ်ထွန်းလာမှုသည် ဝမ်းမြောက်ဂုဏ်ယူကြရမည်ဖြစ်ပါကြောင်း၊ ၁၉၄၅ ခုနှစ် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် ၁၉၄၈ ခုနှစ် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတို့တွင် "အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရည်တူဖြစ်သည်" ဆိုသည့်မူကို ချမှတ်ထားပါကြောင်း၊ ဤအခွင့်အရေးများကို ပြည့်ပြည့်ဝဝမရရှိသည့် အမျိုးသမီးများသည် ကမ္ဘာ့နိုင်ငံအသီးသီး၌ ရှိနေဆဲဖြစ်ပါကြောင်း၊ သို့သော် မြန်မာနိုင်ငံ၏ လူမှုဝန်းကျင်တွင် ထုံးတမ်းအစဉ်အလာ ယဉ်ကျေးမှုအရ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုနည်းပါးပြီး ထောင်စုနှစ်ပန်းတိုင်၏ တတိယရည်မှန်းချက်ဖြစ်သော အမျိုးသား၊ အမျိုးသမီးဆိုင်ရာ တန်းတူညီမျှမှုမြှင့်တင်ပေးရေးနှင့် အမျိုးသမီးများဘဝ မြှင့်တင်ပေးရေးဟူသည့် ပန်းတိုင်လမ်းကြောင်းပေါ်တွင် မြန်မာနိုင်ငံသည် ရောက်ရှိနေပြီဖြစ်ပါကြောင်းဖြင့် ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းတို့၏ ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်းက ပြောကြားခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်းနှင့် ဧည့်သည်တော်များ အမျိုးသမီးသက်မွေးပညာသင်တန်းကျောင်းမှ ထုတ်လုပ်သည့် ဒေသထွက်ကုန်များအား လှည့်လည်ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

ယနေ့ မာတိကာ

မလေးရှားခရီးသည်တင် လေယာဉ်တစ်စင်း တောင်တရုတ်ပင်လယ်အတွင်းသို့ ပျက်ကျဖွယ် — စာမျက်နှာ - ၄

တောဆင်ရိုင်းများက လူများအား အန္တရာယ်ပေးမှုဖြစ်ပေါ် — စာမျက်နှာ - ၇

အက်ပ်ဖ်အေဖလားကွာတားဖိုင်နယ် အဲဟာတန်ကို အာဆင်နယ် လေးဂိုး-တစ်ဂိုးဖြင့်နိုင် — စာမျက်နှာ - ၁၃

နေပြည်တော်အသင်းငါးပွဲဆက်အနိုင်ရ

သတင်းနှင့် ဓာတ်ပုံ ➢ ရှိုင်းထက်ဇော်

နေပြည်တော်မှ ချမ်းချမ်းကို ရောဝတီမှ နန္ဒလင်းကျော်ချစ် တားဆီးနေစဉ်။

ရန်ကုန်　　မတ်　၈

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်(၆) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပသည်။

(အောင်ဆန်းကွင်း)
နေပြည်တော် - တစ်ဂိုး (ဒီပီဒီ)
ရောဝတီ - ဂိုးမရှိ

ပွဲဦးထွက်ပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့သော်လည်း နေပြည်တော်အသင်းမှာ နောက်ပိုင်းပွဲစဉ်များတွင် ဆက်တိုက်ခြေစွမ်းပြနေပြီး ငါးပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့သည်။ ရောဝတီအသင်းမှာ နိုင်ပွဲပြန်လည်ရရှိရေးအတွက် အားထည့်ကစားခဲ့သော်လည်း လေးပွဲမြောက်ရှုံးပွဲကြုံတွေ့ပြီး ဖိအားများပိုမိုတိုးတက်လာပြီဖြစ်သည်။ နေပြည်တော်အသင်းမှာ ပွဲဆက်များနေသော်လည်း အမှားအယွင်းမရှိသေးဘဲ ရလဒ်ကောင်းများ ဆက်တိုက် ရယူနေလျက်ရှိသည်။ နေပြည်တော် အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို

စာမျက်နှာ ၉ ကော်လံ ၁ သို့

လွှတ်တော်၏ အဓိကတာဝန်မှာ ဥပဒေပြုရေးဖြစ်
နိုင်ငံနှင့် နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းစေပြီး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနိုင်သည့် ဥပဒေများဖြစ်ရေး ကြိုးပမ်းဆောင်ရွက်နေ

နေပြည်တော်　　မတ်　　၈

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မတ် ၈ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ စိုက်ပျိုးရေးသုတေသနခြံခန်းမ၌ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သာယာဝတီ၊ မိုးညို၊ လက်ပံတန်းမြို့နယ်များမှ စီမံခန့်ခွဲရေးကော်မတီများ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားရန်နှင့် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်သည့် သက်ဆိုင်ရာအဖွဲ့အသီးသီး၏ ဆောင်ရွက်ချက်များကို သိရှိနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကို ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်မည်ဟူသော ရည်မှန်းချက်ချမှတ်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၌လည်း အတိအလင်းပြဋ္ဌာန်းထားပါကြောင်း၊ အဆိုပါ ပြဋ္ဌာန်းချက်အရ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပပြီး ရွေးကောက်ပွဲရလဒ်များကို မူတည်ကာ လွှတ်တော်များ ဖွဲ့စည်းခဲ့ပါကြောင်း၊ လွှတ်တော်က အုပ်ချုပ်ရေးအဖွဲ့၊ တရားရေးအဖွဲ့နှင့် အခြားအဖွဲ့အစည်းများကို တာဝန်ပေးရွေးချယ်ခဲ့ပါကြောင်း၊ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ထူထောင်ပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်

စာမျက်နှာ ၉ ကော်လံ ၁ သို့

ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရန် (၂၁) ရက်သာ လိုတော့သည်



ဖခင်အမည်မှန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်နုနုဝင်း [၁၂/မရက(နိုင်)၁၆၇၄၇၈]၏ ဖခင်အမည်မှန်မှာ ဦးဝင်းအောင်(ခ)ဦးလေးဝင်းအောင်ဖြစ်ပါကြောင်း။

ဦးဝင်းအောင်(ခ)ဦးလေးဝင်းအောင်

ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၂-၂၀၁၄ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၇)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ ဒေါ်မြသန်း+၂၏ ပိုင်ဆိုင်နှင့် အရောင်းမြေပုံကူးတွင် တာမွေမြို့နယ်အစား ရန်ကင်းမြို့နယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၁၆၊ မြေကွက်အမှတ်-၁၉၆/က၊ မြေကွက်တည်နေရာ-၁၉၆/က၊ သခင်ဖိုးလှကြီး(၂)လမ်း၊ (၁၈)ရပ်ကွက်၊ (ဦးတင်နွယ်)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်နွယ်ထံမှ အရပ်ကတိ အရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခင်ဝင်း[၁၂/လသယ(နိုင်)၀၄၀၃၄၁]က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ E.Oရုံးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာများ တင်ပြ၍ ဂရန်သစ် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း



အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် "ရွှေပဒုမ္မာ"သက်န်းတိုက်လုပ်ငန်းအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြမြဝင်း[၁၂/သဃက(နိုင်)၀၉၃၈၇၄]၏ မူပိုင်အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်း၌ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့သက်ဆိုင်သည့်စာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက စာချုပ်စာတမ်းရုံးတွင်တရားဝင်မှတ်ပုံတင်သွင်းမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်မြမြဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးမြင့်ထွန်း
G.T..I(EC),LL.B
အထက်တန်းရှေ့နေ(စဉ်-၂၄၅၅၂)
အမှတ်(၄၉)၊ ၆-လွှာ၊(ခ)၊ ၄လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၅၀၁၅၀၃၄

အမျိုး ဘာသာ သာသနာ ပြန့်ပွားရေးအတွက် စာမူပြိုင်ပွဲဖိတ်ခေါ်

အမျိုး ဘာသာ သာသနာ ချစ်မြတ်နိုးကြသည့် ဆရာတော်ကြီးများနှင့် စာပေပညာရှင်ကြီးများ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အမျိုး ဘာသာ သာသနာ တည်တံ့ပြန့်ပွားစေရန် ရည်သန်လျက် **"အမျိုး၊ ဘာသာ၊သာသနာပြု"** စာမူပြိုင်ပွဲကို ပထမအကြိမ်အဖြစ် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

ရေးသားရာ၌ ၁။ပိဋကတ်တော်လာ သာဓကအထောက်အထားများ ၂။ရာဇဝင်၊ သမိုင်းစာပေလာ ကျမ်းဂန်အထောက်အထားများ ကိုးကားပြီး တိုင်းချစ်၊ ပြည်ချစ်၊ အမျိုးချစ်စိတ်နှင့် တိုင်းပြု၊ ပြည်ပြု၊ သာသနာပြု စိတ်ဓာတ်များ တိုးပွားထက်သန်စေရန် ရည်ရွယ်ချက်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်ပါသည်။ **ပြိုင်ပွဲဝင်နိုင်သူများ-** ဤစာမူပြိုင်ပွဲကို ရဟန်း၊ ရှင်၊ လူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ **ပါဝင်ယှဉ်ပြိုင်ရမည့် ခေါင်းစဉ်များမှာ-**

၁။ အမျိုးစောင့်တရား(ဗုဒ္ဓအမြင်၊ မြန်မာ့အမြင်)
၂။ နိုင်ငံတော်အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဘာသာ၊သာသနာ။
၃။ နိုင်ငံတော်သမ္မတနှင့် ဘာသာတရား။
၄။ အမျိုးစစ်မှ မျိုးချစ်မည်။
၅။ ရဟန်းသံဃာနှင့်နိုင်ငံရေး။

အထက်ပါခေါင်းစဉ် ၅-ခုမှ မိမိတို့နှစ်သက်ရာခေါင်းစဉ်တစ်မျိုးမျိုးဖြင့် ရေးသားယှဉ်ပြိုင်ကြရပါမည်။

